# ၅

## ဒီမိုကရေစီ ညှိနှိုင်း သဘောတူညီချက် တရပ်အား ရေရှည် တည်တံ့စေခြင်း

ငြိမ်းချမ်းရေးသဘောတူညီမှုတရပ် မည်မျှတာရှည်ခံသနည်း ဟူသည့်အချက်မှာ ပဋိပက္ခပါတီများက သွေးစွန်းသော အကြမ်းဖက်မှုများကို မည်မျှရှောင်ရှားလိုသည့် ဆန္ဒအပေါ် မူတည်ပါသည်။

ကာလို့ဆန်တီဆို
ပီတာဟဲရစ်
ဒေးဗစ်ဘလွန်းဖီးလ်ဒ်

ဒီမိုကရေစီညှိနှိုင်းသဘောတူညီချက်တရပ်အား ရေရှည်တည်တံ့စေခြင်း

## ၅၊၁။ နိဒါန်း

ငြိမ်းချမ်းရေး သဘောတူညီချက်တရပ် ဆက်လက်အသက်ဝင် တည်ရှိနေရေးအတွက် လွှမ်းမိုးထားသော အခြားသောကိစ္စများထက် ပိုမိုအရေးပါသည့် ပြဿနာချက် ရှိရာ ယင်း ပြဿနာချက်မှာ ပဋိပက္ခ တွင်ပါဝင်နေသော ပါတီများ အဖို့ သွေးထွက်သံယိုဖြစ်ပွားမှု များဆီသို့ ပြန်ရောက်ရှိသွားမည့်ကိစ္စကို ရှောင်ကြဉ်လိုသည့်မောင်းနှင်အား ဆက်လက် ရှိလိုသည့် အတိုင်းအဆပေါ်တွင် မူတည်သည်။ ဤအဆိုးဆုံး အဖြစ်အပျက်ဆီသို့ ရှောင်ကြဉ်လိုသည့် အနေအထားကို ပါတီများက မောင်းနှင်အား ပေးခဲ့လျှင် အဖြေရရှိထားမှုသည် (တည်ဆောက်နေမှုသည်) ဆက်လက်တည်ရှိနိုင်ဖွယ် အလားအလာ ပိုမိုရှိပါသည်။အကယ်၍ ပါဝင်သူများအနက်မှ တဦးဦးက အင်အားဖြင့် အသုံးပြုခြင်းသည် ဒီမိုကရက် တစ်နည်းလမ်းဖြင့် ဆောင်ရွက်နေခြင်းထက် အောင်မြင်မှု အကြီးအကျယ် ရရှိလိမ့်မည်ဟု ထင်မြင် ယူဆပါက ဒီမိုကရေစီတည်ဆောက်မှုသည် ရှုံးနိမ့်သွားမည် ဖြစ်သည်။ ဒီမိုကရေစီသည် ပဋိပက္ခများကို ဖြေရှင်းရာတွင် အစဉ် အလာမဟုတ်သော နည်းလမ်းတရပ် ကို ဖော်ဆောင်ခြင်းဖြစ်သည် (ကမ်းလှမ်း ခြင်းဖြစ်သည်)။ သို့သော် ဒီမိုကရေစီစနစ်သည် ပြည့်စုံသည် မဟုတ်ပေ။ အခန်း(၄)တွင် ဆွေးနွေး သကဲ့သို့ ကြားဖြတ်အစီအစဉ်များ –ဥပမာအာဏာခွဲဝေရေး အစီအစဉ် များသည် ဒီမိုကရေစီ တည်ဆောက်မှုတရပ်၏ အတိမ်း အစောင်းမခံသော အစောပိုင်း လများနှင့်နှစ်များ အတောအတွင်း တွင် ပဋိပက္ခများတွင်ပါဝင်နေသော အဖွဲ့အစည်း များအား ဒီမိုကရေစီသို့ဦးတည်သည့် အခိုင်အမာ ရပ်တည်ချက်ကို ထိန်းသိမ်းနိုင်ရန် အတွက် မရှိမဖြစ် လိုအပ်မှုပင်ဖြစ်သည်။ သို့သော် ရေရှည်အတွက် ဒီမိုကရက်တစ် တန်းဖိုးများဆီသို့ အခိုင်အမာ ဆက်လက်ရပ်တည်မှုတရပ်အတွက်ကိုမူ မည်သည့် အစားထိုးခြင်းမှ မရှိပါ ။

> အကယ်၍ ပဋိပက္ခပါတီများက သွေးစွန်းသော အကြမ်းဖက်မှု များကို လုံးဝရှောင်ရှား လိုသည့် အခြေခံစေ့ဆော်ချက် ရှိပါက သဘောတူညီမှု ရေရှည်တည်တံ့နိုင်မည်။ သို့မဟုတ် ပဋိပက္ခပါတီများက သွေးစွန်းသော အကြမ်းဖက်မှု များမှ တစုံတရာ အမြတ်ထွက် နိုင်သည် ဟု ယူဆပါက ဒီမိုကရေစီပွဲတွင် မနွဲတော့ပဲ၊ သဘောတူညီမှုလည်း ရေရှည်တည်တံ့နိုင်ခြင်း မရှိတော့ပေ။

ဒီမိုကရေစီစနစ်ဆီသို့ ပုံစံချထားသည့်အတောအတွင်း လျော်ကန်သင့်မြတ်သည့် ဖော်ဆောင်သင့် ဖော်ဆောင်ထိုက်သော ဖွဲ့စည်းတည်ဆောက်မှုများ၊ သို့မဟုတ် ဆောင်ရွက်ပုံ နည်းလမ်းအဆင့်ဆင့် ကိုရွေးချယ်ခြင်းသည် ထိုတည်ဆောက်မှုအား ရှင်သန်ရန်နှင့် ရေရှည်အတွက် ဆက်လက်တည်တံ့ နိုင်ရန် နှစ်ရပ်စလုံးတွင် အရေးပါ လျက်ရှိသည်။ထို့ကြောင့် အလေးထားအာရုံစူးစိုက်မှု ပြုလုပ်သင့် သည့်နေရာတခုမှာ သဘော တူညီချက်တခုသည် ယင်းအား ထိုက်သင့်အားလျော်စွာ အကောင်အထည် ဖော်နိုင်ခြင်းနှင့် ရေရှည်တည်တံ့ခြင်းတို့အတွက် မပြုလုပ်နိုင်ပါက တန်ဖိုးမရှိ ဖြစ်တတ်သည်။ အမှန်စင်စစ်ရရှိပြီးသဘောတူညီချက်အတိုင်း ဖော်ဆောင်နိုင်မှုမရှိပါက ယင်းသည် ပထမအဆင့်တွင် သဘောတူညီချက် မည်သည့်အခါမှ မရရှိခဲ့သည်ထက် တည်ဆောက်မှုဖြစ်စဉ်အပေါ်တွင် ပိုမိုထိခိုက်မှု ဖြစ်စေသည်။ ယင်းနှင့်တဆက်တည်း အကောင်အထည် မဖော်နိုင်မှုသည် ပါတီများအကြား ယုံကြည်မှု ပျက်ပြားခြင်းနှင့် တဦးကိုတဦး အပြစ်ဖို့ခြင်း တို့ပေါ် ထွက်လာနိုင်သည်။ ဤကိစ္စသည် ဖြစ်စဉ်တရပ် လုံးကို အဟန့်အတားဖြစ်စေသည်။ အင်ဂိုလာနိုင်ငံတွင် ဘစ်ဆီဆီသဘောတူညီချက် ပျက်ပြားပြီး နောက်ဆက်တွဲဖြစ်စဉ်များတွင် ဂျိုးနက်စ်ဆန်ဘင်ဘီ သည် ပဋိပက္ခပြီးဆုံးပြီးနောက် ၁၉၉၂ခုနှစ် ပထမဆုံးရွေးကောက်ပွဲ၏ရလာဒ်ကို လက်ခံရန်

ငြင်းပယ်ခဲ့သည်။ အာဏာကို အင်အားဖြင့်ရရှိရန် ကြိုးပမ်းမှုတရပ်အဖြစ် စစ်ပွဲပြန်စခဲ့သည်။ နောက်ဆက်တွဲအားဖြင့် လူဦးရေသုံးသိန်းခန့်မျှ သေဆုံးမှု ရလာဒ်ပေါ်ထွက်ခဲ့သည်။ ရဝမ်ဒါနိုင်ငံတွင် ၁၉၉၄ခုနှစ်၌ ဟူတူအစွန်းရောက်များ က အာရူရှငြိမ်းချမ်းရေးသဘောတူညီချက် ကို ငြင်းပယ်ခဲ့ရာတွင် ဆင့်ကဲဖြစ်စဉ်အားဖြင့် ရဝမ်ဒါလူမျိုး တစ်သန်း ခန့် လူမျိုးပြုတ်သတ်ဖြတ်ခံ ခဲ့ရသည်။ ထို့ကြောင့် သဘောတူညီချက် တရပ်တည်ဆောက်ရာတွင် ဆက်လက်တည်ရှိရန်နှင့် ရေရှည်တည်တံ့ရန် အထူးသဖြင့် ဖြစ်စဉ်တရပ်လုံး၏ အစောပိုင်း အကူး ပြောင်းကာလအဆင့်တွင်၊ အထိမခံဆုံးအခြေအနေ ဖြစ်ရာ ယင်းတို့ကို သေချာမှုရှိစေရန် ဆောင်ရွက် ခြင်းမှာ အလွန်အရေးပါသည်။

သဘောတူညီချက်တရပ်ရရှိပြီးသည်နှင့်တပြိုင်နက် အသွင်ကူးပြောင်းရေးအဆင့်တခု အကောင်အထည်ဖော်ခြင်းစတင်သည်ဖြစ်ရာ ကျယ်ပြန့်သောဖြစ်စဉ်တရပ်လုံး၏ ရေရှည်တည်ရှိမှုနှင့် ဖွဲ့စည်းတည် ဆောက်ပုံများအပေါ် ရေရှည်တည်တံ့နိုင်ခြင်းများ တို့တွင် သက်ရောက်မှုရှိစေသည့် စိန်ခေါ်မှုများနှင့် အတားအဆီးများ ကို စစ်ဆေးကြည့်ရှုရန်မှာ ဤအခန်း၏ရည်ရွယ်ချက်ပင်ဖြစ်သည်။ အချို့သော နိုင်ငံများတွင် သဘောတူညီချက်များ ရရှိပြီး အင်အားသုံးစွဲသည့် ပဋိပက္ခများ ပြီးဆုံးသွားသည့်တိုင် သဘောတူညီချက်အပေါ် အကောင်အထည်ဖော်သည့် (သို့မဟုတ် အကောင်အထည်ဖော်ခြင်း မရှိသည့်) အပြုအမူများသည် နေရာချထားတည်ဆောက်မှုကို အင်အားချိနဲ့စေသည်။ ဥပမာအားဖြင့် ၁၉၉၃ခုနှစ် ဝါရှင်တန်ဒီစီတွင် ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့နှင့် အစ္စရေးနိုင်ငံတို့အကြား လက်မှတ်ရေးထိုးခဲ့သည့် အော့စလို သဘောတူညီချက် နှင့် အခြေခံမူများကြေငြာစာတမ်း တွင် ပါတီ နှစ်ရပ်စလုံး၏စိတ်ဝင်စားမှုနှင့်အကျိုးစီးပွားများကို ဖြေရှင်းပေးသည့် တိကျသောအကောင်အထည်ဖော်မှုကာလများ အတွက် ဘောင်သတ်မှတ်မှုတရပ်ကို အသေးစိတ်ဖော်ပြထားပါသည်။ ကံမကောင်းစွာပင် အဓိကသော့ချက် ဖွဲ့စည်းတည်ဆောက်မှုများ၏ လုပ်ငန်းဆောင်ရွက်ခြင်းများ အပါအဝင် အကောင်အထည်ဖော်ခြင်းတွင်၊ မေ၊ ၁၉၉၆ခုနှစ် လီကွပ်အစိုးရ ရွေးကောက်ခံရခြင်းမှစတင်ပြီး၊ ယင်း အကောင်အထည်ဖော်မှုတွင် အကြောင်းမထူးတော့သည့် အတူတူ၊ ပကတိအခြေအနေကို လက်ခံလိုက်သကဲ့သို့၊ ရပ်ဆိုင်းမှုတရပ် ဖြစ်ပေါ်ခဲ့သည်။ ငြိမ်းချမ်းရေးဖြစ်စဉ်အား ဆက်လက်ရှင်သန်စေရန် ထပ်ဖန်တလဲလဲ ကြိုးပမ်းမှုများ ဖြစ်ပေါ်ခဲ့သည်။ ထိုသို့သော ငြိမ်းချမ်းရေး သဘောတူညီချက်များ၏ အသက်ဝင်မှုနှင့် တရားဝင်မှု မှာ ပါတီအဖွဲ့အစည်းများ၏ တာဝန်ခံဖော်ဆောင်မှုအပေါ် မူတည်လျက် ရှိသည်။ ယခုအခါ ယင်းတာဝန်ခံယူမှုအပေါ်တွင် သံသယရှိမှု တိုးတက်များပြားနေဆဲဖြစ်သည်။

တိတိကျကျပြောနိုင်သော ကိစ္စရပ်အချို့တွင် အကောင်အထည်ဖော်မှုသည် အန္တရာယ်ရှိသောအုပ်ချုပ်မှု နယ်မြေတွင် နှံ့နှစ်သကဲ့သို့ ဖြစ်လာတတ်သည်။ ထို့အတူ အကောင်အထည်ဖော်မှုကို လာဘ်ပေး လာဘ်ယူမှု အလေ့အထများက ခြိမ်းခြောက်မှုပြုလုပ်ထားကြသည်။ သို့မဟုတ် ယင်းအဖြစ်အပျက် များမှသည် အလွန်အကျွံဗဟိုချုပ်ကိုင်မှု စနစ်တရပ်ဆီသို့၄င်း၊ အာဏာပေါ် စူးစိုက်ခြင်းဆီသို့၄င်း ၊ ဦးတည်ဖြစ်ပွားစေသည်။ စနစ်တကျဖွဲ့စည်းထားသော ဒီမိုကရက်တစ်အဆောက်အအုံများ၏ အခန်းသည်၊ အစိုးရ၏လုပ်ငန်းများလည်ပတ်စေရန်နှင့် ပိုမိုကြီးမားကျယ်ပြန့်သော လူ့အသိုင်းအဝိုင်းတရပ် အား၊ ပုံမှန်လည်ပတ်မှုပြုစေရန် သေချာရေရာစေရုံမျှမက၊ အစိုးရ၏ အာဏာနှင့် လွှမ်းမိုးမှုများအပေါ် စစ်ဆေးမှုတရပ် ၊ ပြုမူဆောင်ရွက်နိုင်ရန်အတွက်လည်း၊ ဗဟိုချက်မဖြစ်လာသည်။ လန်ဒန်တွင် ၁၉၈၀ခုနှစ် ကလန်ကစ္စတာလွှတ်တော်ဆိုင်ရာ သဘောတူညီမှုတရပ် ၏ရလာဒ်အနေဖြင့် လူနည်းစု လူဖြူအုပ်ချုပ်မှု လက်အောက်မှ

၅၊၁။ နိဒါန်း

ဇင်ဘာဘွေနိုင်ငံခေတ်သစ်တရပ်၏ အာရုံဦးအချိန်ကဲ့သို့ ချီးကျူး နိုင်သည့် ဥပမာ တရပ်ဖြစ်ခဲ့ပါသည်။၁၈နှစ်ကြာပြီး နောက်ဇင်ဘာဘွေနိုင်ငံတွင် ခြစားမှု၊ ဆွေစုမျိုးစုများ အပေါ် အလေးပေးမှုနှင့် စီမံအုပ်ချုပ်ရေးဆိုင်ရာ ညံ့ဖျင်းမှုတို့ ပါဝင်ပတ်သက်နေသော စဉ်ဆက်မပြတ် သော အရေးအခင်းရှုတ်ထွေးမှုများ နှင့် ပြည့်နှက်နေပြီး ပြည်တွင်းပဋိပက္ခ ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်အခြေအနေမှာ မြင့်မားလာလျက်ရှိသည်။

ထိုသို့ အလားတူ အန္တရာယ်တရပ်လည်း ရှိသည်။ ယင်းမှာ အဆောက်အအုံများ၏ အကြောင်းအရာပေါ်မူတည်ပြီး၊ ပုံစံဖွဲ့စည်းမှု ၊အပေါ်တွင် အသေးစိတ်သဘောတူညီမှု များ၊ ပြုလုပ်လိုသည့် အချက်ကို အလွန်အမင်းအလေးထားခြင်းပင်ဖြစ်သည်။ သို့မဟုတ်၊ ဤသို့သောအဆောက်အအုံများ လုပ်ငန်းဆောင်ရွက်မှုသေချာစေရန်အတွက်ဆိုကာ ဒီမိုကရက်တစ်ပုံစံဘောင်ချထားမှုကို ကျော်ထောက်နောက်ခံပြုနိုင်သည့်အခြေခံပေါ်တွင် ဖွဲ့စည်းထားကြခြင်းဖြစ်သည်။ ဥပမာအားဖြင့် သဘောတူညီချက်တရပ်တွင်၊ အခါအား လျော်စွာ ဒီမိုကရက်တစ်ရွေးကောက်ပွဲများအတွက် ပြဋ္ဌာန်းချက်များ ပါဝင်နေ တတ်သည်။ မည်သို့ဆိုစေ ရွေးကောက်ပွဲများသက်သက်သည် ဒီမိုကရက်တစ် ရလာဒ်တရပ် ကို အာမခံနိုင်လိမ့်မည်မဟုတ်ပါ။ ပါဝင်ပတ်သက်သည့်၊ ယှဉ်ပြိုင်မှုရှိသည့်၊ နိုင်ငံရေး ဖြစ်စဉ်များ၏ အခြားသောအစိတ်အပိုင်းများက၊ ကစားကွင်းကို ညီညွှန်းမှု တရပ် အာမခံနိုင်ရန်အတွက်၊ နေရာယူထားခြင်း မရှိပါက၊ ရွေးကောက်ပွဲများပေါ်တွင် မူလသဘောတူညီချက်သည် ဘာမှဖြစ်လာ နိုင်မည် မဟုတ်ပါ။

အလားတူပင်ရွေးကောက်ပွဲတရပ်သည် ယခင်ကအတိုင်းပင် တည်ရှိနေသော အာဏာဆိုင်ရာ မညီမမျှ ဖြစ်မှုများ ကို၊ အတည်ပြုပေးရုံသက်သက်မျှဖြစ်လျှင်၊ ထိုအတူ လက်ရှိအခြေအနေပေါ်တွင် ဆက်လက်ခိုင်မာစေရန် အတွက်မျှသာဖြစ်လျှင်၊ ဒီမိုကရက်တစ်ဖြစ်စဉ်ကို ရှေ့သို့ ဆက်လက်တိုး နိုင်မည်မဟုတ်ပေ။ ပညာရှင် တယောက်က၊ အာဖရိကတိုက်၏ ဒီမိုကရေစီတည်ဆောက်မှုလှိုင်းကို အောက်ပါအတိုင်း ကောက်နုတ်ဖော်ပြခဲ့သည်။

ဤတိုက်သည် ပါတီစုံရွေးကောက်ပွဲများအပေါ် အလွန်အကျွံအလေးအနက်ပြုထားခဲ့သည်။ ထို့အပြင် လစ်ဘရယ်အုပ်ချုပ်ခန့်ခွဲမှုအောက်တွင်ရှိ အခြေခံအဆိုအမိန့်များ ကင်းမဲ့နေ လျက်ရှိသည်။ ဤသို့အားဖြင့် တရားဝင်အခြားသူများနှင့် သဘောတူညီချက်ရရန် ဆန္ဒရှိမှု များသည် ဒေသကြီး အတွင်းတွင် ဖြစ်ရိုးဖြစ်စဉ်ဖြစ်နေသည်၊ သို့သော် အမှန်တကယ် ပြောင်းလဲမှုများ – “နိုင်ငံရေးဆိုင်ရာ ဖွဲ့စည်းတည်ဆောက်ပုံများ၊ အဆောက်အအုံများ၊ လုပ်ရှားပုံ ပုံစံများနှင့် ရည်မှန်းချက်များ အပေါ်တွင်” တမဟုတ်ခြင်းနှင့် အခြေခံကျသော ပြန်လည် ဖွဲ့စည်းမှုများကို အထင်အရှားမြင်တွေ့ရမှုများမှာ အလွန်အမင်းနည်းပါးပြီး တခုနှင့်တခု ကြားတွင်လည်း ဝေးကွာလျက်ရှိသည်။

ပါဝင်ပတ်သက်သောအဖွဲ့အစည်းများတွင် ပြောင်းလဲနေသောလိုအပ်မှုများနှင့် အကျိုးစီးပွားများသည် လည်း အဖြေရှာတည်ဆောက်မှုတရပ်၏ ရေရှည်တည်တံ့နိုင်မှု အပေါ်တွင် သက်ရောက်မှုများ ရှိသည်။ သတ်သတ်မှတ်မှတ် အဖွဲ့အစည်းတရပ်က မူလထဲက ဆောင်ရွက်ဖြေရှင်းနိုင်ရန် ဖွဲ့စည်း တည်ဆောက်ထားသည့် စိတ်ဝင်စားမှု များသည် ပြောင်းလဲကောင်းပြောင်းလဲနိုင်သည်၊ သို့မဟုတ် ပျောက်ကွယ်သွား နိုင်သည်။ ဥပမာအားဖြင့် ဒီမိုကရေစီစနစ်ဆီသို့ အသွင်ကူးပြောင်းမှုကာလ တရပ် အတွက်၊

ဥပဒေပြုလွှတ်တော်တွင် ပါဝင်မှုတရပ် သေချာစေရန် ပထမဆုံးအကြိမ်မျိုးဆက်သစ် ရွေးကောက်ပွဲတရပ် တွင် အချိုးကျကိုယ်စားပြုခြင်းစနစ် သည် လိုအပ်နေသလို၊ လျော်ကန်သင့်မြတ် မှုလည်းရှိသည်။ သို့သော် ဒီမိုကရက်တစ်စနစ် စုစည်းကျစ်လျစ်ခြင်း၊ အတွက် နောက်ဆက်တိုက်လိုအပ်မည့်ကိစ္စတွင်မူ၊ ရွေးကောက်ပွဲဆိုင်ရာ အာမခံ အကောင်အထည်ပြုနိုင်မှု၊ သို့မဟုတ်၊ ပထဝီ အနေအထားအရ ကိုယ်စားပြုခြင်း တွင် ပိုမိုကျယ်ပြန့်သော ဒီဂရီတရပ်အထိ ရရှိရန်၊ လိုအပ်ကောင်း လိုအပ်ပေလိမ့်မည်။ ထို့အတူ ဤသို့အားဖြင့် ရောနှောနေသောစနစ်၊ ကွဲပြားခြားနားသောစနစ်တရပ် ပြဌာန်းရန်၊ ဖြစ်နိုင်ချေတရပ်လည်း၊ လိုအပ်ပေလိမ့်မည်။ တောင်အာဖရိက နိုင်ငံတွင်ရှိသော အမြဲတမ်း အသုံးပြုနေသည့် ရွေးကောက်ပွဲစနစ်တရပ်ကို ရွေးချယ်ရန်၊ အချေအတင်ပြောဆိုမှုမှာ ထိုသို့သော ကွဲပြားခြားနားသည့် လိုအပ်မှုများအကြား၊ တင်းမာမှု၏ အကောင်းဆုံးဥပမာတရပ်ဖြစ်ပါသည်။ အလားတူပင် ဤလက်စွဲစာအုပ် တွင်၊ ဖော်ပြခဲ့သည့် မြောက်များစွာသောလုပ်ထုံးလုပ်နည်း၊ နည်းစနစ် များသည် ဥပမာ– အာဏာခွဲဝေခြင်း၊ စီစဉ်ဆောင်ရွက်မှုများ ကဲ့သို့ကို၊ ဖြစ်စဉ်၏တစုံတရာသော အဆင့်တွင် ယာယီအသုံးပြုနိုင်ပါသည်။ ထိုသို့အသုံးပြုရန်လည်း၊ အခြားအချက်အလက်များကို စွန့်လွှတ်ရမည်ဖြစ်ပါသည်။ အချိန်နှင့်အမျှ ဦးစားပေးခြင်းနှင့် လက်ခံနိုင်မှုများ သည် ပြောင်းလဲနေမှု ရှိသည်။ ထို့အတူ လုပ်ငန်းဖော်ဆောင်ခြင်းများပြုရာတွင် သင့်တော်လျောက်ပတ်သော ပျော့ပြောင်းမှု ဒီဂရီတရပ် ဖြင့် တည်ဆောက်ခြင်းအားဖြင့် ဤကိစ္စကို တုန့်ပြန်မှုပြုခြင်းဖြစ်ရမည်။

လက်ရှိ အကဲခတ်စစ်ဆေးမှုများတွင် တာဝန်ရှိမှုနှင့်သဘောတူညီမှုတရပ်အပေါ် ထောက်ခံမှုတို့သည် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် လူအသိုင်းအဝိုင်းတွင် အစိတ်အပိုင်းများအဖြစ်ပါဝင်သောကဏ္ဍများ အပေါ်တွင် ပထမဦးစွာတည်ရှိသည်။ ဒုတိယအားဖြင့် တာဝန်ရှိသူမှာနိုင်ငံတကာ အသိုင်းအဝန်း ဖြစ်သည်၊ ဤလုပ်ငန်းရပ် အတွက် နိုင်ငံတကာအသိုင်းအဝိုင်းတွင် အခြေခံကျစွာ တာဝန်ရှိသည်ဟူ သော ကျယ်ကျယ်ပြန့်ပြန့်လက်ခံထားမှုတရပ်သည် နက်ရှိုင်းစွာ အမြစ်တွယ်နေသော ပဋိပက္ခတရပ်မှ ပေါ်ထွက်လာသည့် နိုင်ငံများတွင် ပြည်တွင်း၌လုပ်ကိုင်နိုင်မှုစွမ်းရည်နှင့် အရင်းအမြစ်များ မကြာခဏ ဆိုသလို ကင်းမဲ့နေခြင်း မှ ပေါ်ထွက်လာခြင်းဖြစ်သည်။ ထို့အပြင် ယင်းအယူအဆသည် နိုင်ငံတကာ အသိုင်းအဝိုင်းက အပြည့်အဝ ဆောင်ရွက် ပေးရန်ဟူသော ရှုမြင်ခြင်း မှပေါ်ပေါက်လာခြင်းဖြစ်သည်။ သို့သော် ပြည်တွင်းပိုင်း၌ တာဝန်ရှိမှုတရပ်သည်၊ သဘောတူညီချက်မှ ထိုသို့ ဝေးကွာလာသည့်အခါ တွင်၊ အန္တရာယ်ကြီးလှသည်။ ယင်းကွာဝေးမှုမှ နိုင်ငံရေးပါတီများအား စွမ်အားလျော့ကျမှု တရပ်ဆီသို့ ဦးတည်ဖြစ်ပေါ်နေသည်။ ဤသို့ဖြင့် နိုင်ငံရေးပါတီများသည် သဘော တူညီချက် နှင့် ၄င်းတို့အကြား ဖယ်ခွာထားလေ့ရှိသည်။ အကျိုးအားဖြင့် အဓိက ကျသော တာဝန်ရှိမှုများတွင် လျစ်လျူရှုမှုများ ဖြစ်ပေါ်သည်။ နိုင်ငံတကာ အသိုင်းအဝိုင်းသည် ကနဦးအဆင့်များတွင် ကူညီမှုပြုနိုင်ပါသည်။ သို့ရာတွင် ၄င်းတို့သည် ဖြေရှင်းမှုများကို ရေရှည်တွင်၊ အာမခံနိုင်မှု ပြုနိုင်မည်မဟုတ်ပါ။ ဥပမာ အားဖြင့် ဟေတီ နိုင်ငံတွင် အါရစ်စတက်အစိုးရ အာဏာပြန်လည်ရရှိပြီးနောက်ပိုင်း ၁၉၉၅ခုနှစ်တွင် လူ့အသိုင်း အဝိုင်းအား ပုံမှန်ပြန်ရောက်စေသည့်အပိုင်းအဖြစ်၊ ရွေးကောက်ပွဲများကို စီစဉ်ထားရှိကြသည်။ ဤရွေးကောက်ပွဲများကို ဦးတည်သော အချိန်ကာလသတ်မှတ်ချက်နှင့် လုပ်ငန်းဖြစ်စဉ်များသည် ဟေတီလူမျိုးများအကြားတွင်၊ စိုးရိမ်မကင်း စိတ်ဝင်စားမှုဖြစ်ပေါ်စေသည်။ ယင်း၏အကျိုးဆက်ဖြင့် ရွေးကောက်ပွဲ ကာလတွင် တူညီသောအမြင်တရပ် ပေါ်ထွက်လာခဲ့သည်။ ယင်းအမြင်မှာ နိုင်ငံတကာ အသိုင်းအဝိုင်းက ရွေးကောက်ပွဲများပေါ်တွင်၊ ဤမျှအထူးစိတ်ဝင်စားနေပါက၊ နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် သူတို့အတွက်ပေးရမည်၊ ထို့အတူ သူတို့အား

စည်းရုံးသင့်သည်ဟု၊ ထင်မြင်ယူဆလာကြသည်။ ပါဝင်ပတ်သက်သော နိုင်ငံရေးပါတီများက ဒီမိုကရက်တစ်ငြိမ်းချမ်းရေးဖြစ်စဉ်ဆီသို့ ပိုင်ဆိုင်ခြင်းနှင့် အခိုင်အမာရပ်တည်ခြင်း တို့သည် ဖြေရှင်းမှုတရပ်ကို ရေရှည်ခံနိုင်ရန် အလွန်အရေး ပါသည်ကိုတွေ့ရှိရသည်။ ဤသို့ ဆိုခြင်းဖြင့် နိုင်ငံတကာအထောက်အပံ့များကို ရပ်ဆိုင်း(လျှော့ချ)ပစ်ရမည်ဟု မဆိုလိုပါ။ သို့သော် ပါဝင်ပတ်သက်သောနိုင်ငံ၊ သို့မဟုတ်၊ ပါတီအဖွဲ့အစည်းများအဖို့ ၎င်းတို့၏အရင်းအမြစ်များနှင့် စွမ်းဆောင်နိုင်မှုများက ခွင့်ပြုသည့်အတိုင်းအဆပမာဏမျှ၊ ၎င်းတို့၏ ကိုယ်ပိုင်ဖြေရှင်းမှုအား အကောင်အထည်ဖော်ရန်နှင့်ရေရှည်တည်တံ့ရေးအတွက်၊ ၎င်းတို့၏တာဝန် ဝတ္တရားဖြစ်သည်ဟု၊ ခံယူသင့်ကြောင်းအတိအလင်းဖော်ပြသည်။ နိုင်ငံတကာလူ့အသိုင်းအဝိုင်းသည်၊ ငြိမ်းချမ်းရေးအဖြေရှာမှုများကို အထိုက်အလျောက် အကန့်အသတ်အချိန်တခုတွင် ထောက်ခံမှုပြုလိုပေသည်။ ၎င်း၏ဦးစားပေးမှုများနှင့် အကျိုးစီးပွားများ ပြောင်းလဲသည်နှင့် ၎င်း၏အထောက်အပံ့များကို အလျင်အမြန်လျှော့ချခြင်းနှင့် အဆုံးသတ်ရပ်ဆိုင်းခြင်းတို့ကိုပြုလုပ်ကြသည်။ ကျွန်ုပ်တို့၏ ယင်းသို့ သော သဘောတူညီချက်တရပ်၊ ရေရှည်ခိုင်ခံ့ခြင်းကိစ္စရပ်ပေါ် စစ်ဆေးကြည့်ရှုရာတွင်၊ လိုက်လျော ညီထွေပင်၊ ကျွန်ုပ်တို့သည်ပြည်တွင်းနှင့်ပြည်ပ နှစ်ရပ်စလုံး၏ ရေရှည်ခံနိုင်သည့် ဖြေရှင်းမှုတရပ် တည်ဆောက်ခြင်းအပေါ်၊ အမြင်များ ၊အပေါ်၊ ကြည့်ရှုလေ့လာကြမည်ဖြစ်သည်။ ဤသို့သော လေ့လာမှုဖြစ်စဉ်တရပ်ကို ဒီမိုကရေစီကို တာရှည်ခံစေခြင်း၊ သိပ်သည်းကျစ်လစ်စေခြင်း ၊ စသည်တို့မှ ခွဲခြားရှုမြင်သင့်ပါသည်။ ဤကိစ္စရပ်နှစ်စလုံးသည်ပင်လျှင် ဤလက်စွဲစာအုပ်တွင်အလွန်ကျယ်ပြန့်ပြီး ပိုမိုရှုပ်ထွေးသော ခေါင်းစဉ်တရပ်ဖြစ်ပါသည်၊ထို့ကြောင့် ဤအခန်းကဏ္ဍတွင် အစိတ်အပိုင်းတခုမျှကိုသာ ဖော်ပြဖြေရှင်းနိုင်မည်ဖြစ်သည်။

## ၅ ၊ ၂။ သဘောတူညီချက်များ ရေရှည်တည်တံ့စေမည့် အခြေခံမှုများ

အသစ်တည်ဆောက်လာသော၊ ဒီမိုကရေစီနိုင်ငံများ မှာ မွေးရာပါအရပင်၊ အက်ကွဲလွယ်ကြသည်။ (အထိမခံဖြစ်ကြသည်။) အစိုးရဖွဲ့စည်းပုံစနစ်တရပ်၊ အသစ်ရေးဆွဲသည်နှင့် တပြိုင်နက်၊ ယင်းကို သဘောတူညီပြီး၊ အကောင်အထည်ဖော်ရာတွင်၊ ဦးစားပေးမှုမှာ၊ ယင်းကို ကျစ်လျစ်သိပ်သည်း ခိုင်မာအောင်ပြုလုပ်ခြင်း၊ ဖြစ်သည်။ ပညာရှင်များအလိုအရ၊ ဒီမိုကရက်တစ်ဖွဲ့စည်းတည်ဆောက်ပုံများ အနေဖြင့်၊ လူ့အသိုင်းအဝိုင်းတွင် ဖွဲ့စည်းချထားဆောင်ရွက်မှု အလွန်ပင်ပိုပြင်လာရာ၊ အုပ်ချုပ်မှုဆိုင်ရာ အခြားနည်းလမ်းပုံစံများကို၊ မစဉ်းစားမိလောက်အောင်ဖြစ်လာလျှင်၊ ပြီးပြည့်စုံသော ကျစ်လျစ်သိပ်သည်းမှု၊ ကျစ်လစ်ခိုင်မာမှုရရှိပြီဟု ပြောဆိုကြသည်။ တိုတိုနှင့်လိုရင်းပြောရလျှင်၊ ဒီမိုကရေစီသည် မြို့ပြများတွင် ကစားနေကျကစားပွဲမျိုး ဖြစ်လာသည့်အခါမျိုးကိုဆိုလိုသည်။ အပြုအမူဆိုင်ရာဘက်မှ ဆန်းစစ်လျှင် လူ့အသိုင်းအဝိုင်းတွင်ရှိသိသာထင်ရှားသော မည်သည့်အုပ်စုကမျှ တစုံတခုသော အလားတူပြောင်းရွှေ့မှုတရပ်ကို ဖန်တီးရန် တက်ကြွစွာ ကြုးပမ်းဆောင်ရွက်မှု မရှိတော့ပေ၊သို့မဟုတ်တည်ဆောက်ထားသည့်စနစ်မှ ခွဲထွက်ရန် ကြိုးပမ်းမှုမပြုတော့ပေ။စိတ်နေစိတ်ထားအမြင်ဘက်ကမူ လူ့အသိုင်းအဝိုင်းအများစုကြီးသည် မည်သည့်ကြီးမားသော ပြဿနာများ ပေါ်ပေါက်လာပါစေ၊ ဤဒီမိုကရက်တစ်စနစ်၏တည်ရှိနေသော ဘောင်အတွင်းတွင်ကိုင်တွယ်နိုင်ခြင်း ပြုနိုင်သည်ဟု ယုံကြည်မှုပြုလာကြသည်။ အခြေခံဥပဒေဆိုင်ရာအမြင်ဘက်ကမူ ပဋိပက္ခကိုကိုင်တွယ်ရာတွင်၊ အသစ် ပြုလုပ်ထားသော သတ်မှတ်ချက်များ၊ ဥပဒများနှင့်ဖွဲ့စည်းဆောင်ရွက်မှုများသည် နိုင်ငံရေးပုံစံ ဖွဲ့စည်း တည်ဆောက်မ
၂၊ ထဲတွင်၊ ပါဝင်ရှိနေပြီးဖြစ်သည်ဟု ရှုမြင်သည်။

သဘောတူညီမှု ရေရှည်တည်တံ့ခြင်း ရှိမရှိကို တိုင်းတာနိုင်သည့် လက္ခဏာများမှာ ပွင့်လင်းမှု၊ အကောင်အထည်ပြုနိုင်မှု၊ နှင့် အားလုံးပါဝင်နိုင်မှု ဒီဂရီများပင် ဖြစ်သည်

သို့သော် ထိုသို့သော အဆင့်ဆင့်ကူးပြောင်းဆောင်ရွက်မှုတရပ်သည်၊ အချိန်

အတော်ကြာ၊ ယူတတ် သည်။ ထိုသို့သော ပြည့်ဝစွာဖြစ်ပေါ်သည့် အနေအထားမျိုး ရောက်ရှိအောင် ဖြေရှင်းမှုနှင့်စနစ်၏ နောက်ဆက်တွဲဖြစ်ရပ်များတို့သည် မည်သည့် နေရာတွင် မိမိဘာသာရပ်တည်ဆောင်ရွက်နိုင်မှု ဖြစ်လာမည်နည်းဟု မေးခွန်းထုတ်စရာ ဖြစ်သည်။ အဖြေ၏အပိုင်းတရပ်မှာ တည်ဆောက်ထားပြီးသော ဖွဲ့စည်းတည်ဆောက်ပုံ များအား ကာကွယ်စောင့်ရှောက်ခြင်း တွင် မူတည်နေသည်။ ဤသို့ ဆောင်ရွက်ခြင်း အားဖြင့် ၄င်းတို့တွင် လူ့ဘောင်အသစ်တရပ်၏ ယက်လုပ်တည်ဆောက်မှုထဲသို့ ၄င်းတို့ ဘာသာအမြစ်တွယ်ရန် အချိန်ရရှိမည်ဖြစ်သည်။ ထိုသို့ကာကွယ်စောင့်ရှောက်မှုသည်၊ ကနဦးအစတွင် လမ်းညွှန်မှုပြုသည့် အခြေခံမူသုံးရပ်ဆီသို့ လိုက်နာဆောင်ရွက်ခြင်းဆီမှ ရရှိသည်။ ယင်းတို့မှာ၊ သိသာမြင်သာရှိခြင်း၊ အကောင်အထည်ပြနိုင်ခြင်း (ပွင့်လင်းခြင်း)နှင့် ပါဝင်ဆောင်ရွက်ခြင်း တို ့ ဖြစ်သည်။ လက်စွဲစာအုပ်တွင် ဤအဆင့်၌ ဤအခြေခံမူသုံးရပ်မှာ ကျွန်ုပ်တို့အတွက် အလုံးစုံ အသစ်အဆန်းမဟုတ်ပါ။ ၄င်းတို့ သည် ရလာဒ်ကို ပုံစံဖော်သည့် အချိန်ကာလအတောအတွင်းတွင် အရေးပါသော စဉ်းစားချက်များ လည်းဖြစ်ပါသည်။ သို့သော်၊ ဖြေရှင်းမှုတရပ်၏ ဆက်တိုက်ဖြစ်စဉ် တရပ်အဖြစ်၊ ဖြေရှင်းမှုတရပ်သည် အောင်အောင်မြင်မြင် ဆက်လက်ဆောင် ရွက်နိုင်ခြင်း ရှိမရှိ ဆန်းစစ်ရာ၌ အလွန်အရေးပါသော အဆုံးအဖြတ် အမှတ်များဖြစ်လာကြသည်။

ဒီမိုကရက်တစ်ဖွဲ့စည်းတည်ဆောက်ပုံတရပ်ကို ထည့်သွင်းခြင်း၏၊ အဓိကကျသော၊ ရည်ရွယ်ချက်များ အနက်တခုမှာ ပဋိပက္ခနှင့် ကွဲပြားမှုများ ကို စီမံခန့်ခွဲရာတွင် ပိုမိုကောင်မွန်စွာ ဆောင်ရွက်နိုင်ရန် ဖြစ်သည်။ ထိုသို့ဆောင်ရွက်နိုင်မှုစွမ်းအားကို စောင့်ကြည့်လေ့လာခြင်းဖြင့် ရေရှည်တည်တံ့နိုင်မှု အတွက် အခွင့်အလမ်းများ ကို ရှင်းလင်းစွာဖော်ပြနိုင်သည်။ ဤသို့သော ဆန်းစစ်မှုလုပ်ထုံးလုပ်နည်း စနစ်သည်၊ နောက်လာမည့် အခန်းကဏ္ဍတွင်ဖော်ပြမည့် အကြောင်းအရာအများစုအတွက် အခြေခံ ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် နောက်တွင်ကျန်နေခဲ့သော အခြေခံမူများကို ကြည့်ရှုရင်း တင်းမာမှုနှင့် ပဋိပက္ခများကို ကိုင်တွယ်ရန် စနစ်သစ်တရပ်၏စွမ်းရည်ကို ကြည့်ရှု စစ်ဆေးသော မြောက်မြားစွာသော စနစ်များနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များကို ကြည့်ရှု ကြမည်ဖြစ်ပါသည်။ ဤတွင် ယခင်က တည်ရှိနေ သော သတ်မှတ်ထားသည့် အုပ်စုများ အလိုက်ဖြစ်ပွားနေသည့်၊ ခန့်မှန်းနိုင်သည့် ပဋိပက္ခများကိုသာ မကပဲ၊ အငြင်းပွားမှု၏၊ မျှော်လင့်မထားသော၊ သို့မဟုတ် မြင်မထားသော အသစ်ဖြစ်ပေါ်သည့်ကိစ္စများ လည်း အပါအဝင်ဖြစ်ပါသည်။

၅၊ ၂၊ ၁။ ကြည်လင်မှု။ ဖေါက်ထွင်းမြင်နိုင်ခြင်း။

ကြည်လင်မှု၊ ဖေါက်ထွင်းမြင်နိုင်ခြင်းသည် အစိုးရစနစ်တွင် ပွင့်လင်းမှုရှိခြင်းကို ရည်ညွှန်းသည်။ အာဏာပိုင်တို့၏လုပ်ငန်းစဉ်သည်၊ အများပြည်သူတရပ်အား သိမြင်နိုင် စေရန်နှင့် နားလည်နိုင်စေရန် နှစ်ရပ်စလုံးလိုအပ်သည်။ ထိုသို့အားဖြင့် ပြည်သူတို့အား လုပ်ငန်းသည်ယုံကြည်စိတ်ချရကြောင်း၊ အားကိုးလောက်ကြောင်း၊ စိတ်ချလက်ချ ရှိစေမည် ဖြစ်သည်။ ထို့အတူ ၄င်းတို့၏ဖယ်ခွါသွားမည့် အန္တရာယ်ထက် ၄င်းတို့၏ ထောက်ခံမှုနှင့်ပူးပေါင်းဆောင်ရွက်မှုကို၊ အားပေးနိုင်မည်ဖြစ်သည်။ ဤသို့ ထောက်ခံမှုနှင့် ပူးပေါင်းဆောင်ရွက်ခြင်းကို အားပေးနိုင်ခြင်းသည်၊ အဖြေရှာခြင်း အသစ်တခု၏ စောစောပိုင်းအဆင့်များတွင် အထူးပင်အရေးကြီးပါသည်။ ဒီမိုကရက်တစ် အဖြေရှာမှုကို လျှို့ဝှက်မှုဖြင့် ဆောင်ရွက်ယင်းရရှိကြရသည်။ ရရှိခဲ့သည့်တိုင်ယင်းအား အကောင်အထည်ဖေါ်မှုတွင်၊ အများ ပြည်သူများ၏စစ်ဆေးချက်များအပေါ် အစိုးရနှင့် ပေါ်လစီပြုလုပ်ရေးလုပ်ငန်းစဉ်တွင် ပွင့်လင်းခြင်းဖြင့်၄င်း၊ အပြုအမူဆိုင်ရာ အပြောင်း အလဲတရပ် ကို၊ ပြုလုပ်ရန်လိုအပ်ပါသည်။ စိတ်သဘောထားဆိုင်ရာများတွင် ဤသို့ပြောင်းလဲမှု သည် ကြားဖြတ်အသွင်ပြောင်းကာလအစိုးရများအတွက် အဓိက

ကျသော စိန်ခေါ်မှုတရပ်၊ တခါတရံဖြစ်နေတတ်သည်။ အကြောင်းမှာ ၎င်းသည် ဝေဖန်မှုနှင့် စိတ်သဘောထား မတိုက်ဆိုင်မှုအား လက်ခံခြင်း ကို၊ သန့်စွမ်းသော ထိန်းညှိထားခြင်း တရပ် ဟု ရည်ညွှန်းထားသောကြောင့်ဖြစ်သည်။ ထိုသို့သော ကြပ်တည်းစွာ မေးမြန်းမှုများ၊ စေ့စေ့စပ်စပ် စစ်ဆေးမှုများသည် မည်သို့ပင်ဆိုစေ ၎င်းတို့ အတွက် စိတ်မသက်မသာဖြစ်နိုင်စရာရှိ သော်လည်း၊ အစိုးရ၏တာဝန်ရှိမှုနှင့် တာဝန်ခံနိုင်မှုကို၊ တိုးတက်ကောင်းမွန်စေရန်၊ ရည်သန်သည်။ ထို့အတူ ထိုသို့ ဆောင်ရွက်မှုအား ပိုမို၍ ဥပဒေနှင့်ညီအောင်ပြုလုပ်ခြင်း ဖြင့် ကျစ်လစ်ခိုင်မာရေးဖြစ်စဉ်၏ တာရှည်ခံမှုဆီသို့ အဆုံးစွန်တွင်ရရှိ သွားစေမည်ဖြစ်သည်။

ကြည်လင်မှုသည် အစိုးရနှင့် အုပ်ချုပ်ခံတို့အကြား၊ နှစ်လမ်းသွားပြောဆိုဆွေးနွေးမှု တရပ် ဟု ရည်ညွှန်းနိုင်သည်။ ၎င်းသည် အစိုးရအားတုန့်ပြန်ချက်ပြုသည့် ဖြစ်စဉ်များ ဆောင်ကြည်းပေးသည်။ ယင်းတို့ တုန့် ပြန်ဆောင်ရွက်မှုများသည်၊ အစိုးရတရပ်၏ စွမ်းရည်တွင်၊ မိမိဖါသာမိမိ ပြုပြင်ပြောင်းလဲ ရန် အတွက်၊ မရှိမဖြစ် အရေးပါသော ကိစ္စဖြစ်သည်။ အုပ်ချုပ်ခံများ၏ အကြီးမားဆုံးစိုးရိမ်မှုများ အနက်၊ တခု မှာ အစိုးရအဖွဲ့ အတွင်းခြစားခြင်းဖြစ်သည်။ အမှန်စင်စစ် ထိုသို့သော သံသယရှိမှုများ အတွက်၊ သမိုင်းဆိုင်ရာအကြောင်းပြချက်များ ကောင်းစွာ ရှိနေတတ်ပါသည်။ ကြည်လင်မှုရှိခြင်း သည် အဆိုပါယူဆ ထင်မြင်ချက်များအား ခုခံကာကွယ်မှုတရပ်ဖြစ်စေပါသည်။ ၎င်းထဲ၌ ခြစားမှုအားလည်း၊ တားဆီးမှုတရပ်လည်း ဖြစ်စေပါသည်။ ပွင့်လင်းသောအစိုးရ များသည် ခြစားမှုပြုလုပ်ရန် ပို၍ခက်ခဲ ပါသည်။ နောက်ဆုံးအနေဖြင့် အစိုးရ၏လုပ်ငန်းစဉ်များထဲတွင် ကြည်လင်မှုရှိခြင်းသည်၊ တာဝန်ခံနိုင် မှုကို များပြား စေပါသည်။ ထို့အတူ အာဏာကို မတရားလုယူခြင်းမှလည်း၊ ကာကွယ်စောင့်ရှောက် ပေးနိုင်မှုရှိပါသည်။ (၅၊၃၊၇တွင်ရှိသော၊ မတရားအာဏာရယူခြင်းအကြောင်းကို ကြည့်ပါ။)။

၅၊၂၊၂။ တာဝန်ခံမှု(အကောင်အထည်ပြနိုင်မှု)

အကောင်အထည်ပြနိုင်မှုဆိုသည်မှာ၊အစိုးရ၏လုပ်ရပ်များကို၊ဥပဒေအရသော်လည်း ကောင်း၊ပြည်သူ များကိုသော်လည်ကောင်း၊အဖြေပေးနိုင်မှုပြနိုင်ခြင်း ကိုရည်ညွှန်းသည်။ ယင်းသို့အကောင်အထည်ပြနိုင်မှုသည်၊ဒီမိုကရေစီနိုင်ငံသစ်များအတွက်မရှိမဖြစ်ပါဝင် သည့် အစိပ်အပိုင်းတရပ်ဖြစ်သည်။အစိုးရတရပ်သည် ပြည်သူလူထုအား အမှန်တကယ် သတ်မှတ်ချက်များဖြင့် အဖြေပေးနိုင်သည့်အခြေအနေ ရှိနိုင်သမျှရှိနေခြင်းသည် မိမိအလို အလျောက်ဆက်လက်တည်တံ့မှုကိုဖြစ်စေသည့်၊အလိုအလျောက် ထိန်းညှိမှုဖြစ်စဉ် တရပ် ဖြစ်သည်။ ယင်းဖြစ်စဉ်သည် အရှိန်တခုအဖြစ် ဆက်လက်တည်ရှိနေသည်။ ရွေးကောက်ပွဲများတွင်အကောင်အထည်ပြနိုင်မှုကိုသိသာထင်ရှားစွာဖေါ်ပြနိုင်သည့်၊အ ရှင်းလင်းဆုံးအခြေအနေဖြစ်ပါသည်။ အကယ်၍မဲပေးသူများသည် အစိုးရတရပ်၏ မှတ်တမ်းများကို ကြိုက်နှစ်သက် ခြင်းမရှိပါက၊ သူတို့သည်အစိုးရအား ဖြုတ်ပစ်ရန် (ရုံးမှဖယ်ရှားရန်)မဲပေးနိုင်ပါသည်။သို့သော်အကောင်အထည်ပြနိုင်မှုသည်အခြားသော နည်းလမ်းနှစ်ရပ်ဖြင့်လည်းကောင်းစွာလုပ်ကိုင်နိုင်စွမ်းရှိပါသည်

ပထမနည်းလမ်းမှာ အကောင်အထည်ပြနိုင်မှုကို ပုံကြီးချဲ့ မြင်နိုင်ရန်မှာ အစိုးရတရပ် တိုးတက်မှု ဖြစ်စဉ်ကို ကြီးကြပ်ကွပ်ကဲနိုင်သည့်နေရာ၌ရှိသော လူမှုနိုင်ငံရေးအဖွဲ့ အစည်းများကို ထားရှိခြင်းဖြစ် သည်။ ယင်းသို့ထားရှိခြင်းဖြင့် အစိုးရ၏လုပ်ဆောင်ချက် များကို သုံးသပ်မှုပြုလုပ်ခြင်း မှတ်ချက်များ ပြုလုပ်ခြင်းနှင့် ဝေဖန်မှုများပြုလုပ်ခြင်း စသည်တို့ဖြင့် ပြုလုပ်နိုင်ပါသည်။ အထက်ပါအဖွဲ့အစည်း အများ၏ အဆောက်အအုံ များသည် စောင့်ကြည့်လေ့လာမှုကို ကောင်းမွန်သင့်မြတ်စွာပြုလုပ်နိုင်ရန် အတွက် သိသာလောက်သော လွတ်လပ်မှုဒီဂရီတရပ် (ယင်း၏အကြောင်းကို စစ်ဆေးခြင်းနှင့်

ထိန်းညှိခြင်း အခန်း၌ ပို၍အသေးစိပ်ဖော်ပြပါသည်။ ဤသို့သော သိသာလောက်သည့် လွတ်လပ်ခွင့် ရှိခြင်းအားဖြင့် ၎င်း၏လုပ်ငန်းများတွင် အစိုးရ၏လုပ်ငန်းများ အကောင်အထည်ပြနိုင်မှုကို အမှန် တကယ်ပြုလုပ်လိမ့်မည်ဖြစ်သည်။ ယင်း လွတ်လပ်သော အဆောက်အအုံများသည် လိုအပ်သော နေရာများတွင် အလေးထားဆောင်ရွက်ပြုလုပ်ရမည့် ဝေဖန်ချက်များကို ပြုလုပ်ကမ်းလှမ်းနိုင်ပါသည်။

ဒုတိယအချက်အနေဖြင့် အကောင်အထည်ပြနိုင်မှုသည် ဒီမိုကရက်တစ်စနစ် အများစုတွင်၊ယင်း၏ စရိုက် လက္ခဏာအဖြစ် ဖော်ပြထားသောအာဏာများကို ခွဲခြားထားရှိမှုပြုလုပ်ခြင်း ၏ အကျိုးဆက် ပင်ဖြစ်ပါသည်။ အာဏာကို ခွဲခြားထား ရှိခြင်း၏ အရေးကြီးဆုံး ကိစ္စမှာ၊လွတ်လပ်သောတရားစီရင်ရေးတရပ် ရှိခြင်းဖြစ်သည်။ ယင်းသို့တရားစီရင်ရေးတွင် အစိုးရ အားဝေဖန်နိုင်သည့် အခွင့်အရေးနှင့် လုပ်ဆောင် နိုင်မှု၊ မျှသာမကဘဲ လိုအပ်သောအခါတွင်အစိုးရအပေါ် ကန့်သတ်ချက်များ ထားရှိခြင်း၊ အစိုးရ က ယင်း၏ ဩဇာလွှမ်းမိုးမှုကို အလွန်အကျွံတိုးချဲ့ရန် ကြိုးပမ်းမှုများအား ပိတ်ဆို့ခြင်း နှင့် အစိုး ရ၏ ဥပဒေအရ တည်ရှိမှုအပေါ် ပြဋ္ဌာန်းခြင်းများပြုလုပ်ရန် (သို့တည်းမဟုတ်) အစိုးရ ၏အပြုအ မူများ အပေါ်တွင် ဥပဒေအရပြဋ္ဌာန်းမှုများ ပြုလုပ်ရန် စသည်တို့ကိုလည်း ဆောင် ရွက်နိုင်သည်။ ဒီမိုကရေစီ စနစ်တရပ်တွင် အစိုးရအဖွဲ့ဝင်များ အပါအဝင်မည်သူတဦးတယောက်ကမှ ဥပဒေ၏အပေါ်တွင် တည်ရှိမနေပေ။ အကယ်၍ တရားဥပဒေအရ စိုးမိုးမှုခြင်း၏ ရေသောက်မြစ်သည် အစိုးရ၏အင်္ဂါစဉ်များ မှ ခွဲခြားတည်ရှိနေသည်ဟု ရှု့မြင်ရလျှင် အကောင်အထည်ပြနိုင်မှု၏ အရှိန်ဖြင့်ပင် နောက်ပြန်ဆုတ်မည့် လုပ်ငန်းရပ်များ ဖြစ်နိုင်ခြေရှိမှုအပေါ်၌ အကန့်အသတ်များ ထားရှိနိုင်မည် ဖြစ်ပါသည်။

ဒီမိုကရေစီစနစ်စတင်ကျင့်သုံးသည့်အစိုးရများတွင် အစိုးရပုံစံသည် သမတ တစ်ဦး(သို့မဟုတ်) အနိုင်ရပါတီတရပ် ပင်ဖြစ်စေ၊ဖွဲ့စည်းပုံတွင်ပါရှိသော ကိစ္စရပ်များကို ဘောင်ကျော်ချေဖျက်သည့် ဒီဂရီအမိန့်များ ၊ ချမှတ်ခြင်းအားဖြင့် တဆင့်ခြင်းအာဏာကို ပိုမိုသုံးစွဲလာသည် (သို့မဟုတ်) တည်ဆောက်သည့်ဖြစ်စဉ်တွင် ပုံစံချမှတ်ထားသော တည်ဆောက်ပုံအသစ်များ၏ အစိပ်အပိုင်းများကို ဘောင်ကျော်ခြင်းများ ပြုလုပ် လာသည်။ ဥပမာ– အများအပြားရှိပါသည်။ ရုရှား၊ ပီရူး၊ ဗင်နီဇွဲလား၊ ကိုလံဗီယာနှင့် အာဂျင်တီးနားတို့သည် ယင်းကိစ္စရပ်များအား စဉ်းစားရာ၌ စိတ်တွင်ချက်ချင်း ပေါ်လာ မည့် နိုင်ငံများဖြစ်ပါသည်။ ယင်းသို့သော အာဏာအလွဲသုံးပြုမှုများအား ဆန်ကျင်မည့် အရိုးရှင်းဆုံးနည်းလမ်းဖြင့် ကာကွယ်တားဆီးမှုပြုရန်မှာ အာဏာကို ခွဲဝေရာ၌ အစိုးရ အား ကျော်လွန်၍ ပြုလုပ်ရန် ဖြစ်သည်။ တရားစီရင်ရေးနှင့်ဥပဒေစနစ်အား အင်အား ကောင်းစွာ သတ်မှတ်ပြဋ္ဌာန်း ပေးထားပါက အထက်ပါမတော်မတရားပြုမူမှု့များအား တရားဝင်ခြင်းမရှိသည့်လုပ်ရပ်များအဖြစ် တုန့်ပြန်နိုင်ပါသည်။ ယင်းသို့၊ အစိုးရမှ ကင်းလွတ်ခွင့်ရှိသည့် ဖွဲ့စည်းမှုတရပ်သည် ယင်း၏လုပ်ရပ် များအတွက် အကောင် အထည်ပြနိုင်ရန် တောင်းဆိုနိုင်သည့်အခွင့်အာဏာကို ထိန်းသိမ်းထားရှိ ကြပါသည်။

၅၊ ၂၊ ၃။ ပါဝင်ဆောင်ရွက်ခြင်း

ပြည်သူလူထုသည် စနစ်တရပ်၏အစိပ်အပိုင်းတခုတွင် ယင်းတို့ပါဝင်သည်ဟု ခံစားရပါက ထိုသူတို့ သည် ထိုစနစ်အတွက် တာဝန်ရှိမှုများ၏ဝေပုံချတရပ်ကို ထမ်းဆောင်ကြမည်ဖြစ်သည်။ ထို့အတူ ထိုလုပ်ငန်းအကောင်အထည် ပေါ်ပေါက်ရန် အတွက် ပြုလုပ်ရာတွင် အခန်းကဏ္ဍတရပ်၌ ဆောင်ရွက်ကြပေလိမ့်မည်။ အခြေခံ အဆင့်တရပ်တွင် ရွေးကောက်ပွဲဆိုင်ရာဖြစ်စဉ်သည် အဆိုပါ ပါဝင်ဆောင်ရွက် မှုကိုပြသသည့် သင်္ကေတလက္ခဏာဖြစ်သည်။ မဲပေးခြင်းသည် အစိုးရတရပ်ကို ရွေးချယ်ရာ၌ မိမိ ပြောလိုသည့်၊ ပြောနိုင်သည့်၊ အခွင့်အရေးရှိခြင်းဖြင့် အုပ်ချုပ်မှုတွင်

## ၅၊၂။ အခြေခံမှုများ

ပါဝင်ပတ်သက်နေသည့်၊ အခြေခံကျသည့်အပိုင်းဖြစ်လာသည်။ သို့သော် ပါဝင်ဆောင်ရွက်ခြင်း သည် ရွေးကောက်ပွဲများအကြားတွင် လည်း တည်ရှိရမည် ဖြစ်သည်။ အာဏာခွဲဝေသည့် ဖေါ်မြူလာပုံစံအများအပြား၏ဆွဲဆောင်မှုကို ရွေးကောက်ပွဲစနစ်ရွေးချယ်မှုများ နိုင်ငံလုံးဆိုင်ရာကွန်ဖရင့်များနှင့် အခြားသောလုပ်ငန်း ဆောင်ရွက်ပုံ အဆင့်ဆင့်များအား ယခင်ပြီးခဲ့သော အခန်းတွင် ဖေါ်ပြခဲ့ပြီးဖြစ်ပါသည်။ ယင်းတွင် ဥပမာအားဖြင့် ဆွဲဆောင်မှုအရှိဆုံးကိစ္စမှာ ၎တို့သည် အသွင်ကူးပြောင်းမှု ဖြစ်စဉ်တွင်ပါရှိသည့် သိသာထင်ရှားသော ခေါင်းဆောင်မှုများအားလုံးအား ပါဝင် ဆောင်ရွက်နိုင်ခြင်းများကို သေချာစေရန် ဆောင်ရွက်ခြင်း အားဖြင့် ယုံကြည်မှုကို တည်ဆောက်နိုင်ပါသည်။ ပါဝင်ဆောင်ရွက်ခြင်းကို အဓိကသော့ချက်ကျသော အေဂျင့်မှာ လူမှုသိပ္ပံပညာရှင်များက လူထုအခြေပြုအဖွဲ့အစည်းဟုခေါ်တွင်သည့် လူထုအဓိကအဖွဲ့အစည်းများဖြစ်ပါသည်။ လူထုအဓိကအဖွဲ့အစည်းများသည် အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ ပေါင်းစပ်ထားသော အဆောက်အအုံ ပင်ဖြစ်သည်။ လူမှုအသိုင်းအဝိုင်းတခုတွင် ယင်းတို့သည် မည်သည့် အသိုင်းအဝိုင်းတွင်မဆို ပေါ်ထွက်လာနိုင်ပါသည်။ ယင်းအဖွဲ့အစည်းများသည် အစိုးရမှ ကင်းလွတ်သော လွတ်လပ်သည့် အသင်းအဖွဲ့များဖြစ်သည်။ နိုင်ငံသားများ၏အကျိုးစီးပွားများကို ရောင်ပြန်ဟပ်လျှက်ရှိပါသည်။ ယင်းတို့တွင် ဦးဆောင်ဦးရွက်ပြုသည့်အုပ်စုများ၊ ဘုရားကျောင်းများ၊ လူ့အခွင့်အရေးအဖွဲ့အစည်းများ၊ အားကစားကလပ်များ၊ အလုပ်သမားသမဂ္ဂများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ပညာသင်အသင်းအဖွဲ့များ၊ စက်ရုံအလုပ်ရုံနှင့်ပတ်သက်သောကိစ္စရပ်များ၊ စသည်တို့ ပါဝင်ပြီး ပြည်သူလူထုများအကြားတွင် ကိုယ်ပိုင်လွတ်လပ်ခွင့် တစုံတရာဖြင့် မိမိအလိုကျ ကိုယ်ပိုင်ဆန္ဒ ဖြင့် ပေါ်ပေါက်လာသည့် အုပ်စုများတွင် မည်သည့်အုပ်စုကိုမဆို ဆိုလိုခြင်းဖြစ်ပါသည်။

ဒီမိုကရေစီနိုင်ငံသစ်တခုတွင် သန်စွမ်းသောလူမှုအဖွဲ့အစည်းတရပ်မရှိဘဲ လူထုအဓိက အခြေ ပြုအဖွဲ့အစည်းများမရှိဘဲ ခိုင်မာကျစ်လစ်အောင်ပြုလုပ်ရန် အလွန်ပင်ခက်ခဲ ပါသည်။ လူထုအဓိက အဖွဲ့အစည်းများသည် လူ့အသိုင်းအဝိုင်းတခု၏ အခြေခံယူနစ်များဖြစ်သော (မိသားစုများနှင့် တသီးပုဂ္ဂလများ)နှင့် အစိုးရတရပ်အဖြစ် ကိုယ်စားပြုထားသည့် နိုင်ငံတော်တို့အကြားတွင် ကြားဝင်ဆောင်ရွက်သူအဖြစ် ထမ်းဆောင်ပါသည်။ ပြည်သူလူထုအတွက် အင်အားကောင်းသောနည်းလမ်းတရပ်အဖြစ် အဆိုပါလုပ်ငန်းရပ်သည် အစိုးရအား ၎၏လုပ်ငန်းများတွင် လိုအပ်ပါက ဝေဖန်မှု ပြုရန်နှင့် ပါဝင်ဆောင်ရွက်ရန်၊ သဘောထားများပေးရန်အတွက် ပြုလုပ်နိုင်ပါသည်။ ယင်း၏ အင်အားအကောင်းဆုံးကိစ္စမှာ ကိုယ်ပိုင်အခွင့်အာဏာရှိမှု ဖြစ်သည်။ ယင်းမှာ ရိုးရိုးရှင်းရှင်းပင် ပုဂ္ဂိုလ်တဦးချင်းက ပါဝင်ပတ်သက်သည့်ပုဂ္ဂိုလ်တဦးချင်းက ယင်းအားဖြစ်ပေါ်စေရန် ဆန္ဒရှိခြင်းဖြင့် ထိုသို့ ဖြစ်ပေါ်လာစေရန် အစိုးရထံမှမည်သည့် ညွှန်ကြားချက်မှမယူခြင်းဖြစ်သည်။ လူထုအခြေပြု အဖွဲ့အစည်းသည် အစိုးရ၏လုပ်ငန်းများအပေါ်တွင် အထူးသဖြင့် နိုင်ငံရေးပါတီများ အားနည်းသည့် အခါနှင့် ထိရောက်သော အတိုက်အခံပြုမှုတရပ် ဆောင်ရွက်ရန် ပျက်ကွက်သည်အခါတို့တွင် အစိုးရ၏ လုပ်ရပ်များတွင် အကောင်အထည်ပြနိုင်မှုဖြင့် ကြည်လင်စွာ ထိုးဖေါက်မြင်နိုင်မှု သေချာစေရန် အသုံး ပြုနိုင်သော စစ်ဆေးမှုနှင့် ထိန်းညှိမှုများပြုလုပ်ပေးခြင်းဖြင့် ပါဝင်ဆောင်ရွက်ခြင်း အတွက် လမ်းကြောင်း တခုအဖြစ် လုပ်ငန်းနှစ်ရပ်ကို ဆောင်ရွက်ခြင်း ဖြစ်သည်။ ပြည့်ပြည့်ဝဝဆိုလျှင် အစိုးရနှင့် လူထု အခြေပြုအဖွဲ့အစည်းများအကြား ဆက်ဆံရေးသည် အပြန်အလှန်အင်အားဖြစ်စေခြင်း ဖြစ်ပါသည်။ လူထုအခြေပြု အဖွဲ့အစည်းသည် ဒီမိုကရေစီတည်ဆောက်မှုတွင် ဖြစ်ထွန်းစေခြင်းမျှသာမဟုတ်ဘဲ အပြန်အလှန်အားဖြင့် အစိုးရ၏ဒီမိုကရက်တစ်ဖွဲ့စည်းတည်ဆောက်ပုံများသည် လူထုအခြေပြုအဖွဲ့ အစည်းများအားဖြင့် ပြည်သူများ၏ပါဝင်မှုကိုချောမွေ့ပြေပြစ်စေပြီး

အသက်ဝင်လာစေရန် အားပေးမှု ဖြစ်စေသည်။

နိုင်ငံရေးဆိုင်ရာဖြေရှင်းမှုများသည် ၎င်းတို့အား ပြည်သူလူထုက ပိုင်ဆိုင်သည့် အခါတွင် ၎င်းတို့အပေါ် ပြဌာန်းခြင်းထက် ပိုမိုအောင်မြင်ရန် အလားအလာ ရှိလေ့ရှိပါသည်။ ဆွေးနွေးညှိနှိုင်းမှု ဖြစ်စဉ်၌ ပါဝင်မှုမရှိသော လူနည်းစုအုပ်စုများက ဖြေရှင်းမှုအကောင်အထည်ဖေါ်ရာတွင် အပါအဝင်ဖြစ်မှုသည် သဘောတူညီချက် တခုအား တာရှည်ခံနိုင်ရန်အတွက် ဗဟိုချက် ဖြစ်သကဲ့သို့ ၎င်းတို့၏ အသွင်ပြောင်းလဲမှုတွင် ဖျက်ဆီးသူများဖြစ်မသွားရန် ကာကွယ်တားဆီးရေးအလို့ငှါလည်း အရေးပါပါသည်။ ဥပမာအားဖြင့် ဂွာတီမာလာတွင် ၁၉၉၆ဒီဇင်ဘာငြိမ်းချမ်းရေးသဘောတူညီချက်တွင် အစိုးရနှင့် ယူအာအန်ဂျီ(URNG)တို့အကြား နှစ်ပါတီဆွေးနွေးမှုတရပ်အဖြစ် ပြုလုပ်ခဲ့သည်။ ယင်းသို့ အားဖြင့် ဌာနေလူမှုအသိုင်းအဝန်းအများစု၊ အခြားသော နိုင်ငံရေးပါတီများ၊ သမဂ္ဂများနှင့် အခြားအများအပြားသော အဖွဲ့အစည်းများ အနေဖြင့် ဆွေးနွေးပွဲတွင် မပါဝင်ဘဲရှိနေခဲ့သည်။ အကယ်၍ ယင်းအဖွဲ့အစည်းတို့သည် အကောင်အထည်ဖေါ်ရာတွင် မပါဝင်ခဲ့ပါက ဤအုပ်စုများသည် ညှိနှိုင်းမှုဖြစ်စဉ်ကို ပိတ်ဆို့နိုင်ခြင်း (သို့မဟုတ်) လမ်းလွဲချော်စေခြင်းများပြုလုပ်နိုင်ပါသည်။အထူးသဖြင့် ယင်းညှိနှိုင်းမှုကို အထက်တန်းစားလူ့အလွှာတခုနှင့် ယင်းဖြစ်စဉ်ကာလတွင် လူကြိုက်များသော အဖွဲ့အစည်းတို့အကြား ဆန့်ကျင်ဖီလာဖြစ်နေကြောင်း ခံယူမှုတရပ် ပေါ်ပေါက်ခဲ့လျှင် (ဥပမာ ဂွာတီမာလာ တွင်) ယင်းပျက်ဆီးမှုမှာ မလွဲမသွေ ဖြစ်လာနိုင်စရာရှိသည်။

နိုင်ငံရေးပါတီများ၏အခန်းကဏ္ဍ၊ အထူးသဖြင့် အတိုက်အခံနိုင်ငံရေးပါတီများက အစိုးရ၏ လုပ်ရပ်များကို အယုံအကြည်မရှိ အဆိုတင်သွင်းမှု များသည် ဒီမိုကရေစီဆိုင်ရာ အင်အားကျစ်လစ် ခိုင်မာခြင်း၏ အခြေခံကျသော သွင်ပြင်လက္ခဏာ တရပ်ဖြစ်သည်။ နိုင်ငံသားများက ၎င်းတို့၏ နိုင်ငံရေးသက်သက်ဆောင်ရွက်လိုမှုကို စုရုံးပေါင်းစည်းလာခြင်း၊ အစိုးရတွင်ပါဝင်ဆောင်ရွက်ခြင်းနှင့် သူတို့၏အကျိုးစီးပွားများကို ဖေါ်ထုတ်ခြင်းတို့ကို ပြုလုပ်ရန်နည်းလမ်းများအဖြစ် နိုင်ငံရေးပါတီများကို အသုံးပြုသည်။ တနည်းအားဖြင့် အဓိပ္ပါယ်ဖေါ်ရလျှင် ၎င်းတို့သည် အစိုးရနှင့် လူထုအခြေပြုအဖွဲ့အစည်းများအကြား ကြားခံများကဲ့သို့ ဆောင်ရွက်ကြသည်။ ဒီမိုကရေစီစနစ်ဆီသို့ ဖေါ်ဆောင်သည့် ပထမဦးဆုံးခြေလှမ်းများထဲတွင် တပါတီအုပ်စိုးသည့်နိုင်ငံများ၌ အစိုးရပါတီက အာဏာကို လက်ဝါးကြီးအုပ်မှု အဆုံးသတ်ခြင်းနှင့် နိုင်ငံရေးပါတီများအား ဥပဒေအရ အသိအမှတ်ပြု ခြင်း စသည်တို့ အကြမ်းအားဖြင့် ပါဝင်သည်။ နိုင်ငံရေးသိပ္ပံပညာရှင်များအကြား ကျယ်ကျယ် ပြန့်ပြန့် သဘောတူညီချက်တရပ်ရှိသည်။ ယင်းမှာ ဒီမိုကရေစီစနစ်ကို ထိရောက်စွာနှင့် ရေရှည် တည်ဆောက်ရန်မြှင့်တင်ပေးရာ၌ အရေးကြီးဆုံးအချက်များထဲမှ တခုတည်းသောကိစ္စမှာ ကျယ်ကျယ် ပြန့်ပြန့်အခြေခံရှိသော သိပ်သည်းခိုင်မာသည့် နိုင်ငံရေးပါတီများ ရှိနေခြင်းဖြစ်သည်။ ယင်းတို့တွင် အချို့မှာ ယှဉ်ပြိုင်ရန်းကန်နေကြပြီး ကောင်းမွန်သော ဒီမိုကရက်တစ် ဆောင်ရွက်မှုများအတွက် ရောက်ပြန်ဟပ်ခြင်းများနှင့်အတူ မရှိမဖြစ် ပြည့်စုံရမည့် လိုအပ်ချက်များအဖြစ် အင်အား ကောင်းသောနိုင်ငံရေးပါတီစနစ်များရှိနေကြသည်။

## ၅၊ ၃ အ‌ေ–ကာင်းအရာများနှင့်အကျိုးစီးပွားများ

ငြိမ်းချမ်းရေးဆိုင်ရာဖြေရှင်းမှုတရပ်အား အကောင်အထည်ဖေါ်ရန်နှင့် ရေရှည်တည်တံ့ရန်မှာ အခက်အခဲများ၊ အတားအဆီးများနှင့် ကြောက်မက်ဖွယ်ရာများ၊ ပြည့်လျှက်ရှိသည်။ အမြဲတစေဆိုသလို နိုင်ငံရေးနှင့် လူမှုရေးဆိုင်ရာ ဖြစ်ထွန်းတိုးတက်မှုများသည် ငြိမ်းချမ်းရေးဖြစ်စဉ်ကို ချိန်းခြောက်လျှက်ရှိသည်။ ဤကိစ္စမှာ ကြိုတင်သိမြင်ရန် ခက်ခဲလှသည်။ ဥပမာအားဖြင့် လူနည်းစု အုပ်စုတခုအတွက် ၎င်းတို့၏ လိုအပ်ချက်

## ၅၊ ၃ အကြောင်းအရာများ နှင့်အကျိုးစီးပွားများ

များကို ငြိမ်းချမ်းရေးဖြေရှင်းမှုများတွင် ဖြေရှင်းမပေးနိုင် သောအခါ ဆင့်ကဲဖြစ်စဉ်အားဖြင့် အမျိုးသားရေးဝါဒပေါ်ထွက်လာသည်။ ထပ်ဆင့်၍ နောက်ယှက် လိုသူများ၏ လုပ်ရပ်များကလည်း အမြဲတစေလိုလို ခန့်မှန်းရန် ခက်ခဲသည်။ စီစဉ်ရန်လည်း မလွယ်ကူချေ။ ယုံကြည်မှုတည်ဆောက်ခြင်းနှင့် ပြန်လည်သင့်မြတ်ရေးကိစ္စတို့နှင့်စပ်လျဉ်းသည့် ပြဿနာများ အပြင် ပျက်ဆီးယိုယွင်းနေသော စီးပွားရေးနှင့်အခြေခံ အဆောက်အအုံများအား တည်ဆောက်ခြင်းနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများတွင်လည်း၊ သိသာလောက်သော ခက်ခဲမှုများ၊ ပူးတွဲဖြစ်ပေါ်လျက်ရှိ သည်။ အဖြေရှာတည်ဆောက်မှု၏ ရည်မှန်းချက်များ အပေါ်တွင်မူတည်၍ ဘဏ္ဍာငွေနှင့်ကြွယ်ဝမှုကို ပြန်လည် ခွဲဝေခြင်းများနှင့်အစိုးရအား ပြန်လည်ဖွဲ့စည်းခြင်း စသည့် မျက်နှာစာများတွင်လည်း (အကုန်အကျသည်) ပါဝင်ဆောင်ရွက်သည့် အင်အားစုများတွင်ရှိသည့် အရင်းအမြစ်များနှင့် စွမ်းဆောင်နိုင်မှု ပမာဏထက် ကျော်လွန်လျက် ရှိသည်။

ယင်းတွင် အဖြေရှာတည်ဆောက်မှုဖြစ်စဉ်သက်သက်အားဖြင့် မျှော်လင့်ချက်များ ပေါ်ပေါက်လာနိုင်ခြင်းရှိသည်။ ထို့အတူ ပါဝင်ပတ်သက်သည့်၊ အဖွဲ့အစည်းများအားဖြင့်လည်း၊ ဖြစ်စဉ်တွင် ၎င်းတို့မဲဆန္ဒနယ်မြေများ၏ ထောက်ခံမှုကို ရရှိရန် ဆောင်ရွက်သောအားဖြင့်၊ မျှော်လင့်ချက်များပေါ်ပေါက်လာ နိုင်သည်။ ဤသို့သော မျှော်လင့်ချက်များမှာ အမှန်တကယ်ဖြစ်နိုင်ချေရှိသည်များ လည်းရှိသည်။ သို့မဟုတ် သဘာဝမကျသော ကိစ္စများ လည်း ဖြစ်နိုင်သည်။ သို့သော် သဘာဝကျ သည်ဖြစ်စေ၊ မကျသည်ဖြစ်စေ၊ ၎င်းတို့သည် ပါတီများနှင့်ဖြစ်စဉ်တို့ပေါ်တွင် ဆောင်ရွက်ရန်များကို တာဝန်ပုံချမှု ပြုလုပ်ထားကြသည်။ အကယ်၍ထိုသို့ပြုလုပ်မှုမဖြစ်ခဲ့ပါက မကြာခင်မှာပင် ယုံကြည်မှုပျက်ပြားမည်၊ အပြန်အလှန်စွပ်စွဲခြင်း များ ပြုလုပ်လာကြမည်။ ထို့အတူ ဆက်သွယ်ချဉ်းကပ်ဆောက်ရွက်မှုများ ပြတ်တောက်သွားပြီး၊ ဖြစ်စဉ်တရပ်လုံးသည် ထစ်ထစ်ငေါ့ငေါ့ ဖြစ်သွားနိုင်သည်။အထူးသဖြင့်အာဏာရှင်များနှင့် တချက်လွှတ် အုပ်စိုးသော အစိုးရများမှ အသွင်ကူးပြောင်းခြင်းများပြုလုပ်ရာတွင်၊ မျှော်လင့်ချက်များမှာ သဘာဝမကျလှအောင် မြင့်နေလျက်ရှိ နေတတ်သည်။ ဤသို့သောကိစ္စများကြောင့် ရလာဒ်များအဖြစ် စိတ်ပျက် အလိုမကျဖြစ်ခြင်းမကျေမနပ်မေတ္တာပျက်ခြင်း၊အန်တုခြင်းနှင့်အတူ မဲဆန္ဒ နယ်မြေဆုံးရှုံးခြင်းများ ဖြစ်ပွားတတ်ပါသည်။ အချို့သောနိုင်ငံများ တွင် လွဲမှားသော ယုံကြည်မှုများ ဖြစ်နေသော လူထုက ယခင်က ဒီမိုကရက်တစ်မဟုတ်သော အစိုးရများကို အာဏာရရှိစေရန် မဲပေး ခြင်းများ ပြုလာ တတ် သည်။ မျှော်လင့်ချက်များကို အမှန်တကယ်ဖြစ်သင့်သည့်အဆင့်သို့ သင့်တင့်လျောက် ပတ်စွာ ဆောင်ရွက်ခြင်းနှင့်ယင်းရည်မှန်းချက်များဆီသို့ဆက်နွယ်နေသည့်လုပ်ငန်းဆောင်ရွက်မှုများတွင်အကဲခတ်သုံး သပ်ခြင်း တို့သည်၊ အတိမ်းအစောင်းမခံသော အသွင်ကူးပြောင်းမှု၏ အဆင့်တွင် အရေးပါသော အစိတ်အပိုင်းတရပ် ဖြစ်နေပါသည်။ ယင်းအစိတ်အပိုင်းတွင် အလွန်အရေးကြီးသော အသွင်ကူးပြောင်းမှုဖြစ်စဉ်အဆင့်၌ ပြိုပျက်မည့်ဖြစ်နိုင်သည့်အချက်များကိုသတ်မှတ်ပြဋ္ဌာန်းခြင်းနှင့်ပြဿနာပေါ်နိုင်သည့်ကိစ္စများကိုသတ်မှတ်ပြဋ္ဌာန်းခြင်းတို့ပါဝင်ပါသည်။အရှိန်အဟုန်ကိုဆုံးရှုံးမသွားစေရန်အတွက်ပါတီများအားငြိမ်းချမ်းရေးဖြေရှင်းမှုကိုတိုက်ခိုက်ပြီးပဋိပက္ခဆီသို့ပြန်သွားစေသည့်ဖြစ်နိုင်သမျှသောမည်သည့်ဖြစ်နိုင်ချေအကြောင်းအရာ၊နည်းလမ်းကိုမဆိုဖယ်ရှားပြစ်ရန်လိုအပ်ပါသည်။ယင်းကိုဖြစ်နိုင်သမျှသောခြေလှမ်းများအားလုံးတွင်ဆောင်ရွက်ရမည်ဖြစ်သည်။ထို့ကြောင့်ဖြစ်စဉ်ပေါ်တွင်အနုတ်လက္ခဏာဖြစ်စေသည့်အခက်အခဲဖြစ်နိုင်ချေရှိသမျှအားလုံးကိုသတ်မှတ်ဖေါ်ထုတ်ခြင်း၊နှင့်အစောစီးဆုံးအဆင့်တရပ်တွင်တုံ့ပြန်ဆောင်ရွက်ခြင်းတို့သည် အလွန်အရေးပါသည်။ထို့ကြောင့်ကျွန်ုပ်တို့သည် ဤနေရာတွင် ငြိမ်းချမ်းရေးအဖြေရှာမှု၏ရေရှည်တည်တံ့မှု ကိုသက်ရောက်မှုရှိစေနိုင်သည့်၊ အဓိက ကျသည့် အချို့ကိစ္စရပ်များနှင့် အကျိုးစီးပွားများ အား စာရင်းပြုလုပ်ထားပါသည်။ အချို့သော ကိစ္စရပ်များ ပေါ်ထွက်

သဘောတူညီမှု ဖျက်ဆီး၍ ပဋိပက္ခကို ပြန်လည်ဦးတည်စေမည့် မည်သည့် အခွင့်အလမ်း၊ အကြောင်းပြချက် နှင့်နည်းလမ်းများကို မျက်ခြေမပြတ် ဖယ်ရှားကာ (သဘောတူညီမှု) "အရှိန်" မပျက်စေရန် ထိန်းသိမ်းသွားသင့်သည်။

လာမှု မှာ ဖြောင့်ဖြောင့်တန်းတန်း နှင့် ရိုးရှင်းစွာ ပေါ်ပေါက် လာခြင်း ဖြစ်သော်လည်း၊ လက် တွေ့တွင် ဤကိစ္စရပ်များသည် များစွာသော အခြေတည်စ ငြိမ်းချမ်းရေး ဖြစ်စဉ်များအား နှောင့်နှေးစေခြင်း (သို့မဟုတ်)လမ်းချော်စေခြင်းများအချိန်ကိုက်ဖြစ်စေသည်။

၅၊ ၃၊ ၁ စောင့်ကြည့်လေ့လာခြင်းနှင့်သုံးသပ်ခြင်း

အဖြေရှာမှုများအားလုံးသည် တိုးတက်မှုကိုစစ်ဆေးရန်နှင့် ရည်မှန်းချက်ဆုံချက်ကို ထိန်းထား နိုင်ရန် လုပ်ဆောင်နေဆဲအကဲဖြတ်မှုများကို ဆက်လက် ပြုလုပ်ရန်လိုအပ် သည်။ ဤတွင် အချိန် သတ်မှတ်ချက်ကို သဘောတူညီပြီး အချိန်သတ်မှတ်ချက်များကို လိုက်နာပြီး လုပ်ငန်းဆောင်ရွက်များ သည် မျှော်လင့်ချက်များအား ဖြည့်တင်းပေးသည် ဟု အာမခံနိုင်ခြင်းနှင့် ဖြစ်စဉ်(သို့မဟုတ်) ယင်းတွင် ပါဝင်သောလူမှုအဖွဲ့အစည်းများ အား မသိကျိုးကျွံဖြစ်ခြင်း၊အလွဲချိုးဖေါက်ခြင်း၊အမြတ်ထုတ်ခြင်း တို့မှ ဆန့်ကျင် ကာကွယ် စောင့်ရှောက်ရန် စသည်တို့ ပါဝင်နိုင်ပါ သည်။ အကဲခတ်စောင့်ကြည့်မှု နှင့် လေ့လာ သုံးသပ်မှုဆောင်ရွက်မှုအဆင့်ဆင့် ကိုသဘောတူညီချက်ထဲတွင်ပင် ပါရှိ ထားသင့်သည်။ ဤကိစ္စမှာ တောင်အာဖရိကနိုင်ငံ ၁၉၉၁ခုနှစ် နိုင်ငံလုံးဆိုင်ရာ ငြိမ်းချမ်းရေး သဘောတူညီချက် အကောင်အထည်ဖေါ်ခြင်းနှင့် ထိမ်းသိမ်းစောင့်ရှောင့် ခြင်းကို ကုလသမဂ္ဂမှစောင့်ကြည့် အကဲခတ်မှုပြုရာတွင်ဖြစ်ပေါ်ခဲ့သည်။ ယင်းသဘော တူညီချက်တွင် ရည်ရွယ်ချက်ထားရှိရာ၌ တိုင်းပြည်ကိုအပိုင်းပိုင်းကွဲပြားစေသည့် နိုင်ငံရေးအကြမ်းဖက်မှုများ အဆုံးသတ်ရန်နှင့် အသွင်ကူးပြောင်းမှုဖြစ်စဉ်တရပ်လုံးအား ခြိမ်းခြောက်မှု အဆုံးသတ် ရန် ရည်ရွယ်ပြုလုပ်ခြင်း ဖြစ်သည်။ အယ်ဆာဘေဒိုးနိုင်ငံတွင် ၁၉၉၁ခုနှစ် Chapultepec သဘောတူညီချက်များကို စောင့်ကြည့်အကဲခတ်ခြင်းအား အသွင်ကူးပြောင်းမှုဖြစ်စဉ်ထဲသို့ ထည့်သွင်းထားခြင်းဖြင့် ၎င်းလုပ်ငန်းအား အတွင်းပိုင်း လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တရပ် အဖြစ်ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ငြိမ်းချမ်းရေး တောင့်တင်းခိုင်မာရေးအတွက် နိုင်ငံလုံးဆိုင်ရာကော်မရှင်သည် သဘောတူညီချက်များ အပေါ်တွင်ဥပဒေကြမ်းများရေးဆွဲခြင်းလုပ်ငန်းကို၊လုပ်ဆောင်ရသည်။ထို့အတူယင်းဥပဒေ များအား၊အကောင်အထည်ဖေါ်မှုကိုလည်း၊အကဲခတ်စောင့်ကြည့်ရသည်။ကုလသမဂ္ဂ ကမူ ငြိမ်းချမ်းရေးသဘောတူညီချက်အား၊ စောင့်ကြည့်အကဲခတ်ခြင်းနှင့် ပိုင်းခြား လေ့လာခြင်းများကို ဆောင်ရွက်သည်။

မည်သို့ပင်ဆိုဆို၊အဓိကသော့ချက်မှာ၊ ပြင်ပမှစောင့်ကြည့် အကဲခတ်ခြင်း(သို့မဟုတ်) အင်အားသြဇာအသုံးပြုခြင်းအပေါ်တွင် အနည်းငယ်မျှသာ မူတည်ပါသည်။ အဓိက အချက်မှာ တည်ရှိနေသောပါတီများ ၏ ပြည်တွင်းဆိုင်ရာ ခိုင်ခိုင်မာမာရှိမှု (ခိုင်ခိုင်မာမာ သက်ဝင်ယုံကြည်မှုကို ထိမ်းသိမ်းစောင့်ရှောက်ခြင်း) ဆက်လက်ရှိနေမှုပေါ်တွင် ပိုမို၍ တည်မှီလျှက်ရှိပါသည်။ပါဝင်သည့်အဖွဲ့အစည်းများသည် ဖြစ်စဉ်တွင်လက်တွေ့ကျသော မျှော်လင့်ချက်များကို ပြည့်မှီအောင်ဆောင်ရွက်နိုင်ကြောင်းအာမခံရရှိထားခြင်းဖြင့် ယင်းသို့သောထိမ်းသိမ်းနိုင်မှုကိုဖြစ်ပေါ်စေသည်။အကောင်းမြင်စွာဖြင့်၊၎င်းတို့တွင်ရှိနေ သောအရင်းအမြစ်များနှင့် စွမ်းဆောင်နိုင်မှုများကို ထောက်ပံ့ပေးနေသည့် သဘော တူညီချက်ဝင် အဖွဲ့အစည်းများသည် စောင့်ကြည့်အကဲခတ်ခြင်းနှင့် လေ့လာသုံးသပ် ခြင်းများကိုဆောင်ရွက်သင့်သည်။လူထုအခြေပြုအဖွဲ့အစည်းများရှိ၊ ပတ်သက်ရာ အခန်းကဏ္ဍအလိုက် ဥပမာ–စီးပွားရေးလုပ်ငန်း၊ အလုပ်သမားသမဂ္ဂများ၊ ဘုရားရှိခိုး ကျောင်းများနှင့်အခြားသောအုပ်စုများ၊စသည်တို့သည်၊သဘောတူညီချက်ဝင်အဖွဲ့ အစည်းများအား ဤအားထုတ်မှုတွင်၊အထောက်အကူပြုသင့်ပါသည်။ ဤကိစ္စတွင်ပင် နိုင်ငံလုံး ဆိုင်ရာခြုံငုံသော သဘောထားတည်ဆောက်ခြင်းနှင့် လူမှုရေးဆိုင်ရာ (ကျစ်လစ်ခိုင်မာမှု) အချင်းချင်းသဘောတူညီချက်များ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်စဉ်များကို အထောက်အကူဖြစ်စေပါသည်။

## ၅၊ ၃ အကြောင်းအရာများ နှင့်အကျိုးစီးပွားများ

အဓိကလုံခြုံရေးဆိုင်ရာကိစ္စရပ်များကိုရေတိုစောင့်ကြည့်လေ့လာခြင်း နှင့် ငြိမ်းချမ်းရေးအဖြေရှာမှုတရပ်ကို ရေရှည်စောင့်ကြည့်အကဲခတ်မှုတို့အကြားတွင်ဌင်းကိစ္စရပ်နှစ်ခုတွင်၊တခုချင်းစီသေသေချာချာအသေးစိတ်စစ်ဆေးသောအဆင့်တွင် ၎အဓိကကွဲပြား ခြားနားမှုနှစ်ခုရှိနေပါသည်။ တိတိကျကျပြောရသည့် အရေးပါသော ကိစ္စရပ်တခုမှာလက်နက်ဖျက်သိမ်း ရေး စသည့် ကိစ္စမျိုးဖြစ်ပြီး၊ လွတ်လပ်သောလေ့လာသုံးသပ်မှုဆိုင်ရာ လေ့ကျင့်ခဏ်းတခု လိုအပ် ကောင်းလိုအပ်မည်ဖြစ်သည်။ ဤကိစ္စရပ်တွင် ဥပမာတခုမှာ၁၉၉၄ခုနှစ်တွင်မိုဇန်ဗစ်နိုင်ငံ၌ ကုလသမဂ္ဂ ငြိမ်းချမ်းမှုထိမ်းသိမ်းရေးတပ်များက ဆောင်ရွက်ခဲ့သည်လုပ်ငန်းဖြစ်သည်။ ထပ်မံ၍ပြလိုသော ဥပမာမှာ အောင်မြင်မှုအလွန်နည်းသော်လည်း၁၉၉၆/၁၉၉၇တို့တွင်၊အင်ဂိုလာနိုင်ငံ၌ဆောင်ရွက်ခဲ့သည့်လုပ်ငန်းဖြစ်သည်။တစ်ခုသောအပိုင်းမှာအလွန်ပင်အရေးပါကောင်းပါဝင်လိမ့်မည်။ ယင်းမှာအကောင်အထည် ဖေါ်မှုလုံးဝမပြုခြင်း သည် အဖြေရှာမှုတရပ်လုံးကို အင်အားချိနဲ့ စေလိမ့်မည်ဖြစ်သည်။ ထိုသို့သောအခြေအနေမျိုးများတွင် ထိရောက်သော စောင့်ကြည့်အကဲခတ်ခြင်းနှင့် အမြန်ဆုံးကုစားပေးသည့်လုပ်ရပ်သည် အလွန်အရေးပါသည်။ လက်နက်ကိုင်တပ်များ၊တရားစီရင်ရေးဆိုင်ရာစီမံအုပ်ချုပ်ခြင်းများ (သို့မဟုတ်)ပညာရေးစနစ်တို့ကို အသွင်ပြောင်းလဲခြင်း၊ စသည့် လူမှု အဆောက်အအုံများ၊ အဖွဲ့အစည်းများအား သုံးသပ်ခြင်း သည်ပင် ထိုနည်းတူအရေးပါမှုရှိ သည်။

လေ့လာသုံးသပ်မှုတရပ်၏ရိုက်ခတ်မှုသည်၊အကယ်၍ယင်းလေ့လာမှုသည်ပြည့်ဝစွာ ဆောင်ရွက်နိုင်သောအဖွဲ့အစည်းတရပ်ကဆောင်ရွက်သည်ဟုရှုမြင်ပါက၊အလွန်အမင်းအားပေးမှုဖြစ်ပေါ်စေသည်။ဤအဖွဲ့အစည်းသည်အများသဘောတူညီမှုရရှိခြင်းဆိုင်ရာ အခြေခံ ပေါ်တွင် လိုလိုလားလား ဆောင်ရွက်လိုသည့် ပါတီစုံပါဝင်သော ကော်မတီတရပ်ဖြစ်နိုင်ပေသည်။ သို့မဟုတ် အဓိကကျသည့်အဖွဲ့များ၏ သဘောတူမှုဖြင့် ဖွဲ့စည်းထားသည့်အင်္ဂါစဉ်တရပ်၊သို့မဟုတ်ရိုးရိုးရှင်းရှင်းပင်လွတ်လပ်သောနိုင်ငံတကာအဖွဲ့အစည်းတရပ်၊ဥပမာ၊ကုလသမဂ္ဂ(သို့မဟုတ်)လိုအပ်သောအခွင့်အာဏာ၊လွတ်လပ်ခွင့်နှင့်ကျွမ်းကျင်မှုပညာနှင့် အတွေ့အကြုံရှိသော အခြားသောနိုင်ငံတကာအစိုးရများ ဆိုင်ရာအေဂျင်စီအချို့ဖြစ်ပါသည်။ ထိုသို့သော အထူးပြုထားသည့်နေရာများတွင် အကဲဖြတ်နိုင်သည့်အတွေ့အကြုံနှင့်ကျွမ်းကျင်မှုရှိသော စောင့်ကြည့်လေ့လာရေးအဖွဲ့အများအပြားရှိသည်။

ဆက်နွယ်နေသည့်ကိစ္စရပ်တခုမှာ၊လေ့လာသုံးသပ်ခြင်းဖြစ်စဉ်အတွင်းတွင် ဖေါ်ပြထားသည့်အကျိုးစီးပွားများ အပေါ်တုန့်ပြန်မှုလုပ်သည့် အနေဖြင့် လုပ်ငန်းဆောင်ရွက်ခြင်းနှင့်ပြုပြင်ပြောင်လဲမှုများပြုလုပ်ခြင်းတို့ကိုဆောင်ရွက်နိုင်သောစွမ်းရည်ပင်ဖြစ်ပါသည်။ထိုသို့သောအကျိုးစီးပွားစိတ်ဝင်စားမှုများကိုဖြေရှင်းရန်နှင့်ပြန်လည်ကုစားပေးသည့်လုပ်ငန်းရပ်များပြုလုပ်ရန်တာဝန်ရှိမှုသည်၊ရှင်းလင်းပြီးအဓိပ္ပါယ်နှစ်ခုမဖြစ်အပ်ပါ။တချိန်တည်းမှာပင်နိုင်ငံရေးပါတီများ၊လူထုအခြေပြုအဖွဲ့အစည်းများနှင့်၊နိုင်ငံတကာအ သိုင်းအဝန်းတို့သည် အဖြေရှာမှုတရပ်၏ဖြစ်စဉ်တွင် လှည့်ဖျားမှုများ (သို့) ချိုးဖောက်မှုများရှိသည်ဟုဌင်း၊ထို့အတူအဖြေရှာမှုတရပ်သည်ပြိုလဲကျသွားရန်အန္တရာယ်များရှိနေသည်ဟုဌင်း၊ထင်မြင်ယူဆပါက၊ခိုင်ခိုင်မာမာနှင့်တန်းတူညီတူတပြေးညီအပြုအမူ အားဖြင့်၊ပြန်လည်တုန့်ပြန်ရန်လိုအပ်သည်။အရေးတကြီးအခြေခံမျိုးတရပ်တွင်၊နိုင်ငံတကာအသိုင်းအဝန်းအနေဖြင့်တုန့်ပြန်ဆောင်ရွက်ရန်၊အကန့်အသတ်ရှိနေသည်ကို၊စိတ်တွင်သဘောပေါက်ထားပြီး၊အကောင်အထည်ဖေါ်မှုတရပ်ရပ်၊ချိုးဖေါက်မှု (သို့မဟုတ်)ပျက်ဆီးမှုဖြစ်ပျက်ရာတွင်၊ပါတီအားလုံးသည်မိမိတို့၏ရှင်းလင်းစွာတာဝန်ရှိမှုများကို၊နားလည် သဘောပေါက်ပြီး အမြဲတစေလိုလားစွာဆောင်ရွက်ကြရန်ဖြစ်သည်။

၅၊၃၊၂။ ၊ပါဝင်ဆောင်ရွက်လာသူများ၏ ခိုင်မာစွာ ရပ်တည်မှု လျှော့နည်းလာခြင်း။

## ၅၊ ၃ အကြောင်းအရာများ နှင့်အကျိုးစီးပွားများ

ငြိမ်းချမ်းရေးအဖြေရှာမှုအတွက်ပါတီများ၏ဆက်လက်ထောက်ခံမှုသည်အလွန်အရေးပါသည်။ သဘောတူညီချက်တွင် ပါဝင်သောအရေးပါသူများက အဖြေရှာမှု အပေါ် ဝေဖန်ပြောကြားမှုစတင်လာသည့်အချိန် သို့မဟုတ်၊ ထိုသို့အဖြေရှာခြင်းမှ၊ ၎င်းတို့ဘာသာ ကင်းကွာလာသောအချိန်တွင်၊ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်သည် အင်အား ချိနဲ့လာသည်။ ပါတီတရပ်၏ထောက်ခံမှုသည် ယေဘူယျအားဖြင့် ငြိမ်းချမ်းရေးတည်ဆောက်မှုတွင်၊သူ၏အကျိုးစီးပွားများပြည့်မီသည်ဟုခံစားသည့်အတိုင်းအဆအား ဖြင့်၎င်း၊ ထို့အတူငြိမ်းချမ်းရေးအဖြေရှာမှု အပေါ်တွင် သူက လုပ်ပေးရန် ကျန်ရှိသည့်အတိုင်းအဆအားဖြင့်၎င်း၊ ပြဋ္ဌာန်းလေ့ရှိသည်။

ငြိမ်ချမ်းရေးသဘောတူညီချက်တခုအားအကောင်အထည်ဖေါ်ရာတွင်၊အကြီးမားဆုံး အန္တရာယ်ရှိမှုများတခု အနက်တခုမှာ ဖေါက်ပြန်ပုန်ကန်တတ်သောပါတီတရပ် (သို့) ပုဂ္ဂိုလ်တဦးတယောက်က အဖြေရှာမှုအား၊ လှည့်ဖျားပါးနပ်စွာ အသုံးပြုရန် (သို့) ဖျက်ဆီးခြင်းအထိပြုရန်ဆုံးဖြတ်ခဲ့ခြင်းမှ စတင်ဖြစ်ပေါ်သည်။ ကုလသမဂ္ဂမှကြီးကြပ်သော ၁၉၉၃ခုနှစ်ရွေးကောက်ပွဲနောက်ပိုင်းတွင်၊ကမ္ဘောဒီးယားနိုင်ငံ၌၊ဟွန်ဆန်ကယင်း၏ ညွန့်ပေါင်းအဖွဲ့ဝင်များအား၊၁၉၉၇ဇူလိုင်တွင်အစိုးရအဖွဲ့အတွင်းအာဏာသိမ်း ခြင်းနည်းဖြင့်ဖယ်ရှားရန်ကြိုးပမ်းခဲ့ရာ၊ယင်းကိစ္စသည်၊ညွန့်ပေါင်းအတွင်းမှာပင်၊အဖြေရှာ တည်ဆောက် မှု များမည်သို့ ပြိုပျက်သွားနိုင်သည်ဆိုသည့် ဥပမာတရပ်ပင် ဖြစ် သည်။ ဖီဆန်ဖေါက်ပြန်တတ်သော အုပ်စုများနှင့်ဆက်ဆံရန်နှင့် သဘောတူညီချက်တရပ်တွင် ပါဝင်သောပါတီတရပ်အားယင်းသဘောတူညီချက်ပေါ်တွင်၊လိုက်ပါဆောင်ရွက်ရန်၊ပြုလုပ် နိုင်သောလုပ်ထုံးလုပ်နည်းဖြစ်စဉ်များ၊အများအပြားရှိပါသည်။ ယင်းတို့ကို အုပ်စုကြီး သုံးစုဖြင့်သတ်မှတ်နိုင်သည်။

– မက်လုံးများကိုအသုံးပြုခြင်း၊ ဖြေးဖြေးချင်းသွေးဆောင်ချော့ယူခြင်း၊ သို့မဟုတ် အားပေးခြင်းများ ဖြင့် ဖြစ်စဉ်အား နှောက်ယှက်ဖျက်ဆီးလိုသူများ၏ ပြဿနာများနှင့် စိုးရိမ်မှုများကို ဖြေရှင်းပေးခြင်းပြုလုပ် နိုင်သည်။ ရိုးရိုးရှင်းရှင်းပင် မကြေမနပ်ဖြစ်နိုင်သူ အများအပြား အား အကြီးတန်းကက်ဘိနက်ရာထူးများ ခွဲဝေပေးခြင်းအားဖြင့် ကြေနပ်မှု ပြုနိုင်သည်။ အတိတ်က တရားရေးဆိုင်ရာအခွင့်ထူးနှင့် အဆင့်အတန်းများ ခွဲဝေပေးမှု ပြုခြင်းကဲ့သို့ပင်ဖြစ်သည်။ကုလသမဂ္ဂနှင့်အမေရိကန်နိုင်ငံတို့သည် အစီအစဉ် လိုအပ်မှု များ ညှိနှိုင်းထောက်ပံ့ပေးခြင်းပြုမှုလုပ်ဆောင်မှု ကို ၁၉၉၂၊၁၉၉၃ခုနှစ်တို့တွင် အင်ဂိုလာနိုင်ငံ ပဋိပက္ခအတွင်း၌ဆန်ဘီဘီ၏ယူနီတာ အားပေးအပ်ခဲ့သော်လည်း အောင်မြင်မှုမရှိပါ။

– ပါဝင်ပတ်သက်သူအားလုံးကယင်းတို့လုပ်ငန်းဆောင်ရွက်ရာတွင်လိုက်နာရမည့် ဘောင်သတ်မှတ်ချက်တခု ကို အတည်ပြုခြင်း၊ သို့မဟုတ် ချမှတ်ဆောင်ရွက်ခြင်းနှင့်အတူ တစုံတရာချိုးဖေါက်မှုများအားကိုင်တွယ်ဖြေရှင်းရန်၊လုပ်ထုံးလုပ်နည်းကိစ္စရပ်များကိုပုံစံ ရေးဆွဲဖေါ်ထုတ်ခြင်း။ ဤကိစ္စရပ်တွင် ပါတီတရပ်အား တရားဝင်မှုရရှိစေခြင်း သို့မဟုတ် တရားဝင်မှုပျက်ပြယ်စေခြင်းတို့ ကု ိဖြစ်ပေါ်စေပါသည်။ ခမာနီတို့၏ ၁၉၉၃ခုနှစ် ကမ္ဘောဒီးယား ရွေးကောက်ပွဲများ၌ ၊ပါဝင်မှုမရှိခြင်းသည် ယင်း၏ လက်နက်များအား အပ်နှံရန်အတွက်ပျက်ကွက်ခဲ့မှုကြောင့်ဖြစ်ရာ၊ဤကိစ္စတွင်ဥပမာတခုပင်ဖြစ်သည်။

– အတင်းအကြပ်ချိန်းခြောက်မှုကိုအသုံးပြုခြင်း ၊အင်အားအသုံးပြုခြင်း (သို့မဟုတ်) အင်အားဖြင့် ချိန်းခြောက်သကဲ့သို့သော ကိစ္စဖြစ်သည်။ အစိုးရအသစ်အား ထောက်ပံ့မှု ရုတ်သိမ်းရန် ချိန်းခြောက်ခြင်းမျိုး လည်းဖြစ်နိုင်သည်။ ဤကဲ့သို့ ချိန်းခြောက်ခြင်းကို အသုံးပြုခဲ့ရာ၊ရဝန်ဒါနှင့်ဘော စနီးယား တို့တွင် အောင်မြင်မှုအတိုင်းအဆ မတူညီဘဲ ရရှိခဲ့ကြသည်။

အခြားသောနည်းစနစ်များမှာ၊ဆက်တိုက်ဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့်၊တည်ရှိဆဲ အကောင်အ ထည်ဖေါ်နေဆဲ တာဝန်ရှိမှုများနှင့်အတူ မဖြစ်မနေ လိုက်နာရန် သဘော

## ၅၊ ၃ အကြောင်းအရာများ နှင့်အကျိုးစီးပွားများ

တူညီချက်များကိုအသုံးပြုခြင်း ၊ပါတီတရပ်ရပ်က သဘောတူညီထားသည့် ဖေါ်ဆောင်လိုက်နာရမည့်စည်းကမ်းများ မှ ဖယ်ခွာ မသွားနိုင်ရန်အတွက်၄င်း၊ ပါတီတခုအား ယင်း၏ မဲဆန္ဒနယ်မြေတခုအတွင်း၌ပင် ဖိအားပေးမှုကိုအသုံးပြုခြင်းဖြင့်၄င်း၊ ထို့အတူ နိုင်ငံတကာအသိုင်းအဝိုင်းမှဖိအားအနေဖြင့်၊မက်လုံးပေးမှုအရ(ရင်းနှီးမြှုတ်နှံမှု ကုန်သွယ်ရေး၊ အသိအမှတ်ပြုမှု၊ အဆင့်အတန်း) နှင့် ပိတ်ပင်တားဆီးခြင်း (နိုင်ငံရေးအရ သီးခြားဖယ် ထားမှု၊ စီးပွားရေးအရ ဗြူဟာမြောက်ပစ္စည်းများဖြစ်သောရေနံပိတ်ဆို့ခြင်း၊ ကုန်သွယ်ရေးသပိတ် မှောက် မှုများပြုလုပ်ခြင်းနှင့် လက်နက်အင်အားဖြင့် ဝင်ရောက် ဆောင်ရွက်ခြင်း) ဆုပေး ဒဏ်ပေး စနစ်အား ဖြင့်၊ဖိအားပေးခြင်းမျိုးတို့ ပါဝင်သည်။

သို့သော်လည်းအဖြေရှာမှုလမ်းကြောင်းပေါ်တွင်ပါတီတခုအားထိန်းထားနိုင်ရန်၊အသေခြာဆုံးနည်းလမ်းမှာ ယင်းအဖြေရှာမှုတွင် အောက်ပါတို့ကို ဆောင်ရွက်ပေးရန် လိုအပ်သည်။ အကျိုးစီးပွားများကိုပြည့်မီရန်၊ စိုးရိမ်ပူပန်မှုများကိုကြေနပ်စေရန်၊ စိုးရိမ်ကြောက်လန့်မှုများကိုပယ်ဖျက်ပေးရန် တို့ဖြစ်သည်။ သို့သော်လည်း ယင်းမှာ ခေါင်းဆောင်များ၊ သို့မဟုတ် အဖြေရှာမှုတွင်ပါဝင်သောပါတီများ၏ ခိုင်မာစွာရပ်တည်မှုပေါ် ရိုးစင်းသည့်မေးခွန်းတရပ်မျှသာ မဟုတ်ပေ။ ယင်းသည်အောင်မြင်မှုရရန် အတွက်လည်း တူညီစွာအရေးပါသော အချက်ဖြစ်သည်။ အထူးသဖြင့်ယင်းတို့၏ မဲဆန္ဒနယ်မြေများ၏ ထောက်ခံမှုရရှိရန်နှင့် လူထုအခြေပြုအဖွဲ့အစည်းများထဲတွင် အဓိကကဏ္ဍများထဲမှ ထောက်ခံမှုရရှိ ရန်အတွက် တူညီသောအရေးပါမှု ရှိပါသည်။ ဤကဏ္ဍများသည်ပေါ်ပေါက်လာသောအစိုးရသစ်အား ယင်းတို့၏ အစိုးရအဖြစ် ခံစားမှုရှိမည်။ ထို့အတူယင်းတို့သည် အစိုးရအပေါ် ၌နိုင်ငံရေးအရသော်၄င်း၊ လက်တွေ့လုပ်ဆောင်မှုအရတွင်၄င်း၊ နှစ်ရပ်စလုံးတွင်လွှမ်းမိုးမှုရှိရမည်။

၅၊၃၊၃။ ။အရင်းအမြစ်များနှင့်စွမ်းရည်ချို့တဲ့မှုများ

အရင်းအမြစ်များနှင့်စွမ်းရည်များဆိုင်ရာကိစ္စရပ်များသည် ဆွေးနွေးပွဲ အကြိုကာလမှသည် အကောင်အထည်ဖေါ်သည့် အဆင့်တိုင်အောင်၊ ဖြစ်စဉ်၏အဆင့်တိုင်းအဆင့်တိုင်းတွင် ပေါ်ပေါက်နေကြ ကိစ္စတရပ်ဖြစ်သည်။ ကိစ္စအများစုတွင် ပါတီများအကြား အရင်းအမြစ်ဆိုင်ရာမညီမျှမှုရှိနေသည်။ ထိုသို့ရှိနေခြင်းကြောင့် အရေးပါသော ပါတီတခု အဖို့ အပြည့်အဝ ပါဝင်ဆောင်ရွက်ရန် မတတ်နိုင်ဖြစ်တတ်သည်။ သို့တည်းမဟုတ် လုံးဝမပါဝင်နိုင်သည်လည်း ဖြစ်နိုင်သည်။ ပြည်တွင်းနှင့် နိုင်ငံတကာဆောင်ရွက်သူများ စိတ်ထဲတွင်သိရှိထားရမည့်အဓိကစဉ်းစားချက်မှာ၊ အရင်းအမြစ်များချို့တဲ့မှုကြောင့်ဟုဆိုကာမည်သည့်ပါတီကိုမှ ဖြစ်စဉ်မှဖယ်ထားပစ်ခြင်းမျိုး မဖြစ်ရန်ပင်ဖြစ်သည်။

သဘောတူညီချက်ကိုပုံစံရေးဆွဲသည့်အခါတွင်သင့်တင့်လျှောက်ပတ်သည့် အကောင်အထည်ဖေါ်မှု တရပ်ပေါ်ထွန်းလာစေရန် အရင်းအမြစ်များနှင့်စွမ်းရည်များဆိုင်ရာ ပကတိတည်ရှိမှုကို လေ့လာသုံးသပ်သည့် အကဲခတ်မှုမျိုးတရပ် ပြုလုပ်ရန်လိုအပ်လျှက်ရှိသည်။ ဤကိစ္စတွင်ပါတီများကိုယ်တိုင်က ယင်းတို့၏အရင်းအမြစ်များနှင့် စွမ်းရည်များကို သုံးသပ်ခြင်းပြုရန်လည်း လိုအပ်ပေသည်။ ထို့အတူဖြစ်နိုင်ပါက ဖြစ်နိုင်သမျှအသေးစိတ်ကို သုံးသပ်သင့်သည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံရေးအရ ရရှိထားသည့် သဘောတူညီချက်ကို အကောင်အထည်ဖေါ်မှုနှင့် ဘဏ္ဍာရေးအရရရှိနိုင်သည့်အရင်းအမြစ်ရှိမှုတို့အကြား၊ သဟဇာတမဖြစ်ပါက ယင်းသည်ငြိမ်းချမ်းရေးအဖြေရှာမှုအား တဖြေးဖြေးခြင်း အားနည်းစေမည် ဖြစ်သည်။ ဥပမာအားဖြင့်အကယ်၍ တက်လာသည့်အစိုးရတွင် မြေပိုင်ရှင် များအား လျော်ကြေးပေးရန်ဘဏ္ဍာငွေချို့တဲ့ပါက (ထိုသို့ပြုလုပ်ရန်လည်း အကယ်၍ သဘောတူထားပါက) သို့မဟုတ် လယ်ယာမြေ ပြန်လည်နေရာချထားရေးတွင် စီမံ ခန့်ခွဲရန် စွမ်းရည်ကင်းမဲ့နေပါက၊ လယ်ယာမြေ ခွဲဝေပေးသည့်ကိစ္စအပေါ် (ယခင်က)သဘောတူညီခဲ့မှုမှာ အဓိပ္ပာယ်မရှိလှပေ။

ပေါ်ပေါက်လာသောအစိုးရသစ်များသည်နိုင်ငံရေးနှင့်စီးပွားရေးဆိုင်ရာ၊နှစ်လမ်းသွား ပြုပြင်ပြောင်းလဲမှုများကို တပြိုင်နက်တည်းပြုလုပ်ရန်မှာ ခက်ခဲသောအနေအထားတွင် ရှိသည်။ အခြားတဖက်တွင် ပြိုကျနေသောနိုင်ငံတော်နှင့် စီးပွားရေးကို ပြန်လည် တည်ဆောက်ရန်ရှိသည်။ ယင်းအတွက် ရေတိုနလန်ထမှု ဖြစ်စေရန်၎င်း၊ စီးပွားရေးအရ တည်ငြိမ်မှုရှိစေရန်၎င်း၊ ရေရှည်ပြန်လည်တည်ဆောက်ခြင်းအတွက်၎င်း ဘဏ္ဍာရေး ဆိုင်ရာ အရင်းအမြစ်များကိုရရှိအသုံးပြုရန်လိုအပ်လျက်ရှိသည်။ အခြားတဖက်တွင် နိုင်ငံတော်၏ အများပြည်သူရေးရာမူဝါဒစီမံခန့်ခွဲမှုများတွင်၊ အထူးသဖြင့် တပြည်လုံး အတိုင်းအတာဆောင်သည့် စီးပွားရေးမူဝါဒရေးဆွဲရေးဆိုင်ရာ စွမ်းရည်နှင့် ရေရှည် စီမံကန်းရေးဆွဲရေးဆိုင်ရာ စွမ်းရည်များကို အင်အားတိုးမြှင့်ရန် လိုအပ်လျက်ရှိသည်။ ထိုသို့သော ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်နိုင်ရန် ပြည်တွင်းမှရရှိနိုင်သော ကျွမ်းကျင်မှု နှင့် အရင်းအမြစ်များ ချို့တဲ့နေပါက၊ နောက်ပိုင်းတွင် ဤလိုအပ်ချက် အတွက် တိုင်းပြည်ကိုယ်တိုင်ကသော်၎င်း၊ သို့မဟုတ် နိုင်ငံတကာအသိုင်းအဝိုင်းက သော်၎င်း သတ်သတ်မှတ်မှတ်ဖြေရှင်းရန်လိုအပ်ပေသည်။

နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် အဆိုပါနိုင်ငံမျိုးအား ထောက်ပံ့မှုပေးရန်ဆန္ဒရှိ ပါက လက်တွေ့မကျသော မျှော်လင့်ချက်များ မပေးမိစေရန် အရေးကြီးသည်။ သက်ဆိုင်ရာတိုင်းပြည်၏ လုပ်နိုင်စွမ်းရှိသောအတိုင်းအဆထက် ကျော်လွန်ပြီး စိတ်ကူးယဉ်ဆန်ဆန် စီမံချက်များကို အတိုင်းအဆမရှိ (ငွေထုပ်ပေးကာ)ကူညီလိမ့်မည် မဟုတ်ကြောင်းကို အသေအချာရှင်းပြရန် အလေးအနက် တာဝန်ရှိပေသည်။ နိုင်ကာ ရာဂွာနိုင်ငံတွင် ၁၉၉၀ခုနှစ် ပထမအကြိမ် ရွေးကောက်ပွဲတွင် နိုင်ငံတကာ အသိုင်းအဝိုင်းက ဘဏ္ဍာငွေအများအပြား ထောက်ပံ့ပေးခဲ့သည်။ထိုသို့ ထောက်ပံ့မှု မျိုးကို ၁၉၉၆ခုနှစ် နောက်တကြိမ်ပြုလုပ်ခဲ့သည်။ ယခုအခါ နိုင်ငံတကာအသိုင်းအဝိုင်းက ထိုသို့သောအကူအညီပံ့ပိုးမှုများသည် တာရှည်ခံမှုမရှိဟုပြောဆိုလာကြသည်။ နိုင်ကာရာဂွာ အစိုးရအား သိသာလောက်သော အကုန် အကျများ လျှော့ချနိုင်ရန် နည်းလမ်းများရှာရန်စုံစမ်းစစ်ဆေးမှုပြုရမည့်ဟု တောင်းဆိုလာသည်။ ထိုကဲ့သို့ အရင်းအမြစ်များ အကန့်အသတ်နှင့်ရှိနေသည့်နိုင်ငံတခုတွင် (ယခင်ကသုံးခဲ့ပြီးဖြစ်၍ ဆက်လုပ်ရန်ဖြစ်သောကိစ္စမျိုး၌) အသုံးစရိတ်များပြားခြင်းသည် မလိုအပ်သော ဝန်ထုပ် ဝန်ပိုးတရပ်ကိုဖြစ်ပေါ်စေသည်။ မိုဇမ်ဘစ်နိုင်ငံတွင် ပဋိပက္ခပြီးဆုံးပြီး၊ ပထမဆုံး ရွေးကောက်ပွဲ ပြုလုပ်သည့် ၁၉၉၄ခုနှစ်တွင် ယင်းကုန်ကျစရိတ်ကို နိုင်ငံတကာ အသိုင်းအဝိုင်းက လုံးဝတာဝန်ယူသည်။ ယင်းကုန်ကျ စရိတ်များအလွန်များခဲ့သည်။ မိုဇမ်ဗစ် အစိုးရအဖို့ အလားတူ ရွေးကောက်ပွဲ ဖြစ်စဉ်မျိုးကို သိသာလောက်သည့် ပြည်ပအကူအညီမပါရှိဘဲ ပြုလုပ်ရန် မမျှော်လင့် နိုင်ပေ။ နိုင်ငံတကာအသိုင်းအဝိုင်း အနေဖြင့် ယင်း၏အရေးပါဆုံးအခဏ်းကဏ္ဍများ အနက် တခုအဖြစ်ရွေးကောက်ပွဲ ကုန်ကျစရိတ်နှင့် ပတ်သက်သည့်နေရာတွင် ရှိနေခဲ့ပြီး၊ ငြိမ်းချမ်းရေးအဖြေရှာမှုနှင့် ကြားဖြတ်ကာလဖြစ်စဉ်များအတွက် ရေရှည်ခိုင်မာစွာရှိရန် ဘဏ္ဍာရေးဆိုင်ရာနှင့် ရုပ်ဝတ္ထုဆိုင်ရာ အရင်းအမြစ်များ ထောက်ပံ့ခြင်း ပြုလုပ်ပေးနိုင်သော်လည်း (နိုင်ငံတကာအကူမပါဘဲ) တာရှည်ခံနိုင်မှုမရှိသော စုဖွဲ့မှုအဆောက်အအုံများ တည်ဆောက် ခြင်းကို အားပေးခြင်းမပြုလုပ်မိစေရန် သတိပြုကြရမည်။

၅၊၃၊၄။ ၊စီးပွားရေးအခြေအနေဆိုးဝါးနေခြင်းနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

စီးပွားရေးပေါ်လစီ အထူးသဖြင့်၊ စီးပွားရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုအတွက် သတ်မှတ် ပြဌာန်းသည့်ပေါ်လစီတရပ်သည် မည်သည့် ပဋိပက္ခအဖြေရှာမှုတွင်မဆို အဓိက ကျသည်။ ထို့အတူအထက်တွင် ဖေါ်ပြခဲ့သည်အတိုင်း အများပြည်သူတရပ်က အစိုးရ သစ်အောက်တွင် စီးပွားရေးတိုးတက် ကောင်းမွန်လာလိမ့်မည်ဟု ယေဘူယအားဖြင့်

## ၅၊ ၃ အကြောင်းအရာများ နှင့်အကျိုးစီးပွားများ

မျှော်လင့်ထားကြသည်။ အကောင်းဆုံးနှင့် အသေးစိတ်ဂရုတစိုက်အဖြစ်ဆုံး ရေးဆွဲပုံစံဖေါ်ထားသည့် အဖြေရှာမှုသည်ပင်လျှင် စီးပွားရေး ဆိုင်ရာ ကောင်းမွန်သောကျားကန်မှုမရှိပါက (စီးပွားရေးအောင်မြင်မှုကို ထည့်မတွက်မိပါက) လွယ်ကူစွာပျက်စီးသွားနိုင်သည်။ စီးပွားရေးတရပ်သည် အသစ်သုံးစွဲမှုများ (အကောင်အထည်ဖော်မှုများ) အတွက်ကုန်ကျစရိတ်များကိုပေးနိုင်ခြင်းမရှိပါက သို့မဟုတ် ဖွံ့ဖြိုးရေးလုပ်ငန်းနှင့် အများပြည်သူ၏ အခြေအနေအရပ်ရပ်ပေါ်တွင်တိုးတက် ကောင်းမွန်အောင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါက မကြာခင်မှာပင် အခြေအနေအရပ်ရပ်သည် ယိုယွင်းလာနိုင်သည်။ အမှန်စင်စစ် ဤသို့ ပြောရန်အလွန်လွယ်သည်။ သို့သော် ယင်းကိုမဖြစ်ပွားအောင်ကာကွယ်စောင့်ရှောက်ရန်မှာအလွန်ခက်ခဲလှသည်။ တိတိကျကျအားဖြင့် အစိုးရသစ်တရပ်၏လုပ်ငန်းစဉ်များနှင့်အဆောက်အအုံများကိုတည်ဆောက်ခြင်းမှာအလွန်အမင်းစရိတ်စကမြင့်မားသည်။ ဤကိစ္စမျိုးမှာမကြာခဏဖြစ်တတ်သလို၊ အမှန်စင်စစ် သဘောတူညီမှုမတိုင်မီ ကာလတာရှည်စွာဖြစ်ပွားခဲ့သည့် အကြမ်းနည်းအင်အားသုံး တိုက်ပွဲများကြောင့် စီးပွားရေးနှင့်အခြေခံအဆောက်အအုံများပျက်ဆီးမှုများ အများအပြား ရှိခဲ့သည်။ အချို့မရှိမဖြစ်သေရေးရှင်ရေးအရေးကြီးသည့် ဖွံ့ဖြိုးမှုလုပ်ငန်းများမှာ အရင်းအမြစ်များရရှိမှုအပေါ်ဦးစားပေးစဉ်းစားမှုတရပ်၊အရ မဆောင်ရွက်နိုင်ဘဲ နှောင့်နှေးနေနိုင်ပါသည်။ စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလည်းများ၏ နက်ရှိုင်းမှုနှင့် ဒီမိုကရက်တစ်ပြုပြင်ပြောင်းလဲမှုများ၏ သိပ်သည်းခိုင်မာမှုများသည် အချိန်ပေး ဆောင်ရွက်ရလေ့ရှိသည်။ တနည်းအားဖြင့်အချိန်ကစကားပြောသည်။ ပထမမျိုးဆက်ဆိုင်ရာပြုပြင်ပြောင်းလဲမှုများ သည် စီးပွားရေးကိုတည်ငြိမ်အောင်လုပ်ပြီး စီးပွားရေးဆိုင်ရာ ပြန်လည်တည်ဆောက်မှုများကို အစပျိုးပေးသည်။ ဒုတိယမျိုးဆက်ပြုပြင်ပြောင်းလဲရေးများသည် ဖွံ့ဖြိုးတိုးတက်မှုရရှိရန်အသွင်ပြောင်းလဲမှုများအား တာရှည်ခံရန်ဆောင်ရွက်သည့် အဆောက်အအုံများ တည်ဆောက်ခြင်းနှင့် နိုင်ငံတော်အား ပြုပြင်ပြောင်းလဲရေးပြုလုပ်ရန် ရည်ရွယ်ထားရှိသည်။

ထပ်ဆင့်ပြီး၊အကယ်၍စီးပွားဆိုင်ရာအရင်းအမြစ်များသည်များမကြာခင်ကမှစစ်ပြုနေသည့်အုပ်စုများ အကြား မညီမမျှခွဲဝေပေးမှုဖြစ်ပေါ်ခဲ့လျှင် ဤကိစ္စသည် ဦးစားပေးမှုမရသည့်သူများအကြား၊ နစ်နာချက် မကြေနပ်ချက်များ အသစ်တဖန်ပြန်လည်ပေါ်ပေါက်စေနိုင်သည်။ ငြိမ်းချမ်းရေး တည်ဆောက်မှုဖြစ်စဉ်အား ကြားဖြတ်ကာလတခုအတွင်း အောင်မြင်စွာဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများ လျော့နည်းသွားမည်ဖြစ်သည်။ ဥပမာအားဖြင့်၁၉၉၃ခုနှစ် ကမ္ဘောဒီးယားနိုင်ငံ ရွေးကောက်ပွဲများတွင် ဖန်စီပက်ပါတီမှ ဘဏ္ဍာရေးဝန်ကြီးသည် နိုင်ငံတကာအသိုင်းအဝိုင်း မှ (လုံလောက်သော) အထောက် အပံ့များနှင့် စီးပွားရေးဆိုင်ရာ၊ အထူးသဖြင့်ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအကောင်အထည်ပြနိုင်မှုအတွက် အဓိကပြုပြင်ပြောင်းလဲမှုများကို အစပျိုးခဲ့သည်။ မည်သို့ဆိုစေ၊ ယင်း၏ပါတီနှင့်အတိုက်အခံနှစ်ခုစလုံးကပင် ထိုဝန်ကြီးအားသစ္စာဖေါက်အဖြစ် စွပ်စွဲကြသည်။ ယင်းအား ဝန်ကြီးရာထူးမှဖယ်ရှားပြီး ပါတီကပါထုပ်ပစ်ခဲ့သည်။ အကျိုးဆက်အားဖြင့်အများပြည်သူ၏ယုံကြည်လက်ခံမှုများ ကျဆင်းသွားပြီး၊ အစိုးရအဖွဲ့တွင် ခြစားမှုအတိုင်းအဆကို စိုးရိမ်မကင်းဖြစ်လာရုံမက ငြိမ်းချမ်းရေးအဖြေရှာမှုဆိုင်ရာအကောင်အထည်ဖေါ်မှုတရပ်လုံးအပေါ် ယုံကြည်မှု ပျက်ပြားလာသည်။ အလားတူပင် ဇင်ဘာဘွေနိုင်ငံ၌ ရောဘတ်မူဂါဘီ၏ လယ်ယာမြေပြန်ခွဲဝေရေး အစီတရပ်ဆိုင်ရာ ရွေးကောက်ပွဲအကြိုကတိပေးမှုသည် ဖွံ့ဖြိုးရေးပေါ်လစီတွင် အဓိကကျသောအစိတ်အပိုင်းတရပ် ဖြစ်သော်လည်း ယင်းအစီအစဉ်မှာမြေရရှိနိုင်မှုမရှိခြင်းကြောင့်မဟုတ်ဘဲ၊ အစိုးရအနေဖြင့်ယင်းမြေကိုဝယ်ယူရန်၊ အရင်းအမြစ်များ မရှိသောကြောင့် ယင်းအစီအစဉ်မှာ သောင်တင်လျှက်ရှိသည်။

## ၅၊ ၃ အကြောင်းအရာများ နှင့်အကျိုးစီးပွားများ

ငြိမ်းချမ်းရေးတည်ဆောက်မှုတွင် ဘတ်ဂျက်ရေးဆွဲမှု တိတိကျကျဖြစ်ရန် လိုအပ်သည်။ အထူးအရေးကြီးသည်မှာ အခွန်ဘဏ္ဍာငွေနှင့် ဆိုင်သောရသုံးငွေစရင်းပင်ဖြစ်သည်။ အခွန်အကောက်ရယူခြင်းသည် မည်သည့်အစိုးရပင်မဆို စီးပွားရေးဆိုင်ရာအရင်းအမြစ်များအတွက် မရှိမဖြစ်အစိတ်အပိုင်းတရပ်ဖြစ်သည်။ ထိရောက်သောအခွန်ကောက်ယူခြင်းစနစ်တရပ် ရှိရေး သည် တိုင်းပြည်တပြည်၏ စီးပွားရေးနာလန်ထမှုအတွက် ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်နေကြောင်းကို ပြသရာရောက်ပေသည်။ ဂွာတီမာလာနိုင်ငံတွင် ၁၉၉၆ခုနှစ်ဒီဇင်ဘာလငြိမ်းချမ်းရေး သဘောတူညီချက်ဆောင်ရွက်မှုများနောက်ပိုင်း၊လုံလောက်သော အခွန်အတုတ်ကောက်ယူရန်အစိုးရက မစွမ်းဆောင်နိုင်ခဲ့ရာ နိုင်ငံတကာအသိုင်းအဝိုင်းမှ စိုးရိမ်ပူပန်ခဲ့ကြသည်။

စီးပွားရေးမူဝါဒရေးဆွဲရေးနှင့် စီမံခန့်ခွဲရေး ကိစ္စများတွင်၊ မူဝါဒများအား ဒီဇိုင်းဆွဲခြင်း၊ ပုံစံဖေါ်ခြင်း၊ အကောင်အထည်ဖေါ်ခြင်း၊ အကဲဖြတ်ခြင်းနှင့် အကယ်၍ လိုအပ်ပါက အပြောင်းအလည်းပြုလုပ်ရန် စွမ်းရည် ရှိမှုသည် အရေးပါလှသည်။ ထို့ပြင် စီးပွားရေးဆိုင်ရာ စည်းကမ်းများအတွက် ထိရောက်သောပါလီမန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ရှိရန်လည်း လိုအပ်သည်။ ပိုင်ဆိုင်မှုသို့မဟုတ်မြေယာဆိုင်ရာ အခွင့်အရေးများကို အင်အားသက်ရောက်စေရန် ပြည့်စုံလုံလောက်သော တရားစီရင်ရေးဆိုင်ရာစနစ်တရပ်၊ အရည်အချင်း ပြည့်ဝပြီး အကောင်အထည်ဖေါ်ဆောင်နိုင်သည့် အမှုဆောင်များ၊ တရားဥပဒေစိုးမိုးရေးကိုအလေးထားမှုရှိခြင်းနှင့် ဥပဒေဆိုင်ရာလုံခြုံမှုဝန်းကျင်တရပ်တည်ရှိနေခြင်း၊ ၊အများပြည်သူကဏ္ဍနှင့် အများပြည်သူဆိုင်ရာ စီမံခန့်ခွဲမှုတွင် ပြုပြင်ပြောင်းလဲရေး အထူးသဖြင့်လူသားအရင်းအမြစ်ဆိုင်ရာစီမံခန့်ခွဲခြင်း၊ ထိုးဖောက်မြင်လွယ်မှုနှင့်ပေါ်လစီပြုလုပ်ရာတွင်အကောင်အထည်ဖေါ်ဆောင်ရာတွင် သိမြင်နိုင်မှုနှင့်အကောင်အထည်ပြုနိုင်မှု(အများပြည်သူဆိုင်ရာဝယ်ယူရေးကိစ္စများတွင်) တို့တွင် ထိရောက်သော၊ပါလီမန်ဆိုင်ရာလုပ်ထုံးလုပ်နည်းများရှိရန် ကြိုပမ်းသင့်သည်။ စောင့်ကြည့် လေ့လာအကဲခတ်သည့် အင်္ဂါစဉ်အဖွဲ့အစည်းများသည်လည်း ဆက်စပ်နေသည့် စီးပွားရေးကိစ္စရပ်များဖြစ်သော ကြီးထွားမှု၊ဖြန့်ဝေပေးမှု၊ဖွံ့ဖြိုးတိုးတက်မှုတို့ကို တိုင်းတာရန်လိုအပ်သည်။ အများအားဖြင့်စီးပွးရေးဆိုင်ရာသုတေသနသိပ္ပံတရပ် သည် အဆိုပါကိစ္စရပ်များအပေါ်တွင် စောင့်ကြည့်လေ့လာအကဲခတ်ရန်နှင့် အကြံပေးရန်တို့အတွက် အထူးအသုံးကျပေသည်။

တနည်းအားဖြင့်နိုင်ငံတော်အဖွဲ့အစည်းများ၏ဖွဲ့စည်းတည်ဆောက်ပုံတရပ်၏ ၊ဂုဏ်သိက္ခာရှိမှုနှင့်အကျိုးများမှုတို့သည် စီးပွားရေးပေါ်လစီများအပေါ် အကျိုးသက်ရောက်နိုင်သည်။ အထူးသဖြင့် စီးပွားရေးခွင်တခုတွင် ကျင်လည်နေသောသူများအတွက် အရေးကြီးသည့် တပေါင်းတစပ်တည်းရှိသောတည်ငြိမ်မှု ကြိုတင်ခန့်မှန်းသိနိုင်ခွင့်ရှိသောပေါ်လစီချမှတ်မှု တို့သည် နိုင်ငံရေးဖွဲ့စည်းပုံနှင့် သိက္ခာရှိမှု၌လည်း မူတည်နေပါသည်။ မကြာခဏဆိုသလို ဒီမိုကရေစီကြားကာလအပြောင်းအလဲများသည် ယင်းတို့ကိုယ်တိုင်က မတည်ငြိမ်မှုနှင့်မရေရာမှုများကို ထုတ်လုပ်လျှက်ရှိသည်။ ဤနေရာတွင် ဝိရောဓိ တရပ်ပေါ်ပေါက် လာသည်။ နိုင်ငံရေးအသိုင်းအဝိုင်းတွင် ဒီမိုကရေစီသည် မရေရာမှုများအား အစုအဖွဲ့ပြုဆောင်ရွက်ခြင်း ဖြစ်သည်။ စီးပွးရေးလုပ်ငန်းများသည် တစုံတခုသော၊သေချာရေရာမှုနှင့်ကြိုတင်ခန့်မှန်းနိုင်မှုဒီဂရီတရပ်ရှိရန်လိုအပ်သည်။ ဤသို့အားဖြင့်အခြေခံဆိုင်ရာပြဌာန်းချက်များနှင့်စံသတ်ချက်များကိုတောင့်တင်းခိုင်မာလာစေရမည်ဖြစ်သည်။ ထိုထက်မကပင် ဥပမာအားဖြင့် ပြိုအက်နေသော ညွန့်ပေါင်းအစိုးရများတွင် နိုင်ငံရေးအရ မတည်ငြိမ်မှုများ ပေါ်ပေါက်လာမည်။ ရေရှည်တွင်သိတ်သည်းသော တသမတ်တည်းရှိသော ပေါ်လစီများ ကို အကောင်အထည်ဖေါ်ရန် အစိုးရတွင် စွမ်းရည်ချိနဲ့မှု ဖြစ်စေသည်။ မည်သို့ဆိုစေမူဝါဒများအားကြိုတင်ခန့်မှန်းနိုင်မှုရှိခြင်းသည်၊အစိုးရ၏တည်ငြိမ်မှုရှိခြင်းအတွက်

## ၅၊ ၃ အကြောင်းအရာများ နှင့်အကျိုးစီးပွားများ

များစွာမှုမတည်ပါ။ ယင်းမှာအာဏာတွင်ဒီမိုကရက်တစ်ကျကျယုည်ပြိုင်မှုနှင့် ့ကောင်းစွာစီမံအုပ်ချုပ်ခြင်းဆိုင်ရာပြဌာန်း ခြင်းနှင့် အခြေခံစံများအားလေးစားလိုက်နာခြင်းနှင့်တသမတ်တည်းအသုံးပြုခြင်း အပေါ်တွင် ပို၍မှုတည်လျက်ရှိသည်။ဒီမိုကရေစီကျသောစီမံအုပ်ချုပ်မှုတွင်၊စံသတ်မှတ်မှုဘောင် ထားရှိခြင်းသည်ရေရှည်စီးပွားရေး ဖွံဖြိုးတိုးတက်မှုတွင် အဓိကကျသော အကြောင်းအရာ တရပ်ဖြစ်လာသည်။

၅၊၃၊၅ အကောင်အထည် ဖေါ်ခြင်းဆိုင်ရာနှောင့်နှေးမှုများ။

အဖြေရှာခြင်းကိုပံ့စံဖေါ်သည့်ဆွေးနွေးပွဲများအတောအတွင်း၊များစွာသောအကြောင်း ရပ်များအား အ ကောင်အထည်ဖေါ်ရန်အတွက်၊ အချိန်ဇယားတရပ်ကို သဘောတူညီ ထားရန်လိုသည်၊ ဤတွင်များစွာသောစုဖွဲ့မှုယန္တ ရားများအား ထူထောင်ရန်၊ သို့မဟုတ်၊ ပြုပြင်ပြောင်းလဲရန်တို့ပါဝင်လျက်ရှိသည်။ ထို့အတူမြောက်များစွာသော ဒီမိုကရေစီ နည်းကျ ယှဉ်ပြိုင်မှုများ၊အကြောင်းအရာများတို့ကို ဆောင်ကျဉ်းပေးရန် ပါဝင်လာမည် ဖြစ်ရာ၊၎င်းတို့တွင်ရွေးကောက်ပွဲများ၊ ပါလီမန်ဆိုင်ရာပြုပြင်ပြောင်းလဲမှုများ၊ အသစ် ဖွဲ့စည်းလိုက်သော လုံခြုံရေးဆိုင်ရာဌာနများ၊ လက်နက်များလွှဲပြောင်းပေးအပ်မှုများ အကျဉ်းသားများလွှတ်ပေးခြင်းနှင့် အခြားများစွာသောကိစ္စရပ်များ ဖြစ်ပေသည်။ ဤသို့ သော အဓိကပြောင်းလဲချက်များကို အကောင်အထည်ဖေါ် ခြင်းသည် ဖြေရှာမှုပြုခြင်း၏ အရှိန်အဟုန်ကို တာရှည်တည်တန့်စေရန် မရှိမဖြစ်အရေးပါလျက်ရှိသည်။ ပြောင်းလဲမှု တခု ချင်းဆီ၏ ပြီးစီးအောင်မြင်မှုသည် အတိုင်းမဆကြီးမားသောတန်ဘိုး ပေးနိုင်သည်။ ဤပြောင်းလဲမှုများတခုချင်းစီ၏ပြီးစီးအောင်မြင်မှုသည် ယခင်ကနိုင်ငံရေးပြိုင်ဖက်များ အကြား အပြန်အလှန်ယုံကြည်မှုနှင့် အားထားမှုတည်ဆောက်ရန်၎င်း၊ ဆက်လက်ပြီး ပူးပေါင်းဆောင်ရွက်မှုကိုပုံစံဖေါ်ဆောင်ရွက်နိုင်ရန်သော်၎င်း ဖြစ်ပေါ်စေသည်။

ဤဖြစ်စဉ်တွင်နောက်နှေးမှုများရှိခြင်းသည် ရှေ့တွင်ပေါ်ပေါက်တော့မည့် ပြဿနာ များ၏ သတိပေးလက္ခဏာများ ပင်ဖြစ်သည်။ အချို့နောက်နှေးမှုများကိုမူ ရှောင်လွှဲ၍ မရနိုင်ချေ။ သို့သော်အခြားသောနှောင့်နှေးမှုများသည် အဖြေရှာမှုတွင်ပါဝင်နေသော အချို့သောအဖွဲ့အစည်းများအကြား (ယခင်က ခံယူခဲ့သည့် သဘောတူညီချက်နှင့် မူများ အပေါ် ) ခိုင်မာစွာ မရပ်တည် ဘဲ လျော့ကျလာသည်ဟု ကောက်ချက်ဆွဲနိုင်သလို၊ ကတိ ပျက်ကွက်မှုတခုဟုလည်း ယူဆနိုင်သည်။ ဤနေရာတွင် အချိန်ဇယားအလိုက် တိုးတက် မှုကို ပုံမှန်သုံးသပ်နေရန် အရေးကြီးပေသည်။ မည်မျှများများပြီးမြောက်ခဲ့သည်၊ သတ်မှတ်ချက်ပေါ်တွင်မည်မျှများများဆက်လက်ဆောင်ရွက်နေသည်၊ မည်သည့်နေရာ တွင် နှောက်နှေးမှုများဖြစ်နေသည်၊ မည်သည့်အရာနှင့်မည်သူတို့ကတိုးတက်မှုကို အနှောက်အယှက်ပြုနေသည်၊ အဘယ်ကြောင့်ပြုနေသည်၊ အချိန်ဇယားကို ပြန်ပြောင်း ထိန်းညှိပေးရန်လိုအပ်ပါသလား။ ပြည်သူလူထုနှင့် ပိုမိုဆွေးနွေးတိုင်ပင်မှုပြုရန် လုပ်သင့်သလား စသည်ဖြင့်လေ့လာသုံးသပ်မှုပြုရန်လိုအပ်သည်။

သဘောတူညီထားသည့် အချိန်ဇယားတရပ်ရှိသော်လည်း ၊အစွရေးတပ်ဖွဲ့များ ရုတ်သိမ်းရန်နှောင့်နှေးမှုများသည်အောဲစလိုသဘောတူညီချက်နှင့် နောက်ဆက်တွဲ သဘောတူညီချက်များအပါအဝင်၊အစွရေးပါလက်စတိုင်းငြိမ်းချမ်းရေးဖြစ်စဉ်၏ဖြစ်ထွန်း တိုးတက်မှုများကို၊စောစီးစွာသတိပေးခေါင်းလောင်းထိုးခဲ့သည်။ တင်းကြပ်သော အချိန် ဇယားနှင့်အညီ ဆောင်ရွက်စေပြီး နှောင့်နှေးမှုကိုအပြစ်ပေးသည့် ပိတ်ဆို့မှုများကို ၁၉၉၈ မြောက်ပိုင်းအိုင်ယာလန်သဘောတူညီချက်တွင် ထည့်သွင်းတည်ဆောက်ထားသည်။ အကြောင်းပြချက်များ ခိုင်လုံသည်ဖြစ်စေ၊ မခိုင်လုံသည်ဖြစ်စေ နှောင့်နှေးမှုများသည် မကြေနပ်အားမရခြင်းကို ဖြစ်ပေါ်စေသည်။ စောင့်ကြည့်အကဲဖြတ်လေ့လာခြင်းနှင့် အကောင်အထည်ဖေါ် ခြင်းကို ဆောင်ရွက်မည့် လုပ်ငန်းအဖွဲ့တခုကို ပါတီအားလုံး

ပါဝင်သည့် အုပ်စုတရပ်ကဲ့သို့ဖြစ်စေ သို့မဟုတ်နိုင်ငံတကာအဖွဲ့ကဲ့သို့ ဖြစ်စေ၊ ဖွဲ့စည်းပြီး သဘောတူညီချက်၏ မျက်နှာစာများအားလုံးတွင် တိုးတက်မှုကို အကဲဖြတ်ပေးရန် လိုအပ်ပေသည်။ တရားဝင်ခန့်အပ်ထားသည့် ပါတီအားလုံးပါဝင်သည့်အေဂျင်စီတရပ်လည်း တိုးတက်မှု၏အတိမ်အနက်ကိုစမ်းသပ်ရန်၄င်း၊ အနှောက်အယှက်များတွင် ဖြေရှင်းပေးရန်၄င်း၊ ရှောင်လွှဲမရသောနှောင့်နှေးမှုများ အတွက်ကြည်လင်ရှင်းလင်းသည့် ရှင်းလင်းချက်များပေးရန်၄င်း၊ သတ်မှတ်ထားသည့် ကြားကာလတိုင်းတွင် တွေ့ဆုံရန် အကျိုးဆောင်ပေးရန် လိုအပ်ပါသည်။

၅၊၃၊၆။ အခြေခံအခွင့်အရေးများနှင့်လွတ်လပ်မှုများကို အင်အားချိန့်စေခြင်း။

နိုင်ငံတကာက အသိအမှတ်ပြုထားသည့် လူ့အခွင့်အရေးနှင့် အခြေခံကျသည့် အခွင့်အရေးများ၊ စံများ ကို သဘောတူညီချက် အသစ်တရပ်၏ အစိပ်အပိုင်းအနေဖြင့် ရှင်းလင်းစွာ မြှင့်တင်မှုပြုလုပ်ပေးသင့်သည်။ လူ့အခွင့်အရေးမြှင့်တင်ခြင်းသည် နိုင်ငံရေးနယ်ပယ်တွင်နိုင်ငံတကာအသိုင်းအဝိုင်းမှ အထောက်အကူပြုရန် အာရုံပထမဆုံးစူးစိုက်သည့် နေရာဖြစ်လေ့ရှိသည်။ ဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးလေးစားရန်အားပေးမှုများသည် ယင်းဥပဒေနှင့်လူမှုဆိုင်ရာပေါ်လစီများကို ပြဋ္ဌာန်းပေးမည့် ဥပဒေပြုလွှတ်တော်များနှင့် တရားရုံးများအပါအဝင် ယင်းတို့ကို အကောင်အထည်ဖေါ်မည့် အစိုးရဌာနများ၊ ပုလိပ်တပ်ဖွဲ့များနှင့်စစ်တပ်တို့အပေါ်တွင် ပိုမိုဂရုပြု အားပေးသင့်ပေသည်။

နက်ရှိုင်းစွာအမြစ်တွယ်နေသည့်ပဋိပက္ခတရပ်တွင် ဒီမိုကရက်တစ်အဖြေရှာမှု တရပ်တွင် ပုံမှန်အားဖြင့် အခြေခံလူ့အခွင့်အရေးများကို စောင့်ရှောက်ရန်နှင့် အာမခံနိုင်ရန်အတွက် လုပ်ထုံးလုပ်နည်း ယန္တရားတရပ်ပါဝင်မည်ဖြစ်သည်။ အခြေအနေအလိုက် ယခင်ကာလ အစိုးရလက်ထက်မှ အခြေအနေများထက် အလွန်သိသာသည့် ပြောင်းလဲမှုတရပ် ဖြစ်မည်ဖြစ်သည်။ ဤသို့သော အပြောင်းအလဲများကို ဖေါ်ဆောင်ရန် ပျက်ကွက်ခြင်း၊ သို့မဟုတ် အချို့သောအုပ်စုများ ခွဲခြားဆက်ဆံခြင်းများကို ဆက်လက်ဆောင်ရွက်နေခြင်းတို့သည် ပြောင်းလဲမှု (စနစ်) အသစ် ၏ထိရောက်မှုမရှိခြင်းနှင့် အောင်မြင်မှုမရှိခြင်းကို ရည်ညွှန်းနေပေသည်။ ယင်းသည်သဘောတူညီချက်၏ အသဲနှလုံးကို ခြိမ်းခြောက်နေခြင်း ဖြစ်သည်။

လူ့အခွင့်အရေးချိုးဖောက်မှု အချို့ကို သတ်သတ်မှတ်မှတ် ဖြေရှင်းရန် လူ့အခွင့်အရေး လေ့လာစောင့်ကြည့်သည့်အဖွဲ့များကို တည်ထောင်မှု ပြုနိုင်သည်။ သို့မဟုတ် တခါတရံတွင်ပြင်ပမှခေါ်ယူလာနိုင်သည်။ သတင်းစာနယ်ဇင်းဆိုင်ရာလွတ်လပ်ခွင့်များ ထိပါးခံနေရသည်လား။ အစိုးရနှင့်မီဒီယာ အကျိုးစီးပွါးရေးနှစ်ရပ်စလုံးမှ ကင်းလွတ်သည့် မီဒီယာစောင့်ကြည့်မည့်အဖွဲ့တခုလည်းရှိသင့်ပြီး၊ ယင်းသည်အခြေအနေကိုအကဲခတ်နိုင်ပြီး အစီရင်ခံစာ တင်ပြနိုင်သည်။ အကျဉ်းသားများသည် နှိပ်စက်ညှင်းပန်းခံနေရသလား စသည့် လေ့လာချက်များနှင့်ကုစားခြင်းများကို သုံးသပ်အကဲဖြတ်ဆောင်ရွက်နိုင်ရန် လွတ်လပ်သောအကျဉ်းထောင်ဆိုင်ရာအာဏာပိုင်တရပ် လည်းရှိသင့်ပေ သည်။ ယင်းသို့ထူထောင်ရန် ငွေကြေးကုန်ကျမှု နှင့် အခြားအခက်အခဲများရှိပါက ကြက်ခြေနီ သို့မဟုတ် နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ ကဲ့သို့သော နိုင်ငံတကာ NGO များ၏ အကူအညီကို ရယူသင့်ပေသည်။ တရားဝင်စုံစမ်းစစ်ဆေးမှုပြုနိုင်သည့် အဖွဲ့အစည်းများ၊ ကော်မရှင်များ၊သို့မဟုတ်ခုံရုံးများသည် လူ့အခွင့်အရေးစံများကို လိုက်နာဆောင်ရွက်သည့်ဒီကရီအား မြင်သာအောင် ဖေါ်ထုတ်နိုင်သည်။ ၊ဤသို့သောကိစ္စရပ်များတွင် သင်တန်းပို့ချမှုများသည် အခွင့်အရေးများနှင့် ဆက်နွယ်သည့်ချိုးဖေါက်မှုများ၏အရင်းခံအကြောင်း(စိတ်ဓါတ်လှုံ့ဆော်မှု)နှင့်ဇစ်မြစ်များကိုစိန်ခေါ်မှုများပြုလုပ်ရာ တွင် ဖြည့်ဆည်းပေးသည်။

## ၅၊ ၃ အကြောင်းအရာများ နှင့်အကျိုးစီးပွားများ

၅၊၃၊၇။ မတော်မတရားအာဏာပြ အကြပ်ကိုင်မှု။

ဤဝေါဟာရသည်အာဏာအလွဲသုံးမှုပုံစံတရပ်ကိုရည်ညွှန်းသည်၊၊အထူးသဖြင့် ယင်းသည်အုပ်စိုးနေသောအုပ်စုတခု၊သို့မဟုတ်၊ပုဂ္ဂိုလ်တစ်ဦးသည် သဘောတူညီထားသည့် အဖြေရှာမှုအခြေခံပေါ်တွင်အာဏာရရှိလာသည်။ သို့သော် နောက်ပိုင်းတွင် သဘောတူညီချက်တွင်ပါသည့် ဖွဲ့စည်းပုံဆိုင်ရာအခြေခံတွင် သတ်မှတ်ဖော်ပြထားသည့် အတိုင်း မဟုတဘဲ ယင်းဖာသာအာဏာကို ပိုမို၍သုံးစွဲရန် သဘောတူချက်များကို ပယ်ဖျက်လာသည်။

နိုင်ငံရေးအာဏာများခွဲဝေမှုများအတွက် သဘောတူညီမှုများကို ဖွဲ့စည်းအုပ်ချုပ်ပုံ တရပ်တွင် ထုံးစံအားဖြင့် ပြဋ္ဌာန်းထားလေ့ရှိသည်။ အများအားဖြင့် ၄င်းတို့တွင်ထိုသို့ ချိုးဖေါက်မှုများကို ကာကွယ်ထားမည့် ဥပဒေများ ပါဝင်မည်ဖြစ်သည်။ ယင်းတို့မှာ အာဏာများကိုတရားဝင်ခွဲဝေခြင်းဖြစ်သည်။ မတရားအာဏာပြခြင်း၊ လုယူခြင်း ဟူသည်မှာ သမ္မတတယောက်သို့မဟုတ်အုပ်ချုပ်နေသောပါတီက ဤသို့သိမ်မွေ့သည့် အာဏာထိန်းညှိမှုကိုဖြိုဖျက်ပြီး၄င်းဖါသာ၄င်းတရားစီရင်ရေးဆိုင်ရာကိုခန့်အပ်နိုင်သည်၊ စစ်ကြေညာနိုင်သည်၊ဖွဲ့စည်းအုပ်ချုပ်ပုံပိုရပ်ဆိုင်းနိုင်သည်၊သို့မဟုတ်၊ ယင်း၏ အာဏာ သက်တမ်း ကာလကိုတိုးမြှင့်နိုင်သည် သို့မဟုတ် ဒေသဆိုင်ရာဥပဒေပြု လွှတ်တော် များကို ရပ်စဲပြီး ခွဲဝေပေးထားသောအာဏာများကို ဗဟိုဆီသို့ ပြန်လည်စွဲယူစ ပြုလာသည်၊ သို့မဟုတ်ထိုသို့သောနေရာများသို့ ငွေကြေးဖြတ်တောက်မှု ပြုလာသည်၊ စသည့် အာဏာသစ်များကို မိမိဖါသာ ကြေညာဆောင်ရွက်လာခြင်းဖြစ်သည်။

အထက်ပါကဲ့သို့သော အပြုအမူများဖြစ်ပွားခဲ့သည့် သာဓကအများအပြား ရှိသည်။ အများအားဖြင့်၊ဖွဲ့စည်းပုံဆိုင်ရာဖြစ်စဉ်များကိုရပ်စဲပြီး၊အမိန့်ဒီကရီများဖြင့်အုပ်ချုပ်ရန်၊ ရွေးချယ်သည့်သမ္မတများနှင့်စပ်လျဉ်း၍ဖြစ်ပါသည်။ ဥပမာအားဖြင့် ရုရှားသမ္မတ ဘောရစ်ယက်ဆင်သည် ရုရှားပါလီမန်မှတင်သွင်းထားသော တရားမဝင်သည့် ဥပဒေ များကို ၁၉၉၃ခုနှစ်တွင် တုန့်ပြန်မှုပြုရာ၌ ဖွဲ့စည်းပုံဆိုင်ရာတရားရုံးကို ဆိုင်းငံ့ခြင်း၊ ဒေသဆိုင်ရာအစိုးရဖွဲ့စည်းတည်ဆောက်မှုများကိုဖျက်သိမ်းခြင်းများကို ဆောင်ရွက်ခဲ့ရာ လေ့လာသုံးသပ်သူ ဖါရိဇာခရီးယား က ရုရှားမဟာသမ္မတကြီး ဟု ထိရောက်စွာ ဖန်တီးခေါ်ဝေါ်ခဲ့သည်။ ပီရူးနိုင်ငံတွင်သမ္မတဖူဂျီမိုရီ၊ ဘယ်လရုစ်နိုင်ငံတွင်လူးကားချက်ကို၊ အာဂျင်တီးနားတွင်မီနာ၊နှင့်အခြားအများအပြားသောသမ္မတများသည် လုံးဝနှင့် အနုတ် လက္ခဏာဆောင်သူများ မဟုတ်သည့်တိုင် များစွာသောလှုပ်ရှားမှုများအရ အလားတူမတရား အာဏာရယူခြင်းမျိုးပြုလုပ်ခဲ့သည်။ တိုင်းပြည်၏ဒီမိုကရက်တစ် ဖွဲ့စည်းတည်ဆောက်မှုများကို လုံးဝဖျက်သိမ်းခြင်း မဟုတ်သော်လည်း၊၄င်းတို့သည် ဒီမိုကရက်တစ်အာဏာရှင်များ ဟူသောစကားရပ်ဖြင့်ဖြစ်လာကြပြီး အနည်းဆုံး အားဖြင့် အဖြေရှာမှု၏စကားလုံးများ ၊စာသားများကိုမဖျက်သည့်တိုင်၊ ၄င်းတွင်ပါရှိသည့် ၊အကြောင်းအရာနှင့်စိတ်ဓါတ်ကိုဖျက်ဆီးမှုပြုခဲ့ကြသည်။ များစွာသော အကြောင်း အရာများတွင်၊ ဒီမိုကရက်တစ်တည်ငြိမ်မှုသည် မတရားရုံးတော်ကိုလုယူခြင်းအား ၊ဆန့်ကျင်သည့်ဖြစ်စဉ်ပေါ်တွင်တည်နေသည်။လူ့အသိုင်းအဝိုင်းတခုလုံးအားဖြင့်ဒေသခံ အစိုးများသို့၄င်း၊ဒေသဆိုင်ရာအာဏာပိုင်များတို့၄င်း၊ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနေရာများဆီ သို့၄င်း၊ထိုသို့သောအလားတူနေရာများဆီသို့ဗဟိုမှအာဏာကိုလက်အောက်အဖွဲ့ အစည်းများသို့ခွဲဝေပေးခြင်း အားဖြင့်တားဆီးနိုင်သည်။

ထို့ကြောင့်ပုမှန်အကဲဖြတ်သုံးသပ်မှုကိုအသစ်ပေါ်ထွက်လာသောအုပ်ချုပ်မှုထဲတွင် အာဏာခွဲဝေခြင်းပြုလုပ်ရာ၌ပါရှိရမည်ဖြစ်သည်။အပြောင်းအလဲများကိုပြုလုပ်ရာတွင်၊ အထူးသဖြင့်ဖွဲ့စည်းပုံဆိုင်ရာအပြောင်းအလဲများတွင်မှတ်သားရန်နှင့်စိန်ခေါ်မှုပြုရန် လိုအပ်သည်။သို့မဟုတ်အများ၏သဘောထားကိုရယူပြီးပြုလုပ်ရမည်ဖြစ်သည်။သရုပ်ပြ

သည့်နည်းလမ်းများအားဖြင့်ဖွဲ့စည်းပုံထဲတွင်ဖော်ပြခဲ့သည့်အကန့်အသတ်ဘောင်ထက် ကျော်လွန်ပြီး သမ္မတတစ်ဦး၏ ရုံးတော်ကိုနေနိုင်သည့်သက်တမ်းကိုတိုးမြင့်ခြင်းသည် ဤသို့သောကိစ္စများဖြစ်လာသည့်သတိပေးချက်တရပ်ဖြစ်နိုင်ပါသည်။ ဗဟိုဆီသို့ အာဏာကိုစွဲယူခြင်းသည်၊ဆွေးနွေးညှိနှိုင်းထားသည့်သဘောတူညီချက်တွင်မူလ သတ်မှတ်ထားသည့်အခြေအနေများ၏အားနည်းချက်တရပ်ဖြစ်ကြောင်းအများအားဖြင့် လက္ခဏာဖော်ပြလေ့ရှိပါသည်။ဖွဲ့စည်းအုပ်ချုပ်ပုံဆိုင်ရာလေ့လာသုံးသပ်ချက်ဖြစ်စဉ် တရပ် တရားဝင်စွာထည့်သွင်းပြီး လွတ်လပ်စွာဖြင့်စီမံဆောင်ရွက်ခဲ့လျှင် အုပ်ချုပ်ရေး၏ အဓိကပြဿနာချက်များကိုကာကွယ်စောင့်ရှောက်သည့်လုပ်ငန်းအားယန္တရားဖြစ်စဉ် တရပ်ဖွဲ့စည်းနိုင်သည့် ထိရောက်သောနည်းလမ်းတရပ်ဖြစ်ပါလိမ့်မည်။တခါတရံတွင် ရွေးချယ်စရာများအား အထိုက်အလျောက် ကန့်သတ်ထားကြသည်။ ကမ္ဘောဒီးယား နိုင်ငံတွင်ဟူဆန်၏၁၉၉၇ခု၊ဇူလိုင်အာဏာသိမ်းမှုနောက်ပိုင်းတွင်နိုင်ငံတကာအသိုင်း အဝိုင်းများသည်ရုံးတော်ကိုမတရားလုယူမှုအားကိုင်တွယ်ရန်ကြိုးပမ်းမှုများတွင်၊ရုံးတော် လုယူမှုအားတိုက်ရိုက်ဖြေရှင်းရန်ကြိုးပန်းခြင်းထက်အစိုးရကိုဆက်ဆံမှု မပြုခြင်းနှင့် ရွေးကောက်ပွဲအစီစဉ်အတိုင်းဆက်လက်ပြုလုပ်ရန်တွန်းအားပေးခြင်းစသည်တို့ကိုပြုလုပ် ကြသည်။

၅၊၃၊၈။ (လာဘ်စားခြင်း) ခြစားခြင်းနှင့်ဆွေမျိုးကောင်းစားရေးဝါဒ။

နိုင်ငံရေးအာဏာကိုကိုင်တွယ်ထားခြင်းသည် ဆွေမျိုးကောင်းစားရေးဝါဒ တရပ်ကို ကျယ်ကျယ်ပြန့်ပြန့်ခွင့်ပြုသည်၊ သို့မဟုတ် လာဘ်စားသောအလေ့အထများ ဖြစ်လာနိုင် စရာ ရှိနေသည်။ မျက်နှာသာရရန် လာဘ်လာဘရရန် အတွက် မပြည့်မစုံသော မူဝါဒ ဆိုင်ရာဆုံးဖြတ်ချက်များ၊ မျက်နှာသာပေးလိုသော ပုဂ္ဂိုလ်များနှင့် အုပ်စုများကို ဆုလပ် အနေဖြင့်နိုင်ငံရေးဆိုင်ရာခန့်အပ်မှုများပြုလုပ်ခြင်း၊ ပုဂ္ဂိုလ်ရေးရာကြွယ်ဝမှု သို့မဟုတ ြသြဇာအရှိန်အဝါရယူလိုမှုဖြင့်ပေါ်လစီဖွဲ့စည်းဆောင်ရွက်ခြင်းစသည်တို့ဖြစ်သည်။

အထက်ပါလာဒ်စားသည့်အလေ့အထ၏ရလဒ်မှာနှစ်ပိုင်းရှိသည်။ ပထမအပိုင်းမှာ အစိုးရတရပ်သည် အခြားသောလူ့အသိုင်းအဝိုင်းဆိုင်ရာ အကျိုးစီးပွါးများဆိုသည်ထက် ၎င်း၏ကိုယ်ပိုင်ကျဉ်းမြောင်းသော အကျိုးစီးပွါးအလို့ငှာ စီမံအုပ်ချုပ်ခြင်းဖြစ်သည်။ ဒုတိယအချက်မှာ ၎င်းသည် လူထုအတွင်း (အစိုးရအပေါ်) အဆိုးမြင်ဝါဒများ ဖြစ်ပေါ် စေပြီး၊ အစိုးရလုပ်ငန်းများကိုမဖြစ်မနေ ထိခိုက်နိုင်ပေမည်ဖြစ်သည်။

အများပြည်သူဆိုင်ရာ တာဝန်ခံနိုင်မှုနှင့်ကြည့်မြင်နိုင်မှုကိုမွေးမြူပေးသည့် လုပ်ငန်းစဉ် များသည် ခြစားမှုအလေ့အထများကို ထိန်းချုပ်မှုပြုနိုင်ပါသည်။ တောင်အာဖရိက နိုင်ငံတွင် ပထမဆုံးအကြိမ်ရွေးကောက်ပွဲများပြီးဆုံးပြီးနောက် လုပ်ငန်းဆိုင်ရာကျင့်ထုံး တရပ်ကို စတင်ချမှတ်ခဲ့သည်။ ယင်းတွင် လက်ဆောင်ပေးကမ်းမှုနှင့် မျက်နှာသာပေးမှု များကို လက်ခံခြင်းနှင့် ့စပ်လျဉ်းသည့်အပြုအမူများပေါ်တွင် စေ့စေ့စပ်စပ် အကန့် အသတ်များ ထားရှိသည်။ ဤသို့ဖြင့်ခြစားမှုများ လွှမ်းမိုးလာနိုင်သည့်အနေအထားကို လျော့ချ နိုင်ခဲ့သည်။ အလားတူပင်နိုင်ငံရေးသမားများအတွင်း လုပ်ငန်းဆိုင်ရာ ကျင့်ထုံးများ၊ ခန့်အပ်ခြင်းဆိုင်ရာလုပ်ငန်းဖြစ်စဉ်များနှင့် ချဉ်းကပ်စည်းရုံးခြင်း ဆိုင်ရာအလေ့အကျင့်များ အတွက်လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာကျင့်ထုံးများ ချမှတ်ခြင်း ဖြင့် ခြစားမှုကို ကာကွယ်နိုင်ခဲ့သည်။ ယင်းကျင့်ထုံးများသည် ရေရှည်တွင် တရားဝင် ထိန်းညှိမှုဆိုင်ရာ ဥပဒေယန္တရားများတည်ထောင်ခြင်းအတွက် အထောက်အကူပြု ပါသည်။ များစွာသောတိုင်းပြည်များတွင် နိုင်ငံရေးသမားများက ယင်းတို့၏ ပုဂ္ဂိုလ်ရေး ဆိုင်ရာ အကျိုးစီးပွားများသည် ပေါ်လစီဆုံးဖြတ်ချက်များပြုလုပ်ရန်ထိခိုက်နိုင်ပါက ယင်းအကျိုးစီးပွါးများကို ဖွင့်ချပြရမည့်ပါလီမန်ဆိုင်ရာမော်ကွန်းဌာနတခု တည်ရှိပါသည်။ ထိုလုပ်ငန်းစဉ်များသည် နိုင်ငံရေးသမားများနှင့်ပြည်သူ့ဝန်ထမ်းများအား ခြစားမှုများမှ

## ၅၊ ၃ အကြောင်းအရာများ နှင့်အကျိုးစီးပွားများ

ရှင်းရှင်းလင်းလင်း မကာကွယ်နိုင်သော်လည်း၊ ယင်းတို့သည် အပြုအမူဆိုင်ရာဘောင် တခု အဖြစ်သတ်သတ်မှတ်မှတ်ရှိနေမည် ဖြစ်သည်။ ယင်းဘောင်ကျော်လွန်မှုရှိပါက အပြစ်ပေးခြင်းခံရမည် ဖြစ်သည်။ အမှန်စင်စစ် အဆိုပါထိန်းညှိမှုများကို မည်ကာမတ္တ တည်ရှိနေခြင်းမျှသာ မဟုတ်ပဲ ၄င်းတို့အား သက်ရောက်မှုရှိအောင် ပြုလုပ်ခြင်းသည် လည်း အရေးပါသောကိစ္စဖြစ်သည်။

အုပ်ချုပ်ရေးစံနစ်သည် အခွင့်အရေးများချိုးဖေါက်ခြင်းကိုဖြေရှင်းပေးရန်နှင့် လေးစား လိုက်နာရန် အကာအကွယ်ပေးရသည် ဆိုသော်လည်း၊ ယင်းလုပ်ငန်း အကောင် အထည်ဖော်ရာ၌ ကြည်လင်ပွင့်လင်းမှုရှိရန် တရားစီရင်ရေးစနစ်က အာမခံချက် ပေးရမည် ဖြစ်သည်။ အစိုးရအဖွဲ့နှင့် ဥပဒေပြုလွှတ်တော် နှစ်ရပ်အပေါ်တွင်၊ ယေဘုယျ အားဖြင့် ပြည်သူ့စီမံအုပ်ချုပ်ရေးစနစ်တခုလုံးအပေါ်တွင်၊ တရားစီရင်ရေးအလွှာမှ ထိန်းညှိသွားရမည် ဖြစ်သည်။ ထိုမှသာ ဒီမိုကရေစီစနစ်တရပ် ခိုင်ခိုင်မာမာ ပေါ်ထွန်း လာမည် ဖြစ်သည်။ အထူးသဖြင့်ခြစားမှုကိုတိုက်ဖျက်သည့်လုပ်ငန်းများတွင် ယင်းသို့ အာဏာဟန်ချက်ညီမှုသည် အရေးပါသော လိုအပ်ချက်ဖြစ်သည်။ ဤကဏ္ဍကို ကောင်းစွာဆောင်ရွက်နိုင်ရန် တရားစီရင်ရေးစနစ် ကိုယ်တိုင်က မျှတပြီး ဘက်လိုက်မှု ကင်းရမည် ဖြစ်သည်။ လူထုကလည်း ထိုသို့ မြင်နေရန် အရေးကြီးပေသည်။ မျှတသော တရားစီရင်ရေးစံနစ်တရပ်သည် လူတိုင်းအတွက် လက်တကမ်းတွင် လွယ်လင့်တကူ အသုံးချနိုင်ရန်လည်း ဖြစ်နိုင်ရပေမည်။

၅၊၃၊၉။ အုပ်ချုပ်မှုညံ့ဖျင်းခြင်း

အုပ်ချုပ်မှုညံ့ဖျင်းခြင်း၏အကျိုးဆက်များသည် ခြစားသောအစိုးရတရပ်၏ အကျိုး ဆက်များနှင့်ဆင်တူသည်ဟုထင်မြင်ရပေသည်။ သို့သော်ဖြစ်ရသော အကြောင်းရင်းမှာမူ ရည်ရွယ်ရင်းမရှိဘဲ (တမင်အကွက်ချစီစဉ်ခြင်း မဟုတ်ဘဲ) အမှန်တကယ် စွမ်းဆောင် နိုင်မှုမရှိခြင်း(သို့မဟုတ်) အတွေ့အကြုံမရှိခြင်းတို့ကြောင့် ဖြစ်သည်။ မည်သို့ဆိုစေကာမူ ပြည့်ဝစွာဆောင်ရွက်နိုင်မှုမရှိသော အုပ်ချုပ်မှုသည် ငြိမ်းချမ်းရေးသဘောတူညီမှုများ ကိုအခြေခံကျကျ အင်အားချိနဲ့စေမည်သာဖြစ်သည်။ အုပ်ချုပ်မှုညံ့ဖျင်းခြင်းကြောင့် အစိုးရလုပ်ငန်းများရပ်ဆိုင်းသွားနိုင်သည်။ ထို့အတူ ငြိမ်းချမ်းရေးဖြစ်စဉ်ကို မလိုလားသူ များက မြန်မြန်ဆန်ဆန်အခွင့်ကောင်းယူနိုင်သည်။ အုပ်ချုပ်မှုညံ့ဖျင်းခြင်းသည် ခြစားမှု အလေ့အထကို ပိုမိုလွယ်ကူစေသည်။ အကြောင်းမှာလုပ်ငန်းဆောင်တာများတွင် တိကျမှုမရှိခြင်းနှင့် ထိန်းကျောင်းပေးမည့် မူဘောင်များမရှိခြင်းကြောင့်ဖြစ်သည်။

အခန်း(၃)တွင်ဖေါ်ပြခဲ့သည့်အတိုင်း၊ ဆွေးနွေးညှိနှိုင်းမှုဖြစ်စဉ်အတွက်အများပြည်သူ များအား ပြင်ဆင်ပေးသည့် အနေဖြင့် နိုင်ငံရေးပညာပေးအစီအစဉ်များကို ဆောင်ရွက်ခဲ့ရသည့်အတိုင်း သဘောတူညီမှုနောက်ပိုင်း ကာလများတွင်လည်း ယင်းအစီအစဉ်များ ထပ်မံလိုအပ်နေဦးမည် ဖြစ်သည်။ ဥပမာအားဖြင့် ခမာ ဒီမိုကရေစီတက္ကသိုလ် ဟု ခေါ်သော ခမာNGOတခုသည် ရွေးကောက်ပွဲဆိုင်ရာ ဖြစ်စဉ်များအတွက် အစိုးရအရာထမ်းများကို လေ့ကျင့်မှုပေးလျက်ရှိသည်။ ထပ်မံ၍ လည်း အခြားနိုင်ငံများမှ တာဝန်တူ – လုပ်ငန်းတူ လုပ်ဖေါ်ကိုင်ဖက်များနှင့် အပြန် အလှန် ဆက်သွယ်ဆောင်ရွက်မှု (ယေဘူယျအားဖြင့် နိုင်ငံတကာ အသိုင်းအဝိုင်း အကူအညီများနှင့်)သည် စတင်ဖြစ်ပေါ်စအစိုးရတရပ်၏ မိမိကိုယ်ကိုယုံကြည်စိတ်ချမှုနှင့် ကျွမ်းကျင်မှုများကို အထောက်အပံ့ပြုနိုင်ပါသည်။

အဖြေရှာမှုတွင်ပါဝင်သောပါတီများ၊အဖွဲ့အစည်းများသည်၊ နိုင်ငံတကာ အသိုင်း အဝိုင်းကဲ့သို့ပင်၊ လိုအပ်သော သုံးသပ်ချက်များ ပြုလုပ်ပြီး အားနည်းနေသော အစိုးရ အုပ်ချုပ်ရေးကဏ္ဍများကို အားဖြည့်ပေးသွားရန် စီစဉ်ထားသင့်ပေသည်။ မကြာခဏ ဆိုသလို အစိုးရသစ်တရပ်သည် ကဏ္ဍတခုခုတွင် အားနည်းနေကြောင်း ဝန်ခံရန်

တုံ့ဆိုင်းနေတတ်သည်။ ပြင်ပအကူအညီ ယူရန်လည်းမလုပ်ချေ။ ဤကဲ့သို့သော အားနည်းချက်တရပ်ကို အသိအမှတ်ပြုရန်နှင့် အကူအညီမယူလိုမှုသည် အဆုံးစွန်တွင်မှ အရှက်တကွဲ ဖြစ်ရသည်ထက် ပို၍ကြီးမားသောသက်ရောက်မှုများ ရှိလာနိုင်သည်။ အကန့်အသတ်ရှိမှုများကို ဝန်ခံခြင်းနှင့် ပြုပြင်နေမှုများအပေါ်တွင် လူထုက သည်းခံခွင့်လွှတ်နိုင်စရာရှိပါသည်။ သို့သော် လုပ်ရည်ကိုင်ရည်မပြည့်ဝမှု၊ နှောင့်နှေးကြန့်ကြာမှုများနှင့် ထိန်ချန်ကွယ်ဖျက်သည့် ဖုံးဖုံးဖိဖိလုပ်မှုများသည် အစိုးရသစ်တရပ်၏ ခိုင်မာကျစ်လစ်မှုကို အားချိနဲ့စေသည်။

အုပ်ချုပ်မှုညံ့ဖျင်းခြင်းနှင့် ယင်း၏အကျိုးဆက်များကို ကာကွယ်တားဆီးရန် (သို့မဟုတ်) ဖြေရှင်းပေးရန် နည်းလမ်းကောင်းများ ပေါ်ပေါက်လျက်ရှိသည်။ ပြင်သစ်စကားပြောနိုင်ငံများ တွင် လုပ်ငန်းစစ်ဆေးရေးမှူးချုပ် တာဝန်ခံစနစ်သည် အုပ်ချုပ်ရေးညံ့ဖျင်းခြင်းနှင့် ခြစားသောအလေ့အကျင့်များကို ဖြေရှင်းရန် အများပြည်သူဆိုင်ရာ မြို့ပြအုပ်ချုပ်ရေး၏ စောင့်ကြည့်ရေးယန္တရားတခုအဖြစ် ဖွဲ့စည်းထားသည်။ ဆွီဒင်နိုင်ငံတွင်အစိုးရဌာနများအပေါ် မကျေနပ်ချက်များကို စုံစမ်းတင်ပြရသည့် ဒိုင်လူကြီးခန့်အပ်ခြင်းစနစ် သည် ကမ္ဘာအနှံ့အသုံးပြုသည့် ယန္တရားတရပ်ဖြစ်လာပြီး၊ သာမန်အရပ်သားများအတွက် ယင်းတို့၏အခွင့်အရေးများ ထင်ရှားစွာချိုးဖောက်မှုခံရလျှင် ဖြေရှင်းရန်အတွက် အယူခံတင်နိုင်သည့် ယန္တရားတရပ်ကိုလည်း ထားရှိပါသည်။

၅၊၃၊၁၀။ အန္တရာယ်ကင်းမှုနှင့်လုံခြုံရေးအဆင့်အတန်းများ

လုံခြုံရေးနှင့်တရားစီရင်ရေး၊စနစ်များသည် နိုင်ငံတော်၏ အခြေခံတာဝန်များ ဖြစ်ကြပြီး၊ အချုပ်အခြာအာဏာ၏အဓိကကျောရိုး ဖြစ်ကြသည်။ ကြိုတင်ခန့်မှန်းနိုင်သော၊အားထားမှုပြုနိုင်သည့် ဥပဒေစနစ်တရပ်သည် အငြင်းပွားမှုများကို ငြိမ်းချမ်းစွာ အဖြေရှာပေးစေနိုင်သည့်အပြင်၊စီးပွားရေးဆိုင်ရာရင်းနှီးမြှုတ်နှံမှုကို ဆွဲဆောင်မှ ပြုသောပတ်ဝန်းကျင်တရပ်ကိုပေါ်ထွက်လာ စေသည်။ လုံခြုံရေးကဏ္ဍဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများသည် ငြိမ်းချမ်းရေးတည်ဆောက်မှု၏ မရှိမဖြစ်မျက်နှာစာတရပ်လည်း ဖြစ်သည်။ ယင်းပြုပြင်ပြောင်းလည်းမှုတွင် လူ့အခွင့်အရေးသင်တန်းများပေးခြင်း နှင့် လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေ၏အခြေခံမူစည်းမျဉ်းများကို သိနားလည်လာခြင်း စသည့်ကိစ္စရပ်များပါဝင်သည်။ အောင်မြင်မှုရှိသော ပြုပြင်ပြောင်းလဲမှုသည်၊ ချိုးဖေါက်မှုများနှင် ့မတရားဆောင်ရွက်မှုများကိုစုံစမ်းစစ်ဆေး အပြစ်ပေးအရေးယူနိုင်သည့် တရားစီရင်ရေးစနစ်တရပ် ပေါ်ထွက်လာခြင်းအပေါ်တွင် များစွာမူတည်နေပါသည်။ ဤသို့ဖြင့်၊လုံခြုံရေးနှင့်တရားစီရင်ရေးစံနစ်များ၊တပေါင်းတည်း ဆက်စပ်လျက်ရှိသည်။

မကြာခဏဆိုသလို ဖြေရှင်းမှုနောက်ပိုင်းစတင်စကာလ (သို့မဟုတ်) ကြားဖြတ်အသွင်ပြောင်းကာလထဲရှိ တိုင်းပြည်များသည်၊ ကြမ်းတမ်းသော ပဋိပက္ခများမှ ပေါ်ထွက်လာရသည် ဖြစ်ရာ လုံခြုံရေးနှင့်အန္တရာယ်ကင်းရေး ဆိုင်ရာ လူထုအမြင်မှာ အနိမ့်ဆုံး၌သာ ရှိနေကြသည်။ အစိုးရသစ်တခု၏အောက်၌ လူ့အဖွဲ့အစည်းတရပ်သည် ကိုယ်ပိုင်ယုံကြည်မှုကိုပြန်လည်တည်ဆောက်ရန်နှင့်ယင်း၏အစိုးရအပေါ်တွင်၊ယုံကြည်မှုကိုဖွံ့ဖြိုးစေရန်အတွက်တည်ငြိမ်ရေးနှင့်လုံခြုံရေး ကိစ္စများ လွန်စွာ အရေးပါပါသည်။

အဖြေရှာမှုတွင်သဘောတူညီချက်အပိုင်းတခု၌ ဆန့်ကျင်နေကြသည့် လက်နက်ကိုင်တပ်ဖွဲ့များအား လက်နက်ဖြုတ်ရေးနှင့်ဖျက်သိမ်းခြင်း၊ အင်အားလျှော့ချရေးတို့ကို ရည်ညွှန်းထားလေ့ရှိသည်။ အဆိုပါလုပ်ငန်းစဉ်များအတွက် အချိန်ဇယားသည် အထူးအရေးကြီးလှသည်။ လက်နက်ဖြုတ်ရန်မအောင်မြင်ပါက တိုင်းပြည်တွင်လက်နက်များစွာကျန်နေမည်ဖြစ်ပြီး၊ယင်းလက်နက်များက ပြစ်မှုများ၊ အနိုင်ကျင့်မှုများ နှင့် အခြားရာဇဝတ်မှုများစွာကို ဖြစ်စေနိုင်ပါသည်။ အလားတူပင် ယခင်ကစစ်တပ်များနှင့် ပြည်သူစစ်များကို လက်နက်ဖြုတ်ခြင်းနှင့်ဖျက်သိမ်းခြင်းမပြုပါက လူဆိုးမြေအဖြစ်သို့

## ၅၊ ၃ အကြောင်းအရာများ နှင့်အကျိုးစီးပွားများ

ကျဆင်းသွားမည်ဖြစ်သည်။ ဤဖြစ်ထွန်းမှု၂ရပ်စလုံးသည် ဥပဒေစိုးမိုးရေးကို ထိမ်းသိမ်းရန်နှင့် ဥပဒေစိုးမိုးမှုအတွက် လူထု၏ လေးစားလိုက်နာမှုဖွံ့ဖြိုးစေရန် အစိုးရသစ်၏ စွမ်းဆောင်ချက်များကို ထိခိုက်စေမည် ဖြစ်သည်။

ဟေတီနိုင်ငံတွင် သမတအာရစ်တိုက် ရုံးစထိုင်စဉ်တွင် ပုလိပ်တပ်ဖွဲ့ မရှိခဲ့ချေ။ တွန်တွန်မကော့ နှင့် ယခင်အာဏာရှင်၏ ပုလိပ်အဖွဲ့မှာ ထွက်ပြေးသွားခဲ့ရာ တရား ဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်မည့်သူ မရှိသကဲ့သို့ ဖြစ်နေသည်။ နိုင်ငံတကာ အသိုင်းအဝိုင်းသည်အစိုးရသစ်နှင့်အတူ လူ(၄၀၀)ခန့်ကို ကနေဒါနိုင်ငံ တိုရွန်တိုမြို့တွင် ဥပဒေစိုးမိုးရေးသင်တန်းတရပ်တက်စေရန်ရွေးချယ်ဆောက်ရွက်ခဲ့ရသည်။ အစိုးရ၏ ပထမ ၁၈လအတွင်း ဟေတီနိုင်ငံတွင် ကနေဒါပုလိပ်အရာရှိများက လုံးဝနီးပါး ပုလိပ်အလုပ်လုပ်ခဲ့ကြရသည်မှာဟေတီအရာရှိများကတာဝန်ယူနိုင်ရန်အဆင်သင့်ဖြစ်သည့်အချိန်သို့တိုင်ပင်ဖြစ်သည်။

လက်နက်ဖြုတ်သိမ်းခြင်းကိစ္စတွင်၊နှောင့်နှေးမှုများ၊သို့မဟုတ်၊လမ်းချော်မှုများရှိပါက လုပ်ငန်းအပေါ်စေ့စပ်သေချာစွာစောင့်ကြည့်အကဲခတ်နိုင်မည့် အချိန်ဇယား တခုရှိနေပါက သက်ဆိုင်ရာခေါင်းဆောင်များအား အချိန်မှီပြုပြင်နိုင်ရန် တပ်လှန့်နှိုးဆော်နိုင်မည်ဖြစ်သည်။ သို့သော် ထိုသို့သောပြဿနာရပ်များကို မည်သို့ကိုင်တွယ်ဆောင်ရွက်နိုင်မည်ဟူသော လုပ်ငန်းစဉ်အဆင့်ဆင့်ကိုမူ အစကတည်းက သတ်မှတ်ထားရမည်ဖြစ်သည်။ ဥပဒေစိုးမိုးရေးတည်ဆောက်မှု၊ လူ့အခွင့်အရေးနှင့် လူနည်းစုအခွင့်အရေးအတွက် လေးစားမှု၊ အများပြည်သူဆိုင်ရာအဖွဲ့အစည်းများနှင့် အကြုံးဝင်မှုရှိသည့် ဒီမိုကရက်တစ်ယန္တရားများနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့သည် ဒုက္ခသည်များ၊ ပြည်တွင်းဆိုင်ရာရွှေ့လျှားနေသော ပြည်သူများနှင့်ယခင်ကတပ်ဖွဲ့များကိုဖျက်သိမ်းရာမှထွက်လာသူများအား၊ အောင်မြင်စွာ မိမိနေရပ်သို့ပြန်သွားခြင်းနှင့်ပြန်ပို့ခြင်း၊ ပြန်လည်ပေါင်းစည်းရေး ကိုအားပေးရန်ကူညီနိုင်သည်။ ပြန်လည်လေ့ကျင့်ရေးနှင့် ပြန်လည်ထူထောင်ရေး၊ အရွယ်အစားလျှော့ချရေးနှင့်တပ်ဖွဲ့ဖျက်သိမ်းရေး ဥပဒေပြုခြင်း အားလုံးသည် အဆိုပါအင်အားစုများအား ကိုင်တွယ်ရာတွင် ထိရောက်မှုရှိမည်ဟုစဉ်းစားနိုင်ဘွယ်ရှိပါသည်။ လက်နက်ဖျက်သိမ်းရေးကော်မရှင်တရပ် သည် လက်နက်များလွှဲပြောင်းလက်ခံမှုအတွက် အခြေခံမှုများနှင့် လုပ်ထုံးလုပ် နည်းများကိုသတ်မှတ်ခြင်းဖြင့် လုပ်ငန်းကိုကြီးကြပ်ကွပ်ကဲနိုင်ပါသည်။ မကြာခဏပင် ဆန့်ကျင်မှုပြုသည့် သမိုင်းကို ဖေါ်ပြပြီး၊ သတ်မှတ်သောလုပ်ငန်းကိုမျှတစွာပြီးမြောက်ရန်၊တတိယပါတီတခုခုကို၊အားလုံးကလက်ခံတတ်လေ့ရှိကြသည်။ ပဋိပက္ခပြီးဆုံးပြီးအခြေအနေများအများအပြားတွင် ကုလသမဂ္ဂငြိမ်းချမ်းမှုထိမ်းသိမ်းရေးသမားများသည်အဆိုပါကဏ္ဍတရပ်ကိုဆောင်ရွက်လေ့ရှိကြသည်။ မိုဇမ်ဘစ်၊ အင်ဂိုလာ၊ အယ်လ်ဆာဗေးဒိုးနှင့် အစရှိသည့်တို့တွင်ဖြစ်သည်။ ဤသို့သောကိစ္စရပ်များတွင်၎င်းတို့သည်တိုက်ပွဲဝင်သူများထံမှ(တစုံတရာငွေကြေး၊ သို့မဟုတ်စေတနာဖြင့်ပေးမှု)တိုက်ရိုက်လက်နက်လွှဲပေးမှုကိုလက်ခံကြရန်၊သို့မဟုတ်၊ ယင်းတို့၏ ဖျက်ဆီးမှုကိုသတ်မှတ်ရန် မြောက်ပိုင်းအိုင်ယာလန်တွင်၊ ဖင်လန်၊ ကနေဒါနှင့် အမေရိကတို့မှ လွတ်လပ်သောကော်မရှင်တရပ်သည် ဖျက်သိမ်းခြင်းဆိုင်ရာ ပြဿနာရပ်များကို စစ်ဆေးခြင်းနှင့်ဆွေးနွေးရန်အခြေခံတရပ်အဖြစ် လမ်းညွှန်ချက်များနှင့် အခြေခံမှုများကိုချမှတ်ခြင်းပြုလုပ်ခဲ့သည်။

အခြားတဖက်တွင်လည်း၊စစ်ပွဲပြီးစကာလသည်၊ယခင်အုပ်ချုပ်ရေး၏တည်ရှိဆဲ၊နိုင်ငံလုံးဆိုင်ရာတပ်ဖွဲ့ ဖြင့်အလွန်အမင်းကြီးလာခြင်းဖြင့် ထူးခြားသောလက္ခဏာကို ဆောင်နေမည် ဖြစ်ပါသည်။ မကျေမချမ်း ဖြစ်နေသောစစ်ဘက်တရပ်ရပ်သည် ဒီမိုကရက်တစ်အစိုးရတရပ်အား ဖယ်ရှားပစ်နိုင်ခြေရှိကြောင်းကို ကမ္ဘာတဝှမ်း၌

ကောင်းစွာမှတ်တမ်းတင်ထားပြီးဖြစ်သည်။စစ်ဘက်ကိုအရပ်သားချုပ်ကိုင်မှုအောက်ထားရေးနှင့်တပ်ဖွဲ့ကိုတရားဝင်သုံးပိုင်ခွင့်ကိုအရပ်သားများကချုပ်ကိုင်မှုစံနစ်သည်မရှိမဖြစ်အရေးကြီးသော အခရာလိုအပ်ချက်ဖြစ်သည်။ ဤကိစ္စသည်ပုလိပ်တပ်ဖွဲ့၏ဥပဒေအရ တရားဝင်လုပ်ဆောင်နိုင်သော အဆင့်အတန်းနှင့်ပြည်တွင်းလုံခြုံရေးထိမ်းသိမ်းရာတွင်၊တာဝန်ရှိမှုများနှင့်နီးကပ်စွာဆက်နွယ်လျှက်ရှိသည်။အင်အားသုံးအကြမ်းနည်းပြုမှုကိုပုဂ္ဂလိကပိုင်ပြုလုပ်ခြင်း ၊ရုရှားနိုင်ငံတွင် ဂိုဏ်းဖွဲ့ရာဇဝတ်ကျူးလွန်သည့် ပုံစံတရပ်နှင့် ကွန်ဂို၊ ဇဗီလီနှင့် ဆိုမာလီယာတိုတွင် ပြည်သူ့စစ်အုပ်စုများစသည်တို့သည် တည်ငြိမ်မှုကိုအလွန့်အလွန်ကြီးမားစွာ နှောက်ယှက်ဖျက်ဆီးမှုပြုနိုင်ပါသည်။ အာဖရိကနိုင်ငံအများအပြားတွင် ရေတွက်မရနိုင်သော တာဝန်ခံနိုင်မှု မရှိသည့်၊ စစ်ဘက်တရပ်သည် နိုင်ငံရေးမရေရာမသေချာမှုနှင့် မတည်ငြိမ်မှု၏ အဓိကအကြောင်းရင်းတရပ်ဖြစ်နေဆဲပင်ဖြစ်သည်။

၅၊၃၊၁၁။ ၊စစ်ဆေးမှုနှင့်ထိမ်းညှိမှု

နိုင်ငံရေးလုပ်ငန်းဖြစ်စဉ်တိုင်းတွင်အထူးသဖြင့်ပဋိပက္ခတရပ်မှပေါ်ထွက်လာနေသော၊ သို့မဟုတ် အသွင်ပြောင်းလဲရေးကာလတွင်ရှိနေသော တိုင်းပြည်များတွင် လူမှုအသိုင်းအဝိုင်းများ၌ အရေးပါသော မဲဆန္ဒနယ်မြေများအကြား အစစ်အမှန်စိုးရိမ်မကင်းမှုနှင့် စိတ်ပူပန်မှုများအမြဲတစေရှိနေတတ်သည်။ ယေဘူယျအားဖြင့် ဗျူဟာခင်းပုံ နှင့် ဆွေးနွေးညှိနှိုင်းမှုနည်းဗျူဟာများကို တွန်းအားပေးလျှက်ရှိသည်မှာ ထို စိုးရိမ်စိတ်များပင်ဖြစ်သည်။ ပါတီတရပ်၏ စိုးရိမ်မကင်းမှုများသည် ကျယ်ပြန့်သောအခြေခံများ၊ ဥပမာ၊ ဘာသာစကားတခုဆက်လက်တည်တံ့ရေး၊ လူပ်ရှားမှု သို့မဟုတ် အသင်းအဖွဲ့ဆိုင်ရာလွတ်လပ်ခွင့်ရှိရေးတို့နှင့် သက်ဆိုင်ပါသည်။ ဤသို့သောကြီးမားကျယ်ပြန့်သည့်စိတ်ဝင်စားမှုများကို အများအားဖြင့်အဓိကပင်မသဘောတူညီချက်များ၏ အနှစ်သာရထဲတွင် ဖြေရှင်းမှုပြုနိုင်ပါသည်။ ထိုအတူ ၎င်းကိစ္စများသည် စားပွဲပေါ်တွင် အဓိကကိစ္စရပ်များအဖြစ်ရောင်ပြန်ဟတ်နေမည်ဖြစ်သည်။

သို့သော် အုပ်စုများတွင် အခြားသောသေးငယ်သော စိုးရိမ်မှုများ၊ အုပ်ချုပ်ရေးတွင် အလွဲသုံးမှုများနှင့် ခြစားမှုများနှင့် ပိုမိုပတ်သက်နိုင်သလို နည်းပညာဆိုင်ရာ ပြဿနာများကိုလည်း စိုးရိမ်နေတတ်ပါသည်။ ဖြစ်နိုင်သည့်နေရာများတွင် ဤကဲ့သို့သော စိတ်ပူပန်မှုများကို ဆွေးနွေးပွဲဖြစ်စဉ်၏အစိတ်အပိုင်းကဲ့သို့ ကိုင်တွယ်ဖြေရှင်းသင့်သည်။ ထို့အတူ ဖြစ်စဉ်တလျှောက် အနာဂတ်တွင် မည်သည့်နေရာ၌ ချိုးဖေါက်မှု၊ သို့မဟုတ် ကဖျက်ကယက်ပြုလုပ်နိုင်သည်ကို၊စစ်ဆေးသိရှိနိုင်ရန် ကြိုပမ်းရာတွင် ပါတီအားလုံးကပါဝင်ဆောင်ရွက်ခြင်းအားဖြင့် ကျယ်ကျယ်ပြန့်ပြန့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်သင့်ပါသည်။ စစ်ဆေးခြင်းနှင့်ထိန်းညှိခြင်း ဆိုင်ရာ သင့်တော်လျှောက်ပတ်သည့် လုပ်ငန်းစဉ်များအား အသွင်ပြောင်းကာလဖြစ်စဉ်ကို ကာကွယ်စောင့် ရှောက်ရန်နေရာတကျထားရှိသင့်သည်။ ယင်းသည်အများအားဖြင့် ရည်ရွယ်ချက်ရှိရှိဖြင့် အထူးပြုသည့်ကဏ္ဍတခုအတွက် သတ်သတ်မှတ်မှတ် ထားရှိသင့်သည်။ စစ်ဆေးခြင်းနှင့် ထိန်းညှိဆောင်ရွက်ခြင်းများ၏ ဥပမာများမှာ–

– အစိုးရ၏ချိုးဖေါက်မှုများကို တိုင်ကြားခံရပါက စစ်ဆေးရသည့်ရုံးများဖြင့် အရပ်ဘက်ပြည်သူများ၏ အခွင့်အရေး (နိုင်ငံသားအခွင့်အရေး) ချိုးဖေါက်မှုများကိုဖြေရှင်းရန်၊

– မီဒီယာနှင့်ပတ်သက်သောကိစ္စရပ်များတွင်၊လွတ်လပ်သော အသံလွှင့် အာဏာပိုင်များဖြင့် ဖြေရှင်း ရန်၊

–တရားရေးဆိုင်ရာလုပ်ငန်းကော်မရှင်များသည် တရားသူကြီးများ ရွေးချယ်ခန့်အပ်ခြင်း ဆိုင်ရာကိစ္စရပ်များတွင် ကိုင်တွယ်ရန်၊

## ၅၊ ၃ အကြောင်းအရာများ နှင့်အကျိုးစီးပွားများ

– အရပ်ဘက်အတွင်းရေးမှူးအဖွဲ့မှ ပုလိပ်နှင့် ကာကွယ်ရေးတပ်ဖွဲ့များကို အသွင်ပြောင်းလဲရာတွင် ထိန်းချုပ်ရန် (သို)အလှည့်ကျကြီးကြပ်ရန်

– ပူးတွဲစီးပွားရေးယူနစ်များမှ စီးပွားရေးဆိုင်ရာပေါ်လစီများကို ဦးဆောင်ရေးဆွဲချမှတ်ရန်

– လူ့အခွင့်အရေးကော်မရှင်များမှ လူ့အခွင့်အရေးဆိုင်ရာ စိုးရိမ်မကင်းဖြစ်မှုများကိုဖြေရှင်းပေးရန်

– ပြည်သူ့ရှေ့နေ (ခုခံကာကွယ်သူ) မှ လုံခြုံရေးတပ်ဖွဲ့များ၏ စည်းကမ်းချိုးဖေါက်မှုများကို ကိုင်တွယ်ဖြေရှင်းရန်

– လွတ်ငြိမ်းခွင့်ဆိုင်ရာပြဋ္ဌာန်းချက်များ

– မြေယာကော်မရှင်များမှ မြေချထားရေးနှင့်ပြန်လည်ခွဲဝေပေးရေး ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရန်

– လွတ်လပ်သောရွေးကောက်ပွဲဆိုင်ရာကော်မရှင်များ

– အများဆန္ဒထုတ်ဖေါ်ရေးနေရာများမှ သောချက်ကဏ္ဍများဖြစ်သည့် ကျန်းမာရေး၊ ပညာရေး၊ အိမ်ယာဆောက်လုပ်ရေးနှင့် စီးပွားရေးဆိုင်ရာပေါ်လစီများတွင် အသွင်ပြောင်းဖြစ်စဉ်များကို စီမံခန့်ခွဲရန်၊

ယုံကြည်လက်ခံနိုင်မှုရှိခြင်းသည်အောင်မြင်မှုအတွက်အရေးပါသည်ဖြစ်ရာ၊ ဖြစ်စဉ်တွင်ဤသို့သော ယုံကြည်မှုတည်ဆောက်သည့် လုပ်ငန်းအဆင်ဆင့်ယန္တရားများပါရှိနေခြင်းသည် အရေးပါလှသည်။ ထိုအတူယင်းယန္တရားများတွင် ဦးဆောင်မည့်သူများနှင့်ရုံးဝန်ထမ်းများ ရွေးချယ်ခြင်းသည်လည်း အရေးပါလှပေသည်။ အကယ်၍ ဤဖွဲ့စည်းမှုများကို အစိုးရမကြိုက်သူများအတွက် ဟစ်တိုင်တခုမျှသာ ရှုမြင်ပါက အမှန်တကယ်စိုးရိမ်မကင်းမှုများကို ဖြေရှင်းရန် ရည်ရွယ်သည့် ဦးတည်ချက်မှာ အောင်မြင်မည်မဟုတ်ချေ။ အစိုးရ(သိုမဟုတ်) ပါတီများ၏ပြုမူဆောင်ရွက်မှုအပေါ် စစ်ဆေးကြည့်ရှုထိန်းညှိမည်ဟု ရည်ရွယ်သည့်မည်သည့် ဖွဲ့စည်းမှုမဆို ၎င်းတို့၏တာဝန်များကို ဖေါ်ဆောင်နိုင်သည့် လိုအပ်သောအရင်းအမြစ်များ၊ အာဏာနှင့် လုပ်ပိုင်ခွင့်များ အရင်းအနှီးရရှိမှု ရှိရမည်ဖြစ်သည်။ ထိန်းညှိရေးအခွင့်အာဏာပိုင်ဆိုင်သူများသည် သံသယမှ ကင်းလွတ်ပြီး အပြည့်အဝ တာဝန်ခံနိုင်မှုရှိရမည်ဖြစ်သည်။

စစ်ဆေးခြင်းနှင့်ထိန်းညှိခြင်း ယန္တရားအဖွဲ့အစည်းများသည် အမြဲတမ်း ဖွဲ့စည်းမှုလည်း ဖြစ်နိုင်ပါသည်။ သိုမဟုတ်ဖြစ်စဉ်၏တစုံတရာ သတ်မှတ်သည့် ကာလတရပ်အတွက်သာ ကန့်သတ်ထားကောင်း ကန့်သတ်ထားမည်။ တောင်အာဖရိကတွင် အမှန်တကယ်စိုးရိမ်မကင်းမှုများရှိခဲ့သည်။ ယင်းမှာအမျိုးသားဝါဒီအစိုးရသည် ဆွေးနွေးညှိနှိုင်းမှုဖြစ်စဉ်အတွင်း (သို့သော်ပဉ္စမဆုံးဒီမိုကရက်တစ်ရွေးကောက်ပွဲမတိုင်ခင်) စီးပွားရေးပေါ်လစီ၊ ငွေကြေးဆိုင်ရာချေးငွေများနှင့် ပညာရေး စသည့်နှစ်ပေါင်းများစွာကြာရှည်သည့်အရေးပါသောမျက်နှာစာများတွင်ဆုံးဖြတ်ချက်များပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ဤဖြစ်ရပ်မှကာကွယ်တားဆီးနိုင်ရန်ကြားဖြတ်ကာလအမှုဆောင်အာဏာပိုင်အဖွဲ့တရပ်ကိုတည်ထောင်ခဲ့သည်။ အများဆန္ဒခံယူပွဲများ ကျင်းပကာ အုပ်ချုပ်ရေး အဓိကနေရာများကို စီမံခန့်ခွဲနိုင်ရန် အစီအစဉ်များအား ၁၉၉၄ခုနှစ်ဧပြီလ ရွေးကောက်ပွဲမှတက်လာသည့် အစိုးရသစ်မပေါ်မီအထိ ပြုလုပ်ခဲ့သည်။

သဘောတူညီချက်ထဲတွင် ပျော့ပြောင်းမှုများပါရှိရန် လိုအပ်ပါသည်။ မလွဲမရှောင်သာပေါ်ပေါက်လာမည့်ကိစ္စရပ်များကို ဖြေရှင်းရန် စွမ်းရည်ကိုထိန်းထားနိုင်ရန်အလို့ငှာ ပျော့ပြောင်းမှုလိုအပ်ပေသည်။ တောင်အာဖရိကနိုင်ငံတွင် ၁၉၉၃ခုနှစ် နိုင်ငံလုံးဆိုင်ရာ

ညှိနှိုင်းဆွေးနွေးပွဲများ ကျင်းပသည့် အချိန်တွင် ကြိုတင်မမြင်နိုင်ခဲ့သောကိစ္စတရပ် ရှိခဲ့သည်။ ယင်းမှာပြည်နယ်များတွင် ရိုးရာအစဉ်အလာရှိသောခေါင်းဆောင်များ အားကောင်းလာခြင်းဖြစ်သည်။ အစဉ်တစိုက် ပေးနေသော နိုင်ငံရေးနှင့် ဥပဒေရေးရာ ဖိအားများ၏ရလာဒ်တရပ်အနေဖြင့် ရိုးရာခေါင်းဆောင်များ၏ကောင်စီတခုမှာ ယင်းတို့၏ အကျိုးစီးပွားများကိုကိုင်တွယ်ဆောင်ရွက်ရန်၊ နိုင်ငံရေးဆိုင်ရာကိုယ်စားပြုရန်၊ ယာဉ်တခုအဖြစ်ဖွဲ့စည်းတည်ထောင်ခဲ့သည်။ မြောက်အိုင်ယာလန်နှင့် တောင်အာဖရိကနစ်နိုင်ငံလုံး၏ငြိမ်းချမ်းရေးသဘောတူညီချက်များတွင် ထူးခြားသောသွင်ပြင်လက္ခဏာတရပ်ရှိသည်။ ယင်းမှာ အပေးအယူရှိသည့် အဖွဲ့အစည်းများပေါက်ဖွားလာခြင်းဖြစ်သည်။ ဤသို့ဖြင့်ပါတီအာဏာကို ဗဟိုတခုတည်း၌ စုစိုက်စုပြုံပြီး ထားရှိထားသည့်ထက်၊ ပိုပြီး အများသဘောဆန္ဒဘက် ဦးတည်ဖြေရှင်းရန် နှင့် ပြဿနာရပ်များ ကို ခွဲခြမ်းစိတ်ဖြာပြီး (တစုံလုံးမဖြေရှင်းနိုင်ခင်) အပိုင်းလိုက် ဖြေရှင်းရန် ပြုလုပ် နိုင်သည်။

ဤစစ်ဆေးမှုနှင့်ထိန်းညှိခြင်းနေရာတွင်အခန်း(၄)သည်အသုံးဝင်ပါလိမ့်မည်။ ယင်းတွင် ရွေးချယ်စရာများအများအပြားနှင့် နှိုင်းယှဉ်စရာ နိုင်ငံအတွေ့အကြုံများကို အသေးစိတ်ဖေါ်ပြထားသည်။ ကြောက်ရွံ့မှုစိုးရိမ်မကင်းဖြစ်မှုနှင့်စိတ်ပူပန်စရာများသည် အမှန်တကယ်ဖြစ်ပြီးအတိုင်းအဆကြီးမားသောစိန်ခေါ်မှုတရပ်ကို ရင်ဆိုင်နေရစဉ်မှာပင် သတ်သတ်မှတ်မှတ်စိုးရိမ်မကင်းဖြစ်မှုတခုကို ဖြေရှင်းရန် ဖြစ်စဉ်ဆောက်ရွက်မှုတရပ်ကို အလေးထားစူးစိုက်လုပ်ပါက၊ပြဿနာတခုလုံးကိုဖယ်ရှားပေးနိုင်သည့်နိဒါန်းတရပ် အစပျိုးလိုက်နိုင်မည်ဖြစ်သည်။

## ၅၊ ၄။ နိုင်ငံတကာဆိုင်ရာရှုထောင့်များ။

ဤအခန်းတွင် တာရှည်ခံသည့် ဒီမိုကရေစီတည်ဆောက်ရန်တွင် နိုင်ငံတကာ အသိုင်းအဝိုင်း၏ ပါဝင်ချဉ်းကပ်မှုအကြောင်းကို သုံးသပ်ပေသည်။ ဤချဉ်းကပ်မှုတွင် နိုင်ငံတကာအသိုင်းအဝိုင်းက ယေဘူယျအားဖြင့် ပေးအပ်သည့် များပြားလှသော အပြည့်ပြည့်ဆိုင်ရာ (လက်တွေ့လည်းအသုံးဝင်သည့်) အထောက်အပံ့ ပုံစံမျိုးစုံတို့ အကြောင်း မဟုတ်ပါ။ ထိုသို့သောအထောက်အပံ့များကို မည်သို့မည်ပုံ ပေးအပ်သနည်း၊ အသုံးပြုသနည်း ဟူသည့်အကြောင်းကိစ္စ အခြေအနေများကိုသာဆွေးနွေးမည်ဖြစ်ပါသည်။ ပထမပိုင်းတွင် အထူးသဖြင့် ဒေသဆိုင်ရာအဆင့်တွင် ဒီမိုကရေစီအားခံစားပိုင်ခွင့် တရပ် တဆင့်ချင်းပေါ်ထွက်လာပုံကို စစ်ဆေးကြည့်ရှုကြမည်ဖြစ်သည်။ ဒေသဆိုင်ရာ အဖွဲ့အစည်းများ သည် အခြေအနေများစွာတွင် အရေးပါသော အကူအညီ အလှူရှင်များ ဖြစ်လာသည်ဖြစ်ရာ ယင်းတို့သည်အကူအညီပေါ်လစီများကို ချမှတ်သူများလည်းဖြစ်လာကြသည်။ ယင်းတို့ထဲမှ အများစုမှာ ယခုအခါအကူအညီ နှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အထောက်အပံ့များပေးရာတွင် ဒီမိုကရေစီစံညွှန်းသတ်မှတ်ချက်များ နှင့် အညီဆောင်ရွက်လာကြသည်။ ဒုတိယပိုင်းတွင် ဤအခန်းသည် ဒီမိုကရေစီဆိုင်ရာ အထောက်အပံ့များ အပေါ် နိုင်ငံတကာအမြင်ကို စစ်ဆေးကြည့်ရှုပေမည်။ ယင်းတွင် ပေါ်လွင်သော နိုင်ငံရေးအရကူညီပေးရေးပေါ်လစီများ ပေါ်ပေါက်လာမှုနှင့်အတူ တိတိကျကျအားဖြင့်၊ ယင်းမူဝါဒများအပေါ် ဒီမိုကရေစီ စည်းမျည်းအခြေအနေ **(democratic conditionality)** သတ်မှတ်ခြင်း တို့လည်းပါဝင်သည်။

### ၅၊ ၄–၁ ကုလသမဂ္ဂ

လွန်ခဲ့သောနှစ်ငါးဆယ်ကျော်အတွင်း ကုလသမဂ္ဂသည် ဒီမိုကရေစီမြင့်တင်ရေးတွင် တခုတည်းသော အရှိန်အဝါသြဇာအရှိဆုံး အဖွဲ့အစည်းဖြစ်သည်။ ကုလသမဂ္ဂ၏ အခန်းကဏ္ဍကို သူ့ချဉ်းသက်သက် သုံးသပ်ခဲ့လျှင်ပင် ဤလက်စွဲစာအုပ်တွင် ဖေါ်ပြနိုင်

## ၅၊ ၄။ နိုင်ငံတကာဆိုင်ရာ ရှုဒေါင့်များ

သည်ထက် ကျော်လွန်လျက်ရှိနေရာ ဒီမိုကရေစီမြင့်တင်ရေးနှင့် ပဋိပက္ခဖြေရှင်းရေးတို့ ဆက်စပ်လျက်ရှိသော ယင်း၏ ပြောင်းလဲနေသည့် အခန်းကဏ္ဍကို အသားပေး သုံးသပ်သွားမည်ဖြစ်သည်။ ယင်းအခန်းကဏ္ဍကို ကွန်နယ်ပက် ၏ “တာရှည်တည်တံ့မည့် ငြိမ်းချမ်းရေး ပဋိပက္ခတားဆီးရေးဆိုင်ရာ ကုလသမဂ္ဂနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ အခန်းကဏ္ဍ” ဟူသောစာအုပ်တွင် ဤသို့ သုံးသပ်ထားပါသည်။

“ကုလသမဂ္ဂ၏ ဒီမိုကရေစီမြင့်တင်ရေးလှုပ်ရှားမှု အဝိုင်းအဝန်းသည် ၁၉၈၀ခုနှစ်များ နှောင်းပိုင်းကာလကတည်းက သိသာထင်ရှားစွာကျယ်ပြန့်လာခဲ့သည်။ အထူးသဖြင့် ကြိုတင်ကာကွယ်တားဆီးရေးဆိုင်ရာ သံတမန်နည်းလမ်းများ ငြိမ်းချမ်းရေးထိန်းသိမ်းမှုနှင့် ပဋိပက္ခပြီးဆုံးပြီးနောက် ငြိမ်းချမ်းရေးတည်ဆောက်ခြင်းနယ်ပယ်များတွင်ဖြစ်သည်။ ၁၉၉၂ခုနှစ် ဇွန်လတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘူထရို့ဘူတရို့ဂါလီက ပဋိပက္ခတားဆီးရေးမှသည် ပဋိပက္ခအဖြေရှာရေးဆီသို့ ဟူသည့် တဆက်တစပ်ထဲဖြစ်သော (သို့) တဖြည်းဖြည်းချင်းဆင့်ကဲ ပြောင်းလဲလာနေသောမူဝါဒတရပ် ဖြင့် ကမ္ဘာကြီးတွင် ငြိမ်းချမ်းရေးမြင့်တင်ရေး၊ ငြိမ်းချမ်းရေးတာရှည်တည်တန့်ရေးနှင့် ငြိမ်းချမ်းရေးဖွံ့ဖြိုးတိုးတက်ရေး အတွက်ပြည့်စုံကျယ်ပြန့်သော သြဝါဒတရပ် ကို ချမှတ်ခဲ့သည်။ ယင်းကို ငြိမ်းချမ်းရေးအတွက်အစီစဉ်တရပ် (Agenda for Peace) ဟူသော ခေါင်းစဉ်ဖြင့် ရေးသားခဲ့သည်။ ထိုသို့တဆက်စပ်တည်းဆင့်ကဲပြောင်းလဲမှုတွင် ကြိုတင်ကာကွယ်တားဆီးရေးဆိုင်ရာသံတမန်နည်းလမ်း၊ ငြိမ်းချမ်းရေးပြုလုပ်ခြင်း ငြိမ်းချမ်းရေးထိန်းသိမ်းခြင်း နှင့် ပဋိပက္ခပြီးဆုံးပြီးနောက်ငြိမ်းချမ်းရေးတည်ဆောက်ခြင်း ကိစ္စများ ပါဝင်ပေသည်။ ၁၉၉၇ခုနှစ်တွင် ချမှတ်ခဲ့သော ဒီမိုကရေစီဖြစ်မြောက်ရေးအစီအစဉ် တွင်မူ ပေါ်ထွန်းစ ဒီမိုကရေစီနိုင်ငံသစ်များနှင့် ဒီမိုကရေစီပြန်လည်ဖွံ့ဖြိုးစနိုင်ငံများတွင် ဒီမိုကရေစီ မြှင့်တင်ရေးနှင့် ကျစ်လစ်ခိုင်မာရေးဆီသို့ ကျယ်ပြန့်ပြည့်စုံသော ချဉ်းကပ်မှုတရပ်ပြဋ္ဌာန်းရန် ကြိုးပမ်းခဲ့သည်။”

ကုလသမဂ္ဂ၏ပဋိညာဉ် ပုဒ်မ(၃၃) တွင် အငြင်းပွါးမှုများ၌ ငြိမ်းချမ်းစွာအဖြေရှာခြင်း အတွက် ကုလသမဂ္ဂ၏လုပ်ဆောင်နိုင်စရာများကို ဖေါ်ပြပါရှိသည်။ ပဋိပက္ခကာကွယ်တားဆီးရေးဆိုင်ရာလုပ်ငန်းဖွဲ့စည်းတည်ဆောက်ပုံများကို ရေရှည်တည်တံ့သည့် အဆောက်အအုံများ ဖြစ်လာရန် ကြိုးပမ်းမှုတရပ်တွင် ကုလသမဂ္ဂအတွင်းရေးမှူးအဖွဲ့ရုံးကို ၁၉၉၀ခုနှစ်များ စောစောပိုင်း၌ ပြန်လည်ဖွဲ့စည်းခဲ့ပြီး ကြိုတင်ကာကွယ်တားဆီးရေးဆိုင်ရာ သံတမန်ရေးလှုပ်ရှားမှုများကို စီမံခန့်ခွဲရန်ဌာနကြီးသုံးခုအား ထပ်မံ ဖွင့်လှစ်ခဲ့သည်။ နိုင်ငံရေးကိစ္စရပ်များဆိုင်ရာဌာန (DPA) (စောစီးစွာသတိပေးရေးဌာနစိပ်တခု "early-warning cell" အပါအဝင် )၊ လူသားချင်းစာနာထောက်ထားမှုရေးရာဌာနကြီး (DHA) နှင့် ငြိမ်းချမ်းရေးထိန်းသိမ်းမှုဆိုင်ရာ အစီစဉ်များဌာနကြီး (DPO) တို့ဖြစ်ပါသည်။

နိုင်ငံရေးကိစ္စရပ်များဆိုင်ရာဌာနတွင် ပဋိပက္ခကာကွယ်တားဆီးရေးနှင့် ကြိုတင်ကာကွယ်တားဆီးရေးဆိုင်ရာသံတမန် နည်းလမ်းများတို့နှင့်စပ်လျဉ်းပြီး အခြေခံတာဝန်ရှိမှုကို ပေးအပ်သည်။ ထို့အတူ ရွေးကောက်ပွဲဆိုင်ရာအထောက်အကူပြုဌာနခွဲကိုအထူးသဖြင့် ကြားဖြတ်အသွင်ကူးပြောင်းရေးကာလရွေးကောက်ပွဲများကျင်းပရာတွင် အထောက်အကူပေးရန် ထပ်မံဖွဲ့စည်းသည်။ အတွင်းရေးမှူးချုပ် ကိုဖီအာနန် လက်ထက်တွင် နောက်ထပ်ပြုပြင်ပြောင်းလဲမှုများကို ၁၉၉၇ခုနှစ်မှ အစပျိုးပြုလုပ်ခဲ့ရာ အတွင်းရေးမှူးချုပ်ရုံးကို ပြေပြစ်သွက်လက်သည့်ပုံစံအဖြစ်၊ နိုင်ငံရေးရာဌာနတွင် ပဋိပက္ခလွန်ကာလ ငြိမ်းချမ်းရေးတည်ဆောက်မှု အဓိကစူးစိုက်လုပ်ကိုင်ရန်နှင့် လူသားချင်းစာနာထောက်ထားမှုဌာနအား အရေးပေါ်ကယ်ဆယ်ရေးညှိနှိုင်းရေးမှူး တစ်ဦးဖြင့် ကိုင်တွယ်ဆောင်ရွက်စေခြင်းများ ပြောင်းလဲသတ်မှတ်ခဲ့သည်။

ဒီမိုကရေစီဆိုင်ရာအားပေးမှုကဏ္ဍတွင်မူ ကြေညာစာတမ်းများ၊ ဆုံးဖြတ်ချက်များနှင့် သဘောတူစာချုပ်များတွင် တိတိကျကျ ဖော်ပြထားပေးပြီး၊ အဖွဲ့ဝင်နိုင်ငံများ အနေဖြင့် ယင်းစာတမ်းများအတိုင်း လိုက်နာကျင့်ကြံကြရန် တွန်းအားပေးခဲ့သည်။ (ဤစာတမ်းများ အကြောင်းအသေးစိပ်ကို အခန်း၄၊၆ လူ့အခွင့်အရေးဆိုင်ရာ ဆောင်ရွက်သည့် ကိရိယာများ နှင့် အဖွဲ့အစည်းများခေါင်းစဉ်အောက်တွင် ကြည့်ရှုပါ)။ မည်သို့ပင်ဆိုစေ ကုလသမဂ္ဂ ဟူသည်မှာ တကမ္ဘာလုံးက အဖွဲ့ဝင်အဖြစ် ပါဝင်နေသော အဖွဲ့အစည်း တခုဖြစ်သောကြောင့် လက်တွေ့၌ ယင်း၏ရှေ့ဆောင်တက်ကြွသောကဏ္ဍမှာ အကန့်အသန့်များစွာရှိခဲ့သည်။ ၁၉၈၈ခုနှစ်ကတည်းက ဒီမိုကရေစီဆိုင်ရာကိစ္စရပ်ကို အထွေထွေညီလာခံကြီး၏ အစီအစဉ်တွင်နှစ်စဉ်ထည့်သွင်းပါရှိလာခဲ့ရာ ဒီမိုကရေစီဖြစ်မြောက်ရေးကို မြှင့်တင်ရန်ဆုံးဖြတ်ချက်များ၊ အတွဲလိုက်ထွက်ပေါ်လာခဲ့သည်။ ထို့အတူ ဒီမိုကရေစီနိုင်ငံသစ်များဆိုင်ရာ နိုင်ငံတကာညီလာခံများကိုလည်း စဉ်ဆက်မပြတ် ကျင်းပခဲ့ကြသည်။ ကုလသမဂ္ဂသည် ရန်ဖက်အင်အားစုများကိုနိုင်ငံရေးပါတီများဖြင့် အသွင်ပြောင်းလဲဖွဲ့စည်းပေးပြီး၊ လွတ်လပ်၍တရားမျှတသောရွေးကောက်ပွဲများကို နာမီးဗီးယား၌ ၁၉၈၉ ခုနှစ်တွင်၄င်း၊ နိုင်ကာရာဂွါ၌ ၁၉၉၀ ခုနှစ်၌၄င်း၊ ကမ္ဘောဒီးယား၌ ၁၉၉၃ ခုနှစ်နှင့် အယ်ဇာဘေးဒိုးနှင့်မိုဇာဗစ်၌ ၁၉၉၄ ခုနှစ်၌၄င်း၊ တိုက်ရိုက်ကြီးကြပ် ဆောင်ရွက်ပေးခဲ့သည်။ ထို့ပြင်၊ ကုလသမဂ္ဂသည်နှစ်ဦးနှစ်ဖက်ကြား ဖြန်ဖြေပေးမှုကို အာဖဂန်နစ္စတန်ကဲ့သို့သော နက်ရှိုင်းစွာအမြစ်တွယ်နေသည့် ပဋိပက္ခမျိုးကို ကမ္ဘာတစ်ဝှမ်းရှိ နိုင်ငံများစွာ၌ ဆောင်ရွက်ခဲ့သည်။

၅၊၄၊၂။ ဒီမိုကရေစီအထောက်အပံ့ နှင့် နိုင်ငံတကာအကူအညီ

၁၉၈၀ ပြည့်နှစ်ကာလများကတည်းက နိုင်ငံတကာအသိုင်းအဝိုင်းသည် နိုင်ငံရေးကိစ္စဆိုင်ရာ ရှုထောင့်တရပ် ကို ယင်း၏ ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးပေါ်လစီ တွင် စည်းမျဉ်းအဖြစ်သတ်မှတ်သွင်းခဲ့သည်။ နိုင်ငံခြားရေးနှင့် အကူအညီပေးရေး ပေါ်လစီများအတွက် ကောင်းစွာစီမံအုပ်ချုပ်ခြင်း **(good governance)** နှင့် ဒီမိုကရေစီတို့ကို အခြေခံမှုများအဖြစ် သတ်မှတ်ခဲ့သည်။ နိုင်ငံတော်ပြုပြင်ပြောင်းလဲရေး ၊ ဒီမိုကရေစီယန္တရားအဆောက်အအုံများနှင့် တရားဥပဒေစိုးမိုးရေးတို့အား အင်အားတောင့်စေခြင်း၊ လူ့အခွင့်အရေးကိစ္စရပ်များ ကို လေးစားလိုက်နာရေးနှင့် စီးပွါးရေးနှင့် နိုင်ငံရေးရာဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ဆောင်ရွက်နိုင်သည့် ပတ်ဝန်းကျင်တရပ် ဖန်တီးရေးစသည်တို့သည် ပြင်ပဆိုင်ရာ ဖွံ့ဖြိုးရေးအကူအညီအတွက် အဓိကလိုအပ်ချက်များဖြစ်လာကြသည်။ ဤသို့ဖြင့် ဖွံ့ဖြိုးရေးတွင် နောက်ခံအဖြစ် စဉ်းစားရမည့် နိုင်ငံရေးရာကိစ္စများ၏ အရေးကြီးပုံကို အလေးထား ပေးလာသည်။ နိုင်ငံတကာ လုံခြုံရေးအဖွဲ့အစည်းများသည် အစဉ်အဆက် ငြိမ်းချမ်းရေးထိန်းသိမ်းမှုကိုသာ အာရုံစိုက်ခဲ့ရာမှ ပဋိပက္ခကြိုတင်ကာကွယ်တားဆီး ရေးကိစ္စဆောင် ရွက်ရန်နှင့် အထူးသဖြင့် ပဋိပက္ခနောက်ပိုင်းငြိမ်းချမ်းရေးတည်ဆောက်မှုကို ဆောင်ရွက်ရန်အထိ ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့လာခဲ့ကြသည်။ ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီပေါ်လစီသည်ပင်လျှင် ယင်း၏ဆောင်ရွက်နိုင်မှု အဝိုင်းအဝန်းကို ပဋိပက္ခစီမံဆောင်ရွက်မှု နှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုဘောင်များနှင့် အကျုံးဝင်အောင် တိုးချဲ့လာသည်။ အစဉ်အလာအရရှိခဲ့သော အခြေအနေသတ်မှတ်ချက်တွင် စီးပွားရေး အထောက်အပံ့အတွက် နိုင်ငံရေးရာ စည်းကမ်းချက်များ ပေါ်လွင်သိသာ သောအခြေအနေများ ချမှတ်ခြင်းအားလည်း အဆင့်ဆင့်အားဖြင့် မွန်းမံမှုပြုလုပ်လာကြသည်။

ဤပေါ်လစီများတွင် အဓိက ဦးစားပေးမှု သုံးရပ် ရှိပါသည်။

❖ ဒီမိုကရေစီအထောက်အပံ့။ ။ ဒီမိုကရေစီပြုပြင်ရေးနှင့် ဒီမိုကရေစီဖြစ်မြောက်ရေးဖြစ်စဉ်များ အထောက်အပံ့လက်ခံသည့်နိုင်ငံများတွင် ပေါ်ထွန်းလာစေရန် ဟူသော မူကို

## ၅၊ ၄။ နိုင်ငံတကာဆိုင်ရာ ရှုဒေါင့်များ

နိုင်ငံခြားအကူအညီပေးရေးလုပ်ငန်း၏ အဓိကရည်မှန်းချက်တရပ် အဖြစ် ထားရှိခြင်း၊

❖ ဒီမိုကရေစီစံနစ်ဆောင်ရွက်မှုလိုအပ်ချက်တရပ်။ ။ လက်ခံယူသည့်နိုင်ငံတခုတွင် ဒီမိုကရေစီစံနစ် ကျင့်သုံးမှုရှိမရှိနှင့် လက်ခံယူသည့်နိုင်ငံက ဒီမိုကရေစီစံနစ် ဖွံ့ဖြိုးမှုအတွက် ခိုင်မာစွာလက်ခံယုံကြည်လုပ်ဆောင်နေမှု အား အကူအညီပေးရေးဆိုင်ရာ စည်းကမ်းချက်အဖြစ်ပြုလုပ်ခြင်း။

❖ ဒီမိုကရေစီစံတရပ်ထားရှိခြင်း။ ။ ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်မှု တွင် ရပ်ဆိုင်းသွားသည့်အဖြစ်အပျက်များပေါ်ပေါက်လာခြင်း သို့မဟုတ် နောက်ပြန်ဆုပ်ခြင်းများ ဖြစ်လာပါက အထောက်အပံ့များကို လျှော့ချခြင်း၊ ဆိုင်းငံ့ထားခြင်း သို့မဟုတ် ပြန်လည်ရုတ်သိမ်းခြင်း ပြုမည်ဟူသော စံတခုထားရှိခြင်း

၅၊၄၊၃။ ဒေသဆိုင်ရာ အမြင်များ ( Regional Perspectives )

လုံခြုံရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲများနှင့် ပူးပေါင်းဆောင်ရွက်ရေးအတွက် ဒေသကြီးဆိုင်ရာ လုပ်ငန်းဘောင်များသည် လွန်ခဲ့သောဆယ်စုနှစ်များအတွင်းတွင် တဖြည်းဖြည်းချင်း တိုးတက်ပြောင်းလဲလာခဲ့သည်။ ၎င်းတို့တွင် ဒီမိုကရေစီဖြစ်မြောက်ရေးနှင့်ဒီမိုကရေစီကာကွယ်စောင့်ရှောက်ရေးအပေါ်တွင် လက်တွဲဆောင်ရွက်သွားမည်ဟူသော သံဓိဌာန်အပေါ် အခြေခံသည့် ဒေသဆိုင်ရာဝါဒပုံစံသစ်များလည်း ထွန်းကားလာလျှက်ရှိသည်။ ဥရောပယူနီယံ (European Union - EU)၊ အမေရိကန် နိုင်ငံများအသင်း ( Organization of American States - OAS ) နှင့် အာဖရိကညီညွတ်ရေးအဖွဲ့ (Organization of African Unity - OAU) စသည့် အဖွဲ့အစည်းများကလည်း ပြည်တွင်းပဋိပက္ခများနှင့် ဒီမိုကရေစီဖွံ့ဖြိုးမှုကို ရေ့ရှုကြိုးပမ်းသည့် လုပ်ငန်းစဉ်သစ်များကို သတ်သတ်မှတ်မှတ် ဆောင်ရွက်ခဲ့သည်။

ဤသို့သောဒေသဆိုင်ရာအဖွဲ့အစည်းများသည်ဒီမိုကရေစီဖြစ်မြောက်ရေးဖြစ်စဉ်များအင်အားခိုင်မာကောင်းမွန်လာရေးအတွက် မူဘောင်လုပ်ငန်းတရပ် အနေနှင့်သာမက အထောက်အကူပြုဖွဲ့စည်းတည်ဆောက်ပုံများနှင့် လုပ်ထုံးလုပ်နည်းအဆင့်ဆင့်တို့ကိုပါ ပံ့ပိုးပေးလာသည်။ ၎င်းတို့သည် ဒေသဆိုင်ရာ စုပေါင်းညှိနှိုင်းဆောင်ရွက်မှု အကျိုးရလာဒ်များစွာကို မွေးထုတ်ပေးကြသည်။ ထို့အတူ အဖွဲ့ဝင်နိုင်ငံများအား ဘုံတူညီသောပြဿနာရပ်များကို ဆွေးနွေးရန်အတွက် ပလက်ဖောင်းတရပ်ကို ဖန်တီးပေးပြီး ပူးတွဲအဖြေရှာမှုများ နှင့် စုပေါင်းဆောင်ရွက်မှုများကို ပြုလုပ်စေပါသည်။ ယင်းအဖွဲ့များစွာတွင် ယခုအခါ ယင်းတို့၏အဖွဲ့ဝင်ဖြစ်မှုလိုအပ်ချက်များ၌ ဒီမိုကရေစီအပိုဒ် (democratic clause)ကိုထည့်သွင်းလာပြီဖြစ်သည်။ ယင်းတွင် တစ်စုံတစ်ရာဒီမိုကရေစီကျသောစည်းကမ်းများနှင့်အခြေခံမှုများကို အဖွဲ့ဝင်နိုင်ငံများက လိုက်နာကြရမည်ဖြစ်သည်။ ယင်းကို ချိုးဖေါက်သူမည်သူမဆို အဖွဲ့ဝင်အဖြစ်မှရပ်ဆိုင်းခြင်းသော်လည်းကောင်း သို့မဟုတ် အပြစ်ပေးအရေးယူဆောင်ရွက်မှုသော်လည်းကောင်း ခံကြရမည်ဖြစ်သည်။

ဒေသဆိုင်ရာအုပ်စုအများစုတွင် ဥပရောပယူနီယံ၊ အမေရိကန်နိုင်ငံများအသင်း၊ အာဖရိကညီညွတ်ရေးအဖွဲ့ နှင့် ဥရောပလုံခြုံရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Organization for Security & Co-operation in Europe) နှင့် အလားတူအုပ်စုများတွင် အဖွဲ့ဝင်ဖြစ်ခြင်း စံသတ်မှတ်ချက်များထားရှိကြသည်။ ယင်းစံများသည် ပြည်တွင်းဆိုင်ရာဒီမိုကရေစီအလေ့အထများ နှင့် ကျင့်သုံးမှုမှုများပါဝင်သလို၊ ယင်းတို့ကိုပြသရမည့် အထောက်အထားသတ်မှတ်ချက်များလည်း ပါဝင်သည်။ ( ဥပမာအားဖြင့် အောက်တွင် ဖေါ်ပြသည့် ဥရောပဆိုင်ရာအခန်းကဏ္ဍတွင်ကြည့်ပါ) အချို့သောနိုင်ငံတကာအဖွဲ့အစည်းများ အထူးသဖြင့် ကုလသမဂ္ဂတွင် ဒီမိုကရေစီကိုလိုလားသည့် ကြေညာချက်များ၊ သဘောတူညီချက်များ၊ စာချုပ်များနှင့် ပဋိဉာဉ်များ အများအပြား

ကြွယ်ဝစွာရှိနေရာ၊ ယင်း၏အဖွဲ့ဝင်နိုင်ငံများအနေဖြင့် လူ့အခွင့်အရေး တိုးတက်မှု အလားအလာများကို ပူးတွဲထိန်းသိမ်းစောင့်ရှောက်မည့် ခိုင်မာစွာရပ်တည်မှုကို စုစည်း အားဖြည့်ပေးလျှက်ရှိသည်။ အလွန်အားကောင်း သော ဥပမာတစ်ခုမှာ အမေရိကန် နိုင်ငံများအဖွဲ့၏ ဆုံးဖြတ်ချက်အမှတ် ၁၀၈၀ ဖြစ်သည်။ ၎င်းတွင်ဒီမိုကရက်တစ် နိုင်ငံရေး ယန္တရားဖြစ်စဉ်သည် တစ်စုံတစ်ရာရုတ်တရက်ရပ်ဆိုင်းမှု သို့မဟုတ် ပုံမှန်မဟုတ်သော ရပ်ဆိုင်းမှုဖြင့်ရင်ဆိုင်ရလျှင် သို့တည်းမဟုတ် မည်သည့်အဖွဲ့ဝင်နိုင်ငံ၌မဆို ဒီမိုကရေစီ စံနစ်အရ ရွေးကောက်ထားသောအစိုးရတရပ်သည် ၎င်း၏တရားဝင် ကျင့်သုံးနိုင်သည့် အခွင့်အာဏာကို ရုတ်တရက်ရပ်ဆိုင်းခြင်း သို့မဟုတ် ပုံမှန်မဟုတ်သောရပ်ဆိုင်းမှု ကြုံတွေ့ရလျှင် အုပ်စုလိုက် ချက်ချင်းအရေးယူဆောင်ရွက်မှုကို အဖွဲ့ဝင်များက ဆောင်ရွက်ရန်ဖေါ်ပြထားသည်။ ဤသို့ဖြင့် အဖွဲ့ဝင်ဖြစ်မှုသည် ဒီမိုကရက်တစ်ဖွဲ့စည်း တည်ဆောက်ပုံခိုင်မာစွာရပ်တည်မှုအား ကျောထောက်နောက်ခံပြုသော အလွန် ထိရောက်သည့် အကြောင်းအရာတရပ်ဖြစ်လာပြီး ယင်းသို့ဒီမိုကရေစီကလပ်အသင်း တစ်ခုကို ဆက်သွယ်ပါဝင်ခြင်းအားဖြင့် အခြားအဖွဲ့ဝင်များ၏ သိသာပြီးလက်တွေ့ ကျသော အထောက်အကူများကို ရရှိမည်ဖြစ်သည်။ ထို့ထက်မက၊ တိုင်းပြည်တပြည် သည် ဒေသဆိုင်ရာနှင့် နိုင်ငံတကာဆိုင်ရာ လက်တွဲပါဝင်မှု ပို၍ ဆောင်ရွက်လေလေ အခြားတိုင်းပြည်တခုနှင့် လက်နက်ကိုင်ပဋိပက္ခ ဖြစ်မှု ဖြစ်နိုင်ချေ လျော့နည်းလာလေလေ ဖြစ်သည်။ ဆက်လက်ဖေါ်ပြမည့် အခန်းများတွင် ဒီမိုကရေစီမြှင့်တင်ရေး ပေါ်လစီများ၊ ယန္တရားအဖွဲ့အစည်းများနှင့် အကူအညီများအကြောင်းကို သုံးသပ်သွားမည်ဖြစ်သည်။

*ဥရောပ*

ဥရောပတွင် ပဋိပက္ခကာကွယ်တားဆီးရေး၊ စီမံခန့်ခွဲရေးနှင့်အဖြေရှာမှုများကို ဒီမိုကရေစီ၏ စည်းကမ်းများအတွင်း ဆောင်ရွက်ရန်အတွက် အပြန်အလှန် ဆက်သွယ် လျှက်ရှိသော အလွန်သိမ်မွေ့မြင့်မားသည့် ကွန်ယက်တစ်ရပ်ထားရှိသည်။ ထို့အတူ အပြန်အလှန် အားဖြည့်ထားသော ယန္တရားအဆောက်အအုံများနှင့် လုပ်ငန်း ဆောင်ရွက်ပုံအဆင့်ဆင့်များလည်း ထားရှိသည်။ ပဋိပက္ခတွင်ပါဝင်သည့် အဖွဲ့ အစည်းများ အတွက် ထိုသို့သောကိရိယာများ၏ ရရှိနိုင်မှုအတိုင်းအဆသည် လွန် ခဲ့သောဆယ်စုနှစ်အတွင်းတွင် သိသိသာသာတိုးမြင့်လာခဲ့သည်။ ဥရောပဆိုင်ရာ ဒေသအဖွဲ့အစည်းများသည် အဖွဲ့ဝင်နိုင်ငံသစ်များအား လူ့အခွင့်အရေးနှင့် လူနည်းစု အခွင့်အရေးများကို လေးစားခြင်း၊ ဥပဒေစိုးမိုးရေးနှင့် ကောင်းစွာစီမံခန့်ခွဲခြင်း၊ အပါအဝင် ဒီမိုကရက်တစ်အခြေခံမှုများကို ပြည့်စုံတိကျပြတ်သားစွာ ပွင့်ပွင့်လင်းလင်း လိုက်နာ စေသည်။ ယင်းအချက်ကို အဖွဲ့ဝင် လိုအပ်ချက်အဖြစ် ထားခြင်းအားဖြင့် ဒီမိုကရက်တစ် ဖွံ့ဖြိုးမှုကို အဖွဲ့ဝင်နိုင်ငံများက စိုက်လိုက်မတ်တပ်လုပ်ရန် မက်လုံးများ ပေးပေသည်။

အဆိုပါ ဒီမိုကရေစီကိုဇောင်းပေးသော အဖွဲ့ဝင်ဖြစ်မှုစံညွှန်းများသည် နိုင်ငံတနိုင်ငံ အား အဖွဲ့ဝင်မဖြစ်ခင် အရေးပါသည်သာမက၊ ဖြစ်ပြီးကလည်း အရေးပါလျှက်ရှိပါသည်။ အဖွဲ့ဝင်တစ်ဦးဖြစ်လာရန် ရှည်လျားပြီး ဒေါင့်စုံသော ဖြစ်စဉ်တရပ်ဖြတ်ကျော်ရပါသည်။ အဖွဲ့ဝင်တိုင်းသည် (ဒီမိုကရေစီ) ပြုပြင်ပြောင်းလဲရေးကို အင်အားကောင်းစေရန်နှင့် ခိုင်မာစေရန်ရှေ့ရှုသော ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းဘောင်တရပ်ကို သဘောတူညီ ရသည်။ အဖွဲ့ဝင်ဖြစ်ပြီးသည်နှင့် ယင်းတို့၏ နိုင်ငံရေးစံနစ်များ တွင် ဘုံတူညီသော ဒီမိုကရေစီပေါ်လစီများကို ဆုံချက်အဖြစ်သတ်မှတ်ကာ ဆက်လက်ဆောင်ရွက် ကြသည်။

ဥရောပယူနီယံ **(Europian Union)**

အနောက်ပိုင်းဥရောပစီးပွါးရေးအဖွဲ့အစည်းတရပ်ဖြစ်သော ဥရောပယူနီယံခေါ် ဥရောပသမဂ္ဂသည် အဖွဲ့ဝင်ဖြစ်မှုအတွက် တင်းကြပ်သောစီးပွားရေးနှင့် နိုင်ငံရေးဆိုင်ရာ စံသတ်မှတ်ချက်များ ထားရှိသည်။ ၁၉၉၃ခု ကိုပင်ဟေဂင်ထိပ်သီးဆွေးနွေးပွဲ ကတည်းက

## ၅၊ ၄။ နိုင်ငံတကာဆိုင်ရာ ရှုဒေါင့်များ

ဒီမိုကရေစီ၊ လူ့အခွင့်အရေးကိုလေးစားလိုက်နာခြင်း ၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာ လွှမ်းမိုးမှုရှိခြင်းနှင့် အခြေခံလွတ်လပ်ခွင့်များအား လိုက်နာစောင့်ထိန်းခြင်း တို့ကို စံသတ်မှတ်ခြင်းထဲတွင်ပါဝင်စေခဲ့သည်။ ဥရောပသမဂ္ဂ အဖွဲ့ဝင်အဖြစ် ဖြစ်နိုင်ခြေရှိခြင်းသည် အရှေ့ဥရောပနှင့် ဗဟိုဥရောပနိုင်ငံများအတွက် ၎င်းတို့၏ဒီမိုကရက်တစ် အောင်မြင်မှုများကို သိပ်သည်းခိုင်မာလာစေရန်နှင့် နိုင်ငံရေးရာပြုပြင်ပြောင်းလဲမှုအတွက် အရှည်အဟုန်ကို တာရှည်တည်တန့်စေရန်အတွက် အရေးကြီးသော တွန်းအားတရပ်ဖြစ်လာသည်။ ထပ်ဆင့်၍ ဥရောပယူနီယံသည် အရှေ့ပိုင်းဥရောပနှင့် အလယ်ပိုင်းဥရောပရှိ ဒီမိုကရေစီဖြစ်မြောက်ရေးဖြစ်စဉ်များအား ၁၉၉၀ခုနှစ် အစောပိုင်းကတည်းက ထောက်ပံ့မှုများ ပြုလုပ်ခဲ့သည်။ ဒီမိုကရေစီ ဖြစ်မြောက်ရေးအတွက် ့အထောက်အပံ့ဖြစ်သည့် အပြုသဘောဆောင်ရွက်မှုများ ကိုလည်းပြုလုပ်ပေးလျက်ရှိပါသည်။

စိတ်ဝင်စားစရာကောင်းသောကိစ္စရပ်တခုမှာ တူရကီနိုင်ငံဖြစ်ပါသည်။ ၎င်းသည် ဥရောပယူနီယံနှင့် တာရှည်စွာကပင်ကြီးမားကျယ်ပြန့်သော ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာသဘောတူချက်တရပ်ရှိခဲ့သော်လည်း ၎င်းသည်အဖွဲ့ဝင်သတ်မှတ်ချက်များကို ပြည့်မှီခြင်းမရှိခဲ့ပါ။ မည်သို့ဆိုစေအဖွဲ့ဝင်ရန် အလားအလာရှိပြီး သိသာထင်ရှားသည့် ရေရှည်အထောက်အပံ့ကို ဥရောပယူနီယံမှ ရရှိနေခြင်းသည် တူရကီနိုင်ငံအား ၎င်း၏နိုင်ငံရေးပြုပြင်ပြောင်းလဲဆိုင်ရာအစီစဉ်ကို အရှည်အဟုန်ထိန်းထားရန် အားပေးကူညီလျက်ရှိသည်။

၁၉၉၇ခုနှစ်တွင် ဥရောပသမဂ္ဂ၏ အဖွဲ့ဝင်ရပ်ဆိုင်းရေးအပိုဒ်ငယ် တခုအား ထည့်သွင်းထားခဲ့သည်။ ၎င်းတွင် ကိုပင်ဟေဂင်အခြေခံမှုများအား ချိုးဖေါက်ခဲ့လျှင် အဖွဲ့ဝင်ဖြစ်မှုအခွင့်အရေးအချို့ သို့မဟုတ် အားလုံးကို ဆိုင်းငံ့ရန် အတွက် ဖေါ်ပြထားသည်။ ယင်းအခြေခံမှုများမှာ ဥရောပသမဂ္ဂ၏ အဓိကနိုင်ငံခြားရေးပေါ်လစီများလည်းဖြစ်ပါသည်။ ဒီမိုကရေစီနှင့် ဒီမိုကရေစီမြှင့်တင်ခြင်းတို့သည် နိုင်ငံခြားရေးရာနှင့် လုံခြုံရေးရာ ဘုံပေါ်လစီ၏ အချက်အချာကျသော ရပ်တည်ချက်တရပ်အဖြစ် အချိန် ကြာမြင့်စွာကပင် ဖြစ်ခဲ့ပါသည်။

ဥရောပကောင်စီ **(Council of Europe)**

ဥရောပတလွှမ်း ယန္တရားအဆောက်အအုံတခုဖြစ်သည့် ဥရောပကောင်စီသည် ပါလီမန်ဒီမိုကရေစီကို မြှင့်တင်ရန်အခွင့်အာဏာပေးအပ်ထားမှုရှိထားသည်။ ကောင်စီသည် အဖွဲ့ဝင်ဖြစ်ရေးအတွက် နိုင်ငံရေးရာအခြေအနေသတ်မှတ်ချက်များကို ပြဋ္ဌာန်းပေးသည်။ အဖွဲ့ဝင်တစ်ဦးသည် အဖွဲ့မဝင်ခင်ကပင် ဒီမိုကရေစီနိုင်ငံတခုဖြစ်ရမည်။ သို့မဟုတ် အနည်းဆုံးအားဖြင့် ဒီမိုကရေစီဖြစ်မြောက်ရေးနှင့် နိုင်ငံရေးဥပဒေပြောင်းလဲရေးဆီသို့ ခိုင်မာစွာရပ်တည်မှုကို သက်သေပြရမည်ဖြစ်သည်။ ဝင်ခွင့်ရရေးအတွက် အရည်အချင်းပြည့်မှီရန် နိုင်ငံတနိုင်ငံသည် လူ့အခွင့်အရေးဆိုင်ရာလောကတွင် လူနည်းစုအခွင့်အရေးအပါအဝင် တည်ရှိဆဲသဘောတူညီချက် ကွန်ဗင်းရှင်းများကို အတည်ပြုပြဋ္ဌာန်းထားပြီးသားဖြစ်ရမည်ဖြစ်သည်။ ပို၍အရေးပါသည်မှာ ဥရောပကောင်စီ၏ စည်းကမ်းထိန်းသိမ်းမှုလုပ်ငန်းစံ (နိုင်ငံတကာကွန်ဗင်းရှင်းများအတိုင်း) နှင့် လူ့အခွင့်အရေးထိန်းသိမ်းရေးဆောင်ရွက်မှုများသည် (ဥပမာ ဥရောပတရားရုံးနှင့် ့လူ့အခွင့်အရေးဆိုင်ရာကော်မရှင် ) သည် အဖွဲ့ဝင်နိုင်ငံများအပေါ် နိုင်ငံတကာဥပဒေလိုက်နာမှုအရသော၄င်း၊ ပြည်တွင်းတရားဥပဒေဖော်ဆောင်မှုအရသော်၎င်း၊ နှစ်ရပ်စလုံးတွင် သိသာထင်ရှားသည့် လွှမ်းမိုးမှုတရပ် ဖြစ်စေသည်။ ယနေ့အခါတွင် ဥရောပအရှေ့ပိုင်းနှင့် အလယ်ပိုင်းဆိုင်ရာနိုင်ငံများအားလုံးသည် အဖွဲ့ဝင်များ ဖြစ်လာကြသည်။ ကျန်ရှိသောတိုင်းပြည်များ၊ ဥပမာ လွတ်လပ်သောနိုင်ငံများဓနသဟာယ **(Commonwealth of Independent States)** တို့သည် ဧည့်သည်အဆင့်အတန်းကို

ရရှိပြီး ပူးပေါင်း ဆောင်ရွက်မှုအစီစဉ်အများအပြားကို အကျိုးခံစားခွင့်များ ရှိပေသည်။ အမှန်စင်စစ် ဘာလင်တံတိုင်းပြိုကျပြီးနောက် အရှေ့ပိုင်းနှင့်ဗဟိုဥရောပတွင် ဒီမိုကရေစီအသွင်ကူးပြောင်းမှုသည် ဥရောပကောင်စီအတွက် ကြီးမားသောစိန်ခေါ်မှုများ ဖြစ်စေခဲ့သည်။ ယင်းမှာ မူလက အဖွဲ့ဝင်၁၆နိုင်ငံရှိရာမှ ၁၉၉၈ခုနှစ်ဧပြီလတွင် ၄၀ နိုင်ငံ အဖြစ် တိုးပွါးလာခဲ့သည်။ အဖွဲ့ဝင်သစ်အများစုမှာ ကြားဖြတ်ကာလ အသွင်ကူးပြောင်းရေး ဒီမိုကရေစီနိုင်ငံများဖြစ်သည့်အလျောက် ပြိုအက်နိုင်ရန် အကြောင်းများ ရှိသည်။ ၁၉၉၇ ခုနှစ်တွင် ကောင်စီ သည်နိုင်ငံတခု၏ ၄င်း၏အဖွဲ့ဝင်ဖြစ်မှုအပေါ် ကတိထားမှု နှင့် တာဝန်ရှိမှုများ အား လေးစားလိုက်နာခြင်း ရှိမရှိ ကို အကဲခတ်သည့် စောင့်ကြည့်လေ့လာခြင်းနှင့် စီစစ်သုံးသပ်ခြင်း လုပ်ငန်းများ ကိုချမှတ်ခဲ့သည်။

မြောက်အတ္တလန်တိတ်စာချုပ်အဖွဲ့ **(North Atlantic Treaty Organization)**

မြောက်အတ္တလန်တိတ်စာချုပ်အဖွဲ့ (နေတိုး) သည် အတ္တလန်တိတ် သမုဒ္ဒရာတလွှား စစ်ဖက်ဆိုင်ရာ အဖွဲ့အစည်းတရပ်ဖြစ်သည်။ ယင်း၏အဖွဲ့ဝင်ဖြစ်မှုအတွက် ကြိုတင်လိုအပ်ချက်တရပ်အနေဖြင့် စစ်ရေးအပေါ် အရပ်သားထိန်းချုပ်မှု ရှိရန် ကြေညာခဲ့သည်။ ယင်းသည်ဖွဲ့စည်းတည်ဆောက်ပုံနှင့် လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်ကို ပဋိပက္ခကာကွယ်တားဆီးရေးနှင့်စီမံခန့်ခွဲရေးအတွက်၄င်း၊ ယုံကြည်မှုတည်ဆောက်ရေးနှင့် ပြန်လည်ပြုပြင်ရေးအထောက်အကူအတွက်၄င်း၊ ပြန်လည်မွမ်းမံမှုပြုလုပ်ခဲ့ရာ ၁၉၉၁ ခုနှစ် တွင် မြောက်အတ္တလန်တိတ်ပူးပေါင်းဆောင်ရွက်ရေးကောင်စီ NACC နှင့် ၁၉၉၄ ခုနှစ်တွင် ငြိမ်းချမ်းရေးအတွက်မိတ်ဖက်အစီစဉ် Partnership for Peace တို့ကို တည်ထောင်ခဲ့သည်။ နေတိုးအဖွဲ့ဝင်ဖြစ်ခြင်းမှာ ဝါဆောစာချုပ်အဖွဲ့ ပြိုပျက်သွားကတည်းက အရှေ့ပိုင်းနှင့်အလယ်ပိုင်းဥရောပနိုင်ငံများ၏ နိုင်ငံခြားရေးပေါ်လစီအတွက် ဦးစားပေးတရပ်ဖြစ်လာသည်။ ၁၉၉၇ခု မက်ဒရစ်ထိပ်သည်းညီလာခံ တွင် အရှေ့ ပိုင်းနှင့် အလယ်ပိုင်းဥရောပလေးနိုင်ငံအား နေတိုးအဖွဲ့ဝင်အဖြစ်သို့ သွတ်သွင်းခြင်းဆိုင်ရာ အခြေခံမှုများ ချမှတ်သဘောတူညီခဲ့ကြသည်။ တဆက်တည်းမှာပင် ပိုမို၍ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးဘောင်တရပ်ကို ပြဋ္ဌာန်းခဲ့ကြသည်။ ဤထိပ်သည်းညီလာခံသည် ဒေသဆိုင်ရာစုပေါင်းဆောင်ရွက်သောလုံခြုံရေးဆိုင်ရာယန္တရားများသည် ပြည်တွင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ဖြစ်လာစေရန် တစုံတရာ သက်ရောက်စေကြောင်းကို သိသာစွာထောက်ပြသွားပေသည်။

ဥရောပတိုက်ဆိုင်ရာလုံခြုံရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ **(Organization of Security and Cooperation in Europe)**

အတ္တလန်တိတ်တလွှားလုံခြုံရေးဆိုင်ရာအဖွဲ့အစည်းတရပ်ဖြစ်သည့် OSCE သည် ဥရောပတိုက်တွင် တည်ငြိမ်ရေးကို ခြိမ်းခြောက်လာသည့် အန္တရာယ်အကြောင်းများအား စုံစမ်းစစ်ဆေးရန် အချက်အလက်ရှာဖွေသည့် လုပ်ငန်းများ၊ ယုံကြည်မှုတည်ဆောက်ခြင်းနှင့် ပဋိပက္ခကာကွယ်တားဆီးခြင်းများကို အားဖြည့်ဆောင်ရွက်ပေသည်။ ယင်းတွင် ငြိမ်းချမ်းရေးကိုဆောင်ရွက်စေရန်နှင့် ငြိမ်းချမ်းရေးကိုထိန်းသိမ်းရန်အတွက် ဖွဲ့စည်းပုံ နှင့် စစ်ယန္တရား မရှိသော်လည်း ၄င်းသည်အထူးသဖြင့် လူနှင့် လူနည်းစုအခွင့်အရေးများဆိုင်ရာကိစ္စနှင့်ပတ်သက်၍၄င်း၊ ယုံကြည်မှုတည်ဆောက်ခြင်းနှင့် ပဋိပက္ခကာကွယ်တားဆီးရေးတွင်၄င်း ဥရောပတိုက်လုံးဆိုင်ရာ ဆွေးနွေးပွဲနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများ အတွက် ဆုံရပ်တခုဖြစ်နေသည်။ OSCE တွင် အဇာဘိုင်ဂျန်၊ အာမေးနီးယားနှင့် ကာလဘတ် တွင်ရှိသော အာမေးနီးယားခွဲထွက်ရေးသမားအကြား နက်ရှိုင်းစွာတည်ရှိနေသည့် ပဋိပက္ခများတွင် ညှိနှိုင်းဆွေးနွေးမှုများအား အဆင်ပြေ ချောမွေ့စေရန် ဆောင်ရွက်ပေးနေပါသည်။

OSCE ထဲတွင် ဒီမိုကရက်တစ်အဆောက်အအုံများနှင့် လူ့အခွင့်အရေးအတွက် ရုံး

## ၅၊ ၄။ နိုင်ငံတကာဆိုင်ရာ ရှုဒေါင့်များ

တစ်ရုံးကို ဖွင့်လှစ်ထားရာ ၎င်းသည် မူလက လွှတ်လပ်သောရွေးကောက်ပွဲများဆိုင်ရာရုံးဟု လူသိများခဲ့သည်။ ဤရုံးတွင် လူ့အခွင့်အရေး ဒီမိုကရေစီနှင့်အတူ ရွေးကောက်ပွဲဆိုင်ရာအထောက်အပံ့များနှင့်လေ့လာစောင့်ကြည့်မှုများနှင့် စောင့်ကြည့်အခဲခတ်ခြင်း အပါအဝင် တရားဥပဒေစိုးရေးတို့ကို ကျယ်ပြန့်စွာဖြစ်ပေါ်စေရန် တာဝန်ယူလျှက်ရှိသည်။ တိုင်းရင်းသားလူနည်းစုများဆိုင်ရာ မဟာမင်းကြီးသည် အချက်အလက်ရှာဖွေရေးမစ်ရှင်များနှင့် စောင့်ကြည့်လေ့လာခြင်းလုပ်ငန်းများကိုဆောင်ရွက်လျှက်ရှိသည်။ မဟာမင်းကြီး၏ နောက်ကွယ်မှ ဆောင်ရွက်သော သံတမန်ရေးလုပ်ငန်းများ သည် အထူးသဖြင့် အရှေ့ပိုင်းဥရောပတွင် လူနည်းစုများ၏လိုအပ်ချက်များကို ဖြေရှင်းပေးခြင်းနှင့် တင်းမာမှုများကို အခြေအနေထိန်းသိမ်းပေးခြင်းတို့တွင် အဓိကဇာတ်ကောင်အဖြစ် ဆောင်ရွက်လျှက်ရှိသည်။ ၁၉၉၅ ခုနှစ် ဥရောပတိုက်တည်ငြိမ်ရေးဆိုင်ရာ ဥရောပသဘောတူညီချက် အပါအဝင် အခြားသောလုပ်ငန်းစဉ်များသည်လည်း နယ်ခြားဆိုင်ရာနှင့်လူနည်းစုဆိုင်ရာအငြိမ်းပွားမှုအား ငြိမ်းချမ်းစွာဖြေရှင်းခြင်းနိုင်ရန်လုပ်ငန်းစဉ်များကို ချမှတ်ခဲ့ကြသည်။ ထို့အတူ ၁၉၉၄ ခုနှစ်တွင် အသက်ဝင်ခဲ့သော ပေါင်းစည်းရေးနှင့် ခုံသမာဓိဖြင့်စီရင်ဆုံးဖြတ်ခြင်းဆိုင်ရာတရားရုံးနှင့်သဘောတူညီချက် Convention and Court on Conciliation and Arbitration သည် ဟန်ဂေရီနှင့်ရိုမေးနီးယားတို့တွင် ဆောင်ရွက်ခဲ့သည်ကဲ့သို့ လူနည်းစုပဋိပက္ခကာကွယ်တားဆီးရေးအတွက် အသုံးဝင်သော အဖွဲ့အစည်းတရပ် ဖြစ်လာသည်။

*လက်တင်အမေရိက*

အမေရိကန်နိုင်ငံများအဖွဲ့(OAS)သည် အမေရိကန်လုံးဆိုင်ရာ လုံခြုံရေးဆိုင်ရာ အဖွဲ့အစည်းတရပ်ဖြစ်သည်။ ယင်းသည် ဒီမိုကရေစီကိုအထောက်အပံ့ပြုသည့်အနေဖြင့် ဦးဆောင်မှုရှိသော တက်ကြွသည့်ရပ်တည်ချက်တရပ်ကို ပြဋ္ဌာန်းခဲ့သည်။ ယင်းမှ အထူးဆောင်ရွက်ခဲ့သည်မှာ အဖွဲ့ကြီး၏ စည်းလုံးညီညွတ်မှုသည် အဖွဲ့ဝင်တနိုင်ငံချင်းအနေဖြင့် ကိုယ်စားပြုဒီမိုကရေစီကျင့်သုံးယုံသာမက ရှိပြီးသားဒီမိုကရေစီကိုပါ ထိန်းထားနိုင်ရန် လုံ့လထုတ်ဆောင်ရွက်မှသာတည်ဆောက်နိုင်မည်ဟု ဆိုသည်။ လက်တင်အမေရိက ရှိ အမေရိကန်နိုင်ငံများအဖွဲ့ဝင်အားလုံးသည် လွန်ခဲ့သောနှစ်များအတွင်း ဆင့်ကဲတိုးတက်မှုဖြင့် ပို၍ဒီမိုကရက်တစ်ဖြစ်လာသည်ဟူသောအချက်မှာ လွန်ခဲ့သော ဆယ်စုနှစ်အတွင်း ယင်းဒေသ၏ အခြေခံကျသောအချက်တစ်ချက်ဖြစ်လာသည်။

၁၉၉၁ခုနှစ်တွင် အမေရိကန်နိုင်ငံများအသင်းဝင် နိုင်ငံများသည် ချီလီနိုင်ငံ၊ ဆန်တီရာဂိုမြို့တွင် တွေ့ဆုံကြပြီး ဒီမိုကရေစီရပ်တည်မှုနှင့် အမေရိကန်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုစံနစ်ကို အသစ်ဖန်တီးခြင်း မှုအား ထောက်ခံအတည်ပြုပေးသည်။ ယင်းထောက်ခံမှုသည် ယင်းတို့၏ လူ့အခွင့်အရေး ကိစ္စများအား မြှင့်တင်ခြင်းနှင့် ကာကွယ်စောင့်ရှောင့်ခြင်းနှင့်အတူ ဒီမိုကရေစီကိုကိုယ်စားပြုခြင်းအား နိုင်ငံရေးအရ ခိုင်မာစွာလက်ခံရပ်တည်မှု၊ ထို့အတူ ဒေသဆိုင်ရာ တည်ငြိမ်ရေး၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးတို့အတွက် ယင်းခိုင်မာစွာရပ်တည်မှုအား မရှိမဖြစ်အခြေအနေများအဖြစ် ထပ်လောင်းအတည်ပြုပေးသည်။ ဤသို့အတည်ပြုပေးပြီးနောက်တွင် ၁၉၉၃ခုနှစ်၌ ဆုံးဖြတ်ချက်အမှတ် ၁၀၈၀ ကို သဘောတူပြဋ္ဌာန်းခဲ့ကြသည်။ ဤဆုံးဖြတ်ချက်အရ အမေရိကန်နိုင်ငံများအဖွဲ့၏ အတွင်းရေးမှူးချုပ်သည် အဖွဲ့ဝင်နိုင်ငံတခုခုတွင် ဒီမိုကရေစီနည်းလမ်းကျစွာရွေးကောက်ထားသော အစိုးရတို့သည် ယင်းတို့၏ တရားဝင်ဆောင်ရွက်နိုင်သော အခွင့်အာဏာအားဖြစ်စေ၊ သို့မဟုတ် ဒီမိုကရေစီယန္တရားဆိုင်ရာဖြစ်စဉ်များတွင်ဖြစ်စေ၊ ရုတ်တရက် သို့မဟုတ် နည်းလမ်းမကျသော ရပ်ဆိုင်းမှုများ ဖြစ်ခဲ့လျှင် မည်သည့်အချိန်၌မဆို ခေါင်းဆောင်များဆိုင်ရာဆွေးနွေးပွဲကို ချက်ချင်းခေါ်ယူခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။

ဤပြဌာန်းချက်အား ၁၉၉၁ခုနှစ်တွင် ဟေတီ၌၄င်း၊ ၁၉၉၂ခုနှစ်တွင် ပီရူး၌၄င်း၊ ၁၉၉၃ ခုနှစ်တွင် ဂွာတီမာလာ၌၄င်း၊ ၁၉၉၆ခုနှစ်တွင် ပီရူး၌၄င်း မှီငြမ်းဆောင်ရွက် ခဲ့ကြသည်။ ဂွာတီမာလာတွင်ဥပမာအားဖြင့် သမတစာရန်တိုက မိမိဖါသါအာဏာသိမ်းရန် ကြိုးပမ်းမှုကို အဖွဲ့ကြီးက ရှုတ်ချခြင်းအားဖြင့် ဖွဲ့စည်းပုံနှင့်အညီ ရွေးကောက်ထားသော အစိုးရကိုထိမ်းသိမ်းထားရေး ဆီသို့ဦးတည်စေသည်။ ပရာဂွေးနိုင်ငံတွင် ဗိုလ်ချုပ်ကြီး အိုဗီဒိုက အာဏာလွှဲပေးရန်ငြင်းဆန်ခဲ့ရာမှ ဖွဲ့စည်းပုံဆိုင်ရာအကြပ်အတည်း ဖြစ်ခဲ့ခြင်း ကို အဖွဲ့ကြီးကလျင်လျင်မြန်မြန် အရေးယူဆောင်ရွက်ခဲ့သောကြောင့် သမတ ဝပ်စမိုးစီအား အာဏာပြန်လည်ရရှိအောင်စွမ်းဆောင်နိုင်ခဲ့သည်။

ဆုံးဖြတ်ချက်အမှတ် ၁၀၈၀သည် လက်တင်အမေရိကကမ္ဘာခြမ်းတွင် မည်သည့် နိုင်ငံ၌မဆို ဒီမိုကရေစီအား ခြိမ်းခြောက်လာပါက လိုအပ်သောတုန့်ပြန်မှုများကို ဒေသဆိုင်ရာနှင့် နိုင်ငံတကာအသိုင်းအဝိုင်းများအကြား စနစ်တကျညှိနှိုင်း ဆောင်ရွက် နိုင်ရန် ရှင်းရှင်းလင်းလင်း ပြဌာန်းပေးသည့်လုပ်ငန်းစဉ်တရပ်ဖြစ်သည်။ အမှန်စင်စစ် အိုဗီဒိုကိုယ်တိုင်က ဆုံးဖြတ်ချက်အမှတ်၁၀၈၀ပေါ်လာခြင်းသည် လက်တင်အမေရိက၌ စစ်အာဏာသိမ်းမည့်ခေတ်ကုန်ဆုံးသွားသည့်အဓိပ္ပါယ်ဆောင် ကြောင်း အသိအမှတ် ပြုခဲ့သည်။ မကြာခင်ကထပ်ဆင့်ပေါ်ပေါက်လာသော အဖွဲ့၏ ပရိုတိုကောကျင့်ဝတ်တွင် ဒီမိုကရေစီကျစွာရွေးကောက်ထားသောအစိုးရကို အင်အားအသုံးပြုဖယ်ရှားသည့် မည်သည့်အဖွဲ့ဝင်ကိုမဆို အဖွဲ့ဝင်အဖြစ်မှ ဆိုင်းငံ့ထားရန် ခွင့်ပြုထားပေသည်။

ဒီမိုကရေစီမြင့်တင်ရေးယူနစ်တစ်ခုကို ၁၉၉၀ခုနှစ်ဇွန်လတွင် တည်ထောင်ခဲ့သည်။ ယင်းသည်အမေရိကန်နိုင်ငံများ အသင်းဝင်နိုင်ငံတို့တွင် ဒီမိုကရက်တစ်ယန္တရား နှင့် အဆောက်အအုံများ တည်ဆောက်ခြင်းအား အကူအညီပြုရန်ဖြစ်သည်။ ထို့အတူ အပြန်အလှန်ဆွေးနွေးမှုနှင့် အများသဘောဆန္ဒအရဆောင်ရွက်မှုကိုလည်း အားပေးရန် လည်းဖြစ်သည်။ ထိုလုပ်ပိုင်ခွင့်ကို သတ်မှတ်ရာတွင် ယင်းတိုင်းပြည်တို့၏ နိုင်ငံရေးအဆောက်အအုံများနှင့် ဒီမိုကရက်တစ်နည်းလမ်းများ၊ လုပ်ငန်းစဉ်များကို ထိန်းသိမ်းထားရန်အတွက်၊ ၄င်းနိုင်ငံတို့က သူတို့၏အချုပ်အခြာအား အပြည့်အဝ အသုံးပြုလျှက်၊ အကြံဉာဏ်သို့မဟုတ် အကူအညီ တောင်းခံလာလျှင် ချက်ချင်းနှင့်ထိရောက်သောတုန့်ပြန်မှုကိုပြုရန်ဖြစ်သည်။

မာကိုဆာ (MERCOSUR )

ဒီမိုကရေစီကိုကာကွယ်စောင့်ရှောက်ရာတွင် ဒေသဆိုင်ရာကုန်သွယ်ရေးအုပ်စုများ၏ တိုးမြင့်လာနေသော နိုင်ငံရေးဆိုင်ရာရဲတင်းမှုမှာ စိတ်ဝင်စားစရာကောင်းသော ဖြစ်စဉ် တရပ်ဖြစ်သည်။ ဥပမာအားဖြင့် ၁၉၉၆ခုနှစ် ပါရာဂွေးနိုင်ငံအကြပ် အတည်းတွင် မာကိုဆာ၏ အဆုံးအဖြတ်ပေးသော လွှမ်းမိုးမှုအားဖေါ်ပြလိုပါသည်။ ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် ကုန်သွယ်ရေးကို မြှင့်တင်ရန် အာဂျင်တီးနား၊ ဘရာဇီး၊ ပါရာဂွေးနှင့် ဥရုဂွေးနိုင်ငံတို့မှ ၁၉၉၁ခုနှစ်တွင် ယင်းကိုတည်ထောင်ခဲ့သည်။ ယင်း၏ စီးပွါးရေးဆိုင်ရာ ဩဇာလွှမ်းမိုးမှုသည် စီးပွါးရေးနယ်ပယ်၌သာမက အခြားကိစ္စရပ်များ တွင်လည်း လွှမ်းမိုးမှုပြုစေသည်။ ပါရာဂွေးနိုင်ငံ ၁၉၉၈ခု၊ မေလ သမ္မတရွေးကောက်ပွဲတွင် မာကိုဆာအဖွဲ့ဝင်များ၏ (ပဋိပက္ခ) ကာကွယ်တားဆီးရေးဆိုင်ရာလုပ်ငန်းများသည် ထိုတိုင်းပြည်၏ ပြည်တွင်းနိုင်ငံရေးပြောင်းလဲမှုအပေါ် ဩဇာသက်ရောက်သည်သာမက သတ်မှတ်ထားသည့်ရွေးကောက်ပွဲများကို လွတ်လပ်ပြီးမျှတစေသည်သာမက အချိန်မှီ ကျင်းပနိုင်ရန်လည်း ကူညီခဲ့သည်။

## ၅၊ ၄။ နိုင်ငံတကာဆိုင်ရာ ရှုဒေါင့်များ

*အာဖရိက*

အာဖရိကညီညွတ်ရေးအဖွဲ့ (OAU)

အာဖရိကတိုက်လုံးဆိုင်ရာ လုံခြုံရေးအဖွဲ့အစည်းတခုဖြစ်သည်။ OAUသည် အာဖရိကနိုင်ငံများ၏ ပဋိပက္ခတားဆီးကာကွယ်ရေး နှင့် ငြိမ်းချမ်းမှုထိန်းသိမ်းရေး စွမ်းရည်များတိုးမြင့်လာစေရန် ဆင့်ကဲတိုးတက်ပြောင်းလဲမှုများကို ပြုလုပ်ခဲ့ သည်။

တောင်ပိုင်းအာဖရိကဖွံ့ဖြိုးရေးအသိုင်းအဝိုင်း (SADC)

ဒေသငယ်ဆိုင်ရာအဖွဲ့အစည်းများကို အာဖရိကတိုက်တွင် ဒီမိုကရေစီမြင့်တင်ရေး၌ ဦးဆောင်ရန် ဆောင်ရွက်ခဲ့ကြသည်။ ၁၉၉၂ခုနှစ်တွင် တောင်ပိုင်းအာဖရိကဖွံ့ဖြိုးရေး အသိုင်းအဝိုင်းသည် ဒီမိုကရက်တစ်အခြေခံမူများအား သဘောတူအတည်ပြုခဲ့ပြီး ၎င်း၏ အဖွဲ့ဝင်နိုင်ငံများသည် ဒီမိုကရေစီစံနစ်ဆီသို့ ရွေ့ရှုရန် သဘောတူလက်ခံခဲ့ကြသည်။ ထို့အတူ လူ့အခွင့်ရေးအား လေးစားလိုက်နာရန်နှင့် တရားဥပဒေစိုးမိုးရေး၏ အားကောင်းမှုကို လက်ခံဆောင်ရွက်ကြသည်။

အနောက်ပိုင်းအာဖရိကနိုင်ငံများ၏ စီးပွါးရေးကော်မရှင် (ECOWAS)

၁၉၇၅ခုနှစ်တွင်တည်ထောင်ခဲ့သည့် ဒေသဆိုင်ရာစီးပွါးရေးအဖွဲ့အစည်းတခုဖြစ်သော အီကိုဝပ်စ်သည် ၎င်း၏ဆောင်ရွက်ပိုင်ခွင့်ကို ဒေသဆိုင်ရာပဋိပက္ခများ၊ ဥပမာ လိုက်ဘေးရီးယားနှင့် စီယာလီယွန် ပြဿနာများတွင်၊ တာဝန်ရှိမှုအဖြစ် ၁၉၉၃ခုနှစ်တွင် တိုးချဲ့ခဲ့သည်။ ၁၉၉၀ခုနှစ်ကတည်းက ၎င်းတွင် ပဋိပက္ခတားဆီးရေးနှင့်အဖြေရှာခြင်းတို့၌ ပေါ်ပေါ်ထင်ထင် ဆောင်ရွက်ခဲ့သည်။ ၁၉၉၇ခု နှစ်တွင် စီယာလီယွန်နိုင်ငံ၌ ဖွဲ့စည်းပုံအစိုးရ အာဏာပြန်လည်ရရှိအောင် ဆောင်ကျဉ်းပေးရန်တာဝန်ပေးခံရသည်။ ယင်းနှင့်တဆက်တည်း၊ ၎င်းအား အနောက်အာဖရိကငြိမ်းချမ်းရေးထိန်းသိမ်းမှု တပ်ဖွဲ့တစ်ရပ် ECOMOG ဖြင့်ဝင်ရောက်ဆောင်ရွက်ရန် အခွင့်အာဏာပေးခြင်းခံရပြီး၊ ယင်းငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့သည် ဒီမိုကရေစီအစိုးရအား ၁၉၉၈ဖေဖော်ဝါရီလတွင် အာဏာပြန်လည်ရရှိစေခဲ့သည်။

*အာရှပစိဖိတ်ဒေသ*

အာရှ ပစိဖိတ်ဒေသတွင် ဖွံ့ဖြိုးတိုးတက်မှုများမှာ ပိုမိုအကန့်အသတ်ရှိနေခဲ့သည်။

အာရှပိဖိတ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့။ APEC

ဒေသဆိုင်ရာစီးပွားရေးအဖွဲ့အစည်းတခုကို ၁၉၈၉ခုနှစ်တွင်တည်ထောင်ခဲ့သည်။ ထို့အတူဒေသဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး တောင်အာရှနိုင်ငံများအသင်းကို ၁၉၈၅ ခုနှစ်တွင်ဖွဲ့စည်းခဲ့သည်။ စီးပွားရေးကိစ္စရပ်များထက်ကျော်လွန်သော ကျယ်ပြန့်သည့် တွေ့ဆုံစကားပြောဆိုမှုများအတွက် ပုံမှန်ပလက်ဖောင်းများကို ရရှိစေသည်။ သို့သော် ဒီမိုကရေစီဆိုင်ရာကိစ္စရပ်များကို တိတိကျကျဖြေရှင်းမှုမျိုးယခုတိုင်မပြုလုပ်သေးပါ။

အရှေ့တောင်အာရှနိုင်ငံများအသင်း ( ASEAN )

အာဆီယံသည် ဒေသဆိုင်ရာအဖွဲ့အစည်းများအနက် ဖွဲ့စည်းမှုအခိုင်မာဆုံး အဖွဲ့ ဖြစ်သည်။ ၎င်းကို မူလက စီးပွါးရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်အတွက် ဖန်တီးဖွဲ့စည်းခဲ့သည်။ ၎င်းသည်ဒီမိုကရေစီမြှင့်တင်ရေး တွင် ပိုမိုရှင်းလင်းစွာပါဝင်ရန်မှု ရှောင်ရှားလျှက်ရှိသည်။ သို့သော် ဖိလိပိုင်နှင့်ထိုင်းနိုင်ငံတို့တွင် ဖြစ်ပေါ်နေဆဲဖြစ်သော ဒီမိုကရေစီတိုးတက်မှုသည်၎င်း၊ ထို့အတူ အာဆီယံအသင်း၏ အကြီးမားဆုံးနှင့် အင်အားအကောင်းဆုံးအဖွဲ့ဝင်ဖြစ်သော အင်ဒိုနီးရှားနိုင်ငံတွင် ၁၉၉၈ခုနှစ်မှ စခဲ့သည့် အသွင်ကူးပြောင်းရေးသည်၎င်း၊ ပိုမိုပြတ်သားသော လမ်းစ ဖြစ်နိုင်ပေလိမ့်မည်။

*အခြားဒေသများ*

ဓနသဟာယနိုင်ငံများ Commonwealth of Nations တကြိမ်က ဗြိတိသျှအင်ပါယာ၏ အစိပ်အပိုင်းဖြစ်ခဲ့သော နိုင်ငံပေါင်း၅၄နိုင်ငံအဖွဲ့ဝင်အဖြစ် ပါရှိသည့် ဓနသဟာယအဖွဲ့သည် ၄င်း၏အဖွဲ့ဝင်များ တွေ့ဆုံစကားပြောဆိုရန်နှင့် စုပေါင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် အသုံးဝင်သောပလက်ဖောင်းတရပ်ကို ရရှိစေသည်။ ၄င်းသည် ဒီမိုကရေစီအထောက်အပံ့အစီအစဉ်များအားဖြင့် အဖွဲ့ဝင်နိုင်ငံများအတွင်း ဒီမိုကရေစီတိုးပွါးစေရန်ပြုလုပ်ပေးသည်။ ဒီမိုကရေစီအား ပြောင်ပြောင်တင်းတင်းချိုးဖေါက်မှုများအတွက် အဖွဲ့ဝင်အဖြစ်မှရပ်ဆိုင်းခြင်းကို မတတ်သာသည့်အဆုံး ကျင့်သုံးနိုင်သည်။ အတိတ်ကာလက ဓနသာဟယအဖွဲ့သည် အသားအရောင်ခွဲခြားမှုဆန့်ကျင်ရေး ရပ်တည်မှုကို ဦးဆောင်ဦးရွက်ပြုလုပ်ခဲ့ပြီး တောင်အာဖရိကနိုင်ငံအား ၁၉၆၁ခုနှစ်တွင် ၄င်း၏အဖွဲ့ဝင်ဖြစ်မှုမှ ရုတ်သိမ်းခဲ့သည်။ ရိုဒီရှားနိုင်ငံအပေါ် ၁၉၆၅ခုနှစ်၌ ပိတ်ဆို့မှုများပြုလုပ်ခဲ့သည်။ ၁၉၉၁ခုနှစ် ဟာရာရီးကြေညာစာတမ်းဖြင့် အဖွဲ့ဝင်နိုင်ငံများအား ဒီမိုကရေစီကောင်းမွန်သည့်အုပ်ချုပ်မှု၊ လူ့အခွင့်အရေးနှင့်တရားဥပဒေစိုးမိုးရေးတို့ဆီသို့ အခိုင်အမာ ရပ်တည်စေခဲ့သည်။ ဓနသဟာယဝန်ကြီးများအဆင့်အုပ်စု CMAG အား ယင်းကြေညာချက်ကိုချိုး ဖေါက်မှုများအား ကိုင်တွယ်ဖြေရှင်းရန်အတွက် ၁၉၉၅ခုနှစ်တွင် တည်ထောင်ခဲ့သည်။ ၁၉၉၅ခုနှစ်တွင် ဓနသဟာယအဖွဲ့တွင် အစိုးရအဖွဲ့ခေါင်းဆောင်များအဖွဲ့က နိုင်ဂျီးရီးယားနိုင်ငံ၏ အဖွဲ့ဝင်ဖြစ်မှုကို ရပ်ဆိုင်းခဲ့သည်။ ထို့အတူ ယင်းအုပ်စုသည်နိုင်ဂျီးရီးယား တွင် ဒီမိုကရေစီပြန်လည်တည်ဆောက်ရန် ဆွေးနွေးမှုများ၌ ပါဝင်ဆောင်ရွက်ခဲ့သည်။ ၁၉၉၇ခုနှစ်တွင် စီယာလီးယွန်းနိုင်ငံ၌ ရွေးကောက်ခံရသည့်အစိုးရအား စစ်တပ်မှဖြုတ်ချပြီးနောက် ဓနသဟာယအဖွဲ့သည် စစ်အုပ်စုအား အသိအမှတ်ပြုခြင်းမှရုတ်သိမ်းခဲ့သည်။ ထိုနေ့မှာပင် ဖီဂျီနိုင်ငံအား ၁၉၈၇ခုနှစ်အာဏာသိမ်းမှုကြောင့်ဆယ်နှစ်ကြာအသင်းဝင် အဖြစ်မှ ပယ်ထားရာမှ အသားရောင်ခွဲခြားခြင်းမရှိသော ဖွဲ့စည်းပုံအသစ်လမ်းကြောင်းတရပ်ပေါ်တွင် ရပ်တည်ခဲ့သဖြင့် ဓနသဟာယအဖွဲ့ သို့ပြန်လည်ဝင်ခွင့်ပြုသည်။

၅၊၄၊၄။ နိုင်ငံတကာအထောက်အပံ့–ဒီမိုကရက်တစ်နည်းဖြင့်စီမံအုပ်ချုပ်ခြင်းနှင့် ဖွံ့ဖြိုးမှုဆိုင်ရာပူးပေါင်းဆောင်ရွက်ခြင်း။

ဒီမိုကရေစီနှင့်ဒီမိုကရေစီစံနစ်ဖြစ်မြောက်ရေးဆီသို့ ဦးတည်သည့် နိုင်ငံတကာအထောက်အပံ့၏ ဒုတိယမျက်နှာစာမှာ အဓိကနှစ်ဦးသဘောတူ သို့မဟုတ် နိုင်ငံအများစုပါဝင်သော အလှူရှင်များက နိုင်ငံတကာဆိုင်ရာဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးပေါ်လစီများတွင် နိုင်ငံရေးဆိုင်ရာစည်းမျည်းဘောင် သတ်မှတ်မှုများကို တိတိကျကျဆောင်ရွက်လာခြင်းဖြစ်သည်။

၁၉၉၀ခုနှစ်များတွင် နိုင်ငံရေးဆိုင်ရာအကူအညီများ၊ အထူးသဖြင့်ဒီမိုကရေစီအထောက်အပံ့နှင့် ပါဝင်ဆောင်ရွက်မှုရှိသည့် ဖွံ့ဖြိုးမှုလုပ်ငန်းများနှင့် ကောင်းစွာစီမံခန့်ခွဲခြင်းတို့ကို မြင့်တင်ခြင်းဆိုင်ရာ အကူအညီများကို ချဲ့ထွင်လာပေသည်။ နိုင်ငံတကာဖွံ့ဖြိုးမှုအသိုင်းအဝိုင်းထဲတွင် အခြေအတင်ပြောဆိုရာ၌ သက်ဆိုင်ရာအဖွဲ့အစည်းများအား ပဋိပက္ခကိုဖြေရှင်းရန်နှင့် တာရှည်တည်တန့်သည့် ငြိမ်းချမ်းရေးရရှိရန်အတွက် ထောက်ပံ့ကူညီရန်လိုအပ်မှုကို အလေးထားပြောဆိုမှုများ များပြားလာလေ့ရှိသည်။ ကွဲပြားခြားနားသောဆောင်ရွက်သူများအလိုက် ထောက်ပံ့ရေးပေါ်လစီများသည် တခါတရံတွင် ကွဲပြားခြားနားသော နိုင်ငံရေးအကျိုးစီးပွားများကို ရောင်ပြန်ဟပ်သော်လည်း၊ တာရှည်ခံနိုင်သောစီးပွါးရေးဖွံ့ဖြိုးမှုသည် ဒီမိုကရေစီဖွံ့ဖြိုးရေးနှင့်ပြိုင်တူ ဆောင်ရွက်သွားနိုင်ကြောင်းကို အားလုံးက လက်ခံယုံကြည်လာပေသည်။ ဒီမိုကရေစီဖွံ့ဖြိုးမှုဆိုင်ရာထောက်ပံ့မှုသည် အခြေခံကျသောတန်ဘိုးတစ်ရပ်ကဲ့သို့ ရှုမြင်

## ၅၊ ၄။ နိုင်ငံတကာဆိုင်ရာ ရှုဒေါင့်များ

လာသည်။ ဆိုလိုသည်မှာ ဒီမိုကရေစီသည် မည်သူကိုမျှချန်မထားသော၊ အားလုံးပါဝင်ဆောင်ရွက်နိုင်သည့် စီးပွါးရေးဖွံ့ဖြိုးတိုးတက်မှု နည်းလမ်းတခု ဖြစ်ပြီး၊ ပဋိပက္ခကာကွယ်တားဆီးခြင်း၊ စီမံခန့်ခွဲခြင်းနှင့်အဖြေရှာခြင်းအတွက်လည်း ကိရိယာတရပ် ဖြစ်နေပေသည်။

နှစ်နိုင်ငံသဘောတူညီချက်ဖြင့်လှူသည့်အလှူရှင်များ ၏ ပေါ်လစီဦးစားပေးမှုများမှာ အထောက်အပံ့များ၏ အနှစ်သာရနှင့် ပေးသည့်ပုံစံများအပေါ် များစွာလွှမ်းမိုးမှု ရှိသည်။ ယင်းသည့် နိုင်ငံအများပါဝင်သည့် နိုင်ငံတကာအထောက်အပံ့များ၏ ပေါ်လစီများ နှင့် အစီစဉ်များအပေါ်လည်း သြဇာလွှမ်းမိုးမှုရှိသည်။ ဒီမိုကရေစီအထောက်အပံ့များမှာ နှစ်နိုင်ငံအကူအညီပေးရေးသဘောတူညီမှုများတွင် ပို၍ရှင်းလင်းစွာဖော်ပြ အကောင်အထည် ဖော်နိုင်သည်။ ယင်းတို့ကိုအလှူရှင်တိုင်းပြည်၏အေဂျင်စီများက တိုက်ရိုက်စီမံခန့်ခွဲနိုင်သည်။ ထို့အတူအလှူရှင်တို့၏ နိုင်ငံခြားရေးရာပေါ်လစီများအတိုင်း ဆောင်ရွက်ရခြင်းလည်းဖြစ်သည်။ အမှန်စင်စစ် နှစ်ဦးနှစ်ဖက်ပါဝင်သော ဖွံ့ဖြိုးမှုအေဂျင်စီများသည် ပြည်တွင်းဆိုင်ရာ မဲဆန္ဒနယ်မြေများကို တုန့်ပြန်ရသကဲ့သို့ မတူကွဲပြားသော နိုင်ငံခြားရေးရာ ပေါ်လစီအကြောင်းအရာများကိုလည်း တုန့်ပြန်ကြရသည်။ ဤသို့ဖြင့် ယင်းအေဂျင်စီများသည် နိုင်ငံရေးရာဘောင်သတ်မှတ်ခြင်းနှင့် ဒီမိုကရေစီ အထောက်အပံ့တို့ပေါ်တွင် ရှေ့တမ်းမှပါဝင်လာကြသည်။ မည်သို့ဆိုစေ အလှူရှင်တိုင်းပြည်များရှိ ဘတ်ဂျက်ဆိုင်ရာဖိအားများသည် ၎င်းတို့၏ပါဝင်ဆောင် ရွက်မှုများ၏အကျယ်အဝန်းကို လျှော့ချကျဉ်းမြောင်းစေသည်။ တင်းကြပ်သောဘတ်ဂျက်ဆိုင်ရာ စီစစ်ခြင်းအောက်တွင် နိုင်ငံတကာဖွံ့ဖြိုးမှုအထောက်အပံ့သည်ထိရောက်မှုရှိရမည်။ အကျိုးများမှုနှင့်အကောင်ပြနိုင်မှုရှိရမည်ဖြစ်သည်။ အကူအညီပေးသည့်ဘတ်ဂျက်ပေါ်တွင် အဆက်မပြတ် ဖိအားပေးနေမှု နှင့် ဒီမိုကရေစီဖြစ်မြောက်ရေးပေါ်တွင် တိုးမြင့်လာနေသော အာရုံစူးစိုက်မှုတို့ကြောင့် နိုင်ငံခြားအကူအညီများသည် ပွင့်လင်းမှုရှိရန်၊ အကောင်အထည်ပြနိုင်ရန်နှင့်အကျိုးများမှုရှိရန် လိုအပ်လာသည်။ ဒီမိုကရေစီစံနစ်ကျသောစီမံအုပ်ချုပ်ခြင်းသည် ဖွံ့ဖြိုးမှုဆိုင်ရာပူးပေါင်းဆောင်ရွက်မှုကို အကောင်းဆုံးအနေအထားတွင် ဆောင်ရွက်နိုင်မည့် ပတ်ဝန်းကျင်တရပ်အား ဖန်တီးပေးပြီး၊ နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအများစု အလေးပေးလာရသည့် ကဏ္ဍတရပ် ဖြစ်လာပေသည်။

**OECD** အဖွဲ့အစည်းကြီး၏ ဖွံ့ဖြိုးမှုဆိုင်ရာကူညီရေးကော်မတီ **(Development Assistance Committee)** သည် ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ပူးတွဲလုပ်ဖေါ်များအဖြစ် အားလုံးပါဝင်ဆောင်ရွက်နိုင်သည့်ဖွံ့ဖြိုးမှုနှင့်ကောင်းစွာစီမံအုပ်ချုပ်ခြင်းကိစ္စရပ်တို့တွင် ဆောင်ရွက်လျက် ရှိပါသည်။ ယင်းတွင်ကျယ်ပြန့်စွာအခြေပြုထားသည့် စီးပွါးရေးဖွံ့ဖြိုးမှု ဆီသို့ ဘုံလက်ခံထားရှိမှုတရပ်ပေါ်တွင် အခြေပြုကာဆောင်ရွက်သည်။ ဖွံ့ဖြိုးမှုကူညီရေးကော်မတီ၏ တရားဝင်လမ်းညွှန်ချက်များတွင် နိုင်ငံခြားအကူအညီ၏ နိုင်ငံရေးရာမျက်နှာစာများကိုဖေါ်ပြထားရာ အပြုသဘောဆောင်ရွက်ချက်များ (ဒီမိုကရေစီကျသော အခြေအနေသတ်မှတ်ချက်များ) နှင့် အနုတ်လက္ခဏာဆောင်သော ဆောင်ရွက်ချက်များ ( ဒီမိုကရေစီကျသောပိတ်ဆို့မှုများ ) နှစ်ရပ်စလုံးပါဝင်သည်။ ဖွံ့ဖြိုးမှုအကူအညီပေးရေးကော်မတီသည်ကောင်းစွာစီမံအုပ်ချုပ်ခြင်း၏ မျက်နှာစာလေးခုကို အောက်ပါအတိုင်း ဖေါ်ပြသတ်မှတ်ခဲ့သည်။

- ❍ တရားဥပဒေစိုးမိုးရေး၊ ( ကြိုတင်ခန့်မှန်းနိုင်သော ဥပဒေ ဆိုင်ရာ ပတ်ဝန်းကျင်တရပ် နှင့် လုပ်ငန်းအသက်ဝင်လာစေရန်အားပေးဆောင်ရွက်သည့်အစိုးရတရပ်နှင့်အတူ မျှတသော၊ ယုံကြည်အားထားရသော၊ လွတ်လပ်သော တရားစီရင်မှုရှိခြင်း၊ )
- ❍ အများပြည်သူဆိုင်ရာကဏ္ဍပြုပြင်ပြောင်းလဲရေး ၊ ( အကျိုးများမှု၊ ပွင့်ပွင့်

လင်းလင်းရှိမှု၊ အကောင်အထည်ပြနိုင်မှု၊ တာဝန်ခံနိုင်မှု နှင့် အစိုးရ အထူးသဖြင့် အများပြည်သူဆိုင်ရာစီမံအုပ်ချုပ်ရေးနှင့် နိုင်ငံတော် အဖွဲ့အစည်းများကို လွယ်ကူစွာ ဆက်သွယ်ရရှိနိုင်မှု၊ )

- အများပြည်သူကဏ္ဍစီမံခန့်ခွဲမှုတိုးတက်ကောင်းမွန်လာခြင်း ၊ (စာရင်းအင်းဆိုင်ရာများ၊ ဘတ်ဂျက်ရေးဆွဲခြင်းများနှင့် အရပ်ဖက်ဆိုင်ရာ အုပ်ချုပ်ရေးလုပ်ငန်းများ ပြုပြင်ပြောင်းလဲရေးကို ပိုကောင်းစေခြင်း၊ )
- ခြစားမှုကို ထိန်းချုပ်ခြင်း၊(အများပြည်သူဆိုင်ရာမူဝါဒများကို ပွင့်လင်းမှုရှိခြင်းနှင့်တာဝန်ခံမှုရှိခြင်းတို့တိုးတက်ကောင်းကောင်းမွန်လာခြင်း နှင့် စစ်ဖက်ဆိုင်ရာ အလွန်အကျွံအသုံးစရိတ်များကိုလျှော့ချခြင်း၊)

**OECD-DAC** အဖွဲ့အစည်းသည် ဒီမိုကရေစီ လူ့အခွင့်အရေးနှင့် ကောင်းစွာစီမံအုပ်ချုပ်မှုတို့အကြား ခွဲခြားမှုတရပ်ထားရှိသော်လည်း (ကောင်းစွာစီမံအုပ်ချုပ်ခြင်းသည် အများပြည်သူအခန်းကဏ္ဍဆောင်ရွက်မှုတွင် စီးပွားရေးဆိုင်ရာကောင်းမွန်သောစီမံခန့်ခွဲမှုစံနစ်တရပ်ဟုခံယူကြသည်)၊ ယင်းကွဲပြားခြားနားသော အမြင်များသည်အချင်းချင်းပြန်လည်အင်အားဖြည့်နေကြပါသည်။ ဖွံ့ဖြိုးမှုကော်မတီ၏အလိုအရ တာရှည်ခံနိုင်သောဖွံ့ဖြိုးမှုသည် ပါဝင်ဆောင်ရွက်မှုကောင်းမွန်လာခြင်း၊ ဒီမိုကရေစီ ဖြစ်မြောက်လာခြင်း၊ ကောင်းသောစီမံအုပ်ချုပ်မှုရှိခြင်း၊ လူ့အခွင့်အရေးအပေါ်လေးစားမှု၊ နှင့် ဥပဒေစိုးမိုးရေးတို့၏ ပြန့်နှံ့မှုများ အားကောင်းလာခြင်းတို့အပေါ်တွင် အခြေခံနေသည်။

ဒီမိုကရက်တစ်ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာတည်ငြိမ်မှု

အကူအညီနှင့်ဖွံ့ဖြိုးမှုသည် ပဋိပက္ခတားဆီးရေးနှင့်ငြိမ်းချမ်းရေး တည်ဆောက်မှုဆီသို့ အထောက်အကူပြုနိုင်ပါသည်။ ယင်းတွင်ဒီမိုကရေစီနည်းလမ်းကျကျ ဖွဲ့စည်းမှုတရပ် တဆင့်ချင်းခိုင်မာလာပြီး တည်ငြိမ်မှုတရပ်ကို ရရှိစေသည်။ ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာတည်ငြိမ်မှု၏ အထောက်အထားတရပ်မှာ **OECD-DAC** ၏အဆိုအရ အင်အားအပြည့်ရှိသော၊ ကိုယ်စားပြုနိုင်မှုရှိသော၊ လူမှုရေးဆိုင်ရာနှင့်နိုင်ငံရေးဆိုင်ရာဖွဲ့စည်းတည်ဆောက်ပုံများ ရှိလာပြီး၊ ယင်းတို့သည် အငြင်းပွါးမှုကို စီမံခန့်ခွဲခြင်း နှင့် ဖြေရှင်းခြင်းတွင် အင်အားမသုံးပဲ ဖြေရှင်းနိုင်ခြင်းဟု ဆိုပေသည်။ လူ့အသိုင်းအဝိုင်းတခုတွင် အကြမ်းဖက်မှုမရှိပဲ တင်းမာမှုများနှင့်အငြင်းပွါးမှုကို စီမံခန့်ခွဲနိုင်သည့် စွမ်းရည်အားကောင်းလာရန်ကူညီခြင်းသည် ဖွံ့ဖြိုးမှုလုပ်ငန်း၏သေရေရှင်းသမျှ အရေးအကြီးဆုံးဦးတည်ချက်တရပ်ဖြစ်သည်။ အများဆန္ဒရရှိမှုအတွက် မက်လုံးများ ထောက်ပံ့ပေးခြင်း၊ ဒီမိုကရက်တစ် ဖွံ့ဖြိုးတိုးတက်မှုများအပေါ်တွင် ၄င်းတို့၏ (အကူအညီပေးရေးအဖွဲ့အစည်းများ၏) ပါဝင်ပတ်သက်မှု နှင့် ၄င်းတို့၏ ငွေရေးကြေးရေး ထောက်ပံ့မှုပြုရာတွင် အကျိုးဝင်ဖြစ်မှုနှင့် ပါဝင်ဆောင်ရွက်နိုင်သည့်သဘာဝကို အလေးအနက်ဖေါ်ထုတ်ခြင်း၊ ဒီမိုကရေစီဖွံ့ဖြိုးမှုကို ရလဒ်ဘောင်အဖြစ် သတ်မှတ်ခြင်းတို့အားဖြင့် ဖွံ့ဖြိုးမှုအေဂျင်စီများသည် ဆွေးနွေးမှုနှင့်ညှိနှိုင်းအဖြေရှာမှုဖြစ်စဉ်များတွင် လူမှုဆိုင်ရာအုပ်စုများ၏ ကျယ်ပြန့်စွာပါဝင်မှုဖြစ်စေရန် ဓါတ်ကူဆောင်ရွက်ပေးလျက် ရှိပါသည်။

ဒီမိုကရက်တစ်အခြေအနေသတ်မှတ်မှု **(Democratic conditionallity)**

များစွာသောအလှူရှင်များသည် ဒီမိုကရေစီဖြစ်မြောက်ရေးနှင့်ဒီမိုကရေစီကျစွာစီမံအုပ်ချုပ်မှုကို အထောက်အကူပြုရန် အပြုသဘောဆောင်ရွက်ချက်များပေါ် အလေးထားကြသည်။ တချိန်တည်းမှာပင် အကူအညီရပ်ဆိုင်ခြင်းအထိ ပါဝင်မည့် အနုတ်သဘောဆောင်ရွက်မှုများကို ဆောင်ရွက်နိုင်ရန် ပြင်ဆင်ထားပေသည်။ ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်မှု တွင် ရပ်ဆိုင်းပြတ်တောက်မှုများရှိပါက အထောက်အပံ့ကိုလျှော့ချမည်၊ ဆိုင်းငံ့မည် သို့မဟုတ် ရုတ်သိမ်းမည်ဟု ခြိမ်းခြောက်သတ်မှတ်ထားခြင်း မျက်နှာစာ

### ၅၊ ၄။ နိုင်ငံတကာဆိုင်ရာ ရှုဒေါင့်များ

များစွာ ရှိပေသည်။ တဆက်တည်းတွင်၊ ဤသို့သော နိုင်ငံရေးဘောင် သတ်မှတ်ထားရှိမှုသည် စီးပွားရေးဘောင်သတ်မှတ်ထားရှိမှု ကို အားဖြည့်ပေးနေသည်ဟု ပိုမိုခံယူလာကြသည်။ ယင်းသည် စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ရေရှည်တည်တံ့ရေး နှင့် ညက်ကြေသောစီးပွားရေးဆိုင်ရာဖွံ့ဖြိုးမှုခြင်းတို့ကို ဖြစ်စေပြီး၊ အပြန်အလှန် အားဖြည့်ပေးလျက်ရှိပါသည်။ ယန္တရားအဖွဲ့အစည်းကောင်းစွာ တပ်ဆင်ထားပြီး ဒီမိုကရေစီနိုင်ငံများတွင် ယင်းတို့၏ တည်ငြိမ်မှုရှိသော၊ အကျိုးဝင်မှုရှိသော၊ အများဆန္ဒနှင့်လိုက်လျောညီထွေမှုရှိသော နှင့် အားလုံးပါဝင်နိုင်သော နိုင်ငံရေးဆိုင်ရာ ယန္တရားအဖွဲ့အစည်းဘောင်များသည် အကျိုးများသောတာရှည်ခံသည့်စီးပွါးရေးဆိုင်ရာ လူမှုရေးဆိုင်ရာ ပေါ်လစီများကို ပိုမိုထုတ်လုပ်နိုင်ဘွယ်ရှိပေသည်။

ဒီမိုကရက်တစ်အခြေအနေသတ်မှတ်မှုရှိခြင်း၏ ဥပမာတခုမှာ ၁၉၉၀ခုနှစ် ပြင်သစ်အာဖရိကထိပ်သီးညီလာခံတွင် ပြင်သစ်အစိုးရက အနာဂါတ်တွင် နိုင်ငံရေးဖွံ့ဖြိုးမှု နှင့် စီးပွါးရေးအကူအညီများကို ချဉ်နှောင်ထားမည်ဖြစ်ကြောင်း ဖေါ်ပြခဲ့သည်။ ဤကြေညာချက်သည် ဘီနင်တွင် သမ္မတရီကိုအား ရာထူးမှ ဆင်းခဲ့စေပြီး တဆက်တည်းမှာပင် ဖရန်ကိုဖုန်း အာဖရိက၏ အများစုနေရာများတွင် ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများဆိုင်ရာ နိုင်ငံလုံးဆိုင်ရာညီလာခံများ အနှံ့အပြား ဖြစ်ပေါ်ခဲ့သည်။ (ဖြစ်စဉ် လေ့လာချက်ကိုကြည့်ပါ။) မာလီ၊ နိုင်ဂါနှင့် မာဒါဂါဆကာတို့တွင် ဒီမိုကရက်တစ်အသွင်ကူးပြောင်းမှုများ ဖြစ်ပေါ်လာစေသည်။ ၁၉၉၇ခုနှစ် ကတည်းက နောက်ပြန်ဆုတ်နေသော ချဒ်၊ ကွန်ဂို (ဘရာဇာဗီလီ) တို့တွင် နိုင်ငံရေးလမ်းပွင့်စေခဲ့သည်။ ထို့အတူ ကိုတီဒီဗွား၊ ကင်မရွန်းနှင့် ဂါဘွန်တို့တွင် အလားတူပွင့်လင်းမှုများဖြစ်ပေါ်ခဲ့သည်။

အကူအညီပိတ်ဆို့ခြင်းများ။ **(Aid Sanctions)**

ပိတ်ဆို့မှုများပြဌာန်းခြင်းသို့မဟုတ်ခြိမ်းခြောက်မှုများသည် အလှူရှင်မှ နိုင်ငံရေးအစိုးရတရပ်ရပ်ကို (ဟေတီ၊ ကင်ညာနှင့် မာလာဝီကဲ့သို့နိုင်ငံများတွင်) သတ်သတ်မှတ်မှတ်ဆန့်ကျင်သည့်အခါ သို့တည်းမဟုတ် အနုတ်လက္ခဏာဆောင်သော နိုင်ငံရေးရာဖွံ့ဖြိုးမှုတို့ကို (ဂွာတီမာလာ၊ ဇမ်ဘီးယား သို့မဟုတ် လီဆိုသိုနိုင်ငံများ) တုန့်ပြန်သည့်အခါမျိုးတွင် ကျင့်သုံးပါသည်။ အဆိုပါအခြေအနေများတွင် အကူအညီပိတ်ဆို့မှုများသည် အပြောင်းအလဲတရပ်ကို ဖြစ်ပေါ်စေပါသည်။ အလှူရှင်များသည် ဥပမာ ကင်ညာနှင့်မာလာဝီနိုင်ငံများ တွင်ကဲ့သို့ နိုင်ငံရေး(ကြားဖြတ်)အသွင်ကူးပြောင်းမှုတရပ်ပေါ်ပေါက်စေရန် ပြည်တွင်း အတိုက်အခံ လှုပ်ရှားမှုများနှင့်အတူ ဆောင်ရွက်ခြင်းအားဖြင့် အာဏာချိန်ခွင်လျှာကို (ထိန်းညှိမှု) ပြောင်းလဲစေနိုင်ပါသည်။ သို့တည်းမဟုတ် ဂွာတီမာလာနှင့် ဇမ်ဘီးယားနိုင်ငံများကဲ့သို့ အကူအညီပြန်လည်မပေးမီ တိကျသော ပြုပြင်ပြောင်းလဲမှုများပြုရန် တောင်းဆိုနိုင်ပါသည်။ ၁၉၉၂–၁၉၉၃၊ မာလာဝီနိုင်ငံအား အကူအညီပိတ်ဆို့ခြင်းတွင်အမေရိကန်ဒေါ်လာ ၇၄ သန်း အကူအညီအထုပ်ကို ထုတ်ယူခွင့်မပြုခြင်းသည် ဟေစတင်းဒါစ်အစိုးရအားပြည်တွင်းနှင်ပြည်ပ ဖိအားနှစ်ရပ်လုံးကို တာရှည်စွာတောင့်မခံနိုင်ပဲ ပြောင်းလဲပေးရသည်။ ဟေတီတွင် ပေးခဲ့သော အကူအညီပိတ်ဆို့ခြင်းမှာမူ သမ္မတအာရီစတိုက်အား အာဏာပြန်လည်ရရှိစေရန် ရည်ရွယ်သည့် ကျယ်ပြန့်သောပိတ်ဆို့မှုများ၏ တစိပ်တပိုင်းသာဖြစ်ပါသည်။ ထိုင်းနိုင်ငံတွင် (၁၉၉၁–၉၂) လီဆိုသို (၁၉၉၄)၊ ဆီယာလီယွန် (၁၉၉၆) နှင့် အယ်ဇာဗီဒို (၁၉၉၀–၁၉၉၂) တို့တွင် အလှူရှင်များသည် အကူအညီများကို သိသိသာသာလျှော့ချခဲ့သည်။ ယင်းမှာ အကူအညီကိုအသုံးပြုပြီး သို့မဟုတ် ရုတ်သိမ်းရန်ခြိမ်းခြောက်မှုပြုပြီး နိုင်ငံရေး ပြောင်းလဲမှုများဖြစ်လာစေရန် ရည်ရွယ်ခဲ့သည်။

အကူအညီပေးရေးအခြေအနေများ သတ်မှတ်ချက်များအားဖြင့် ဒီမိုကရေစီပြောင်းလဲမှု ကို သွတ်သွင်းရန်၄င်း သို့မဟုတ် ဒီမိုကရေစီစံနစ်မှ နောက်ပြန်ဆုတ်မှုကို

တားဆီးရန်၄င်း၊ နိုင်ငံတကာအကူအညီအလှူရှင်များ၏ စွမ်းဆောင်နိုင်မှုသြဇာမှာ အကူအညီလက်ခံသူများက ၎င်းတို့အပေါ်မည်မျှမှီခိုနေသည့်အချက်ပေါ်တွင် မူတည်ပေသည်။ ထို့အတူအလှူရှင်အသိုင်းအဝိုင်း၏ညီညွတ်မှု အပေါ်တွင်လည်း မူတည်ပါသည်။ မည်သို့ဆိုစေ ညှိနှိုင်းဆောင်ရွက်မှုမရှိသော သို့မဟုတ် ရှေ့နောက်မညီသော အခြေအနေသတ်မှတ်မှုပြုသည့် ပေါ်လစီများမှာ နဂိုကပြိုအက်လုဖြစ်သော အခြေအနေတရပ်အပေါ်တွင် မထိရောက်ယုံသာမက ပို၍ဆိုးဝါးစေပါသည်။ နိုင်ငံခြားအကူအညီများကို ပဋိပက္ခပါတီများက ၎င်းတို့၏ပဋိပက္ခတာရှည်စေရန် အရင်းအမြစ်တတရပ်အဖြစ်လည်း အသုံးပြုနိုင်ပါသည်။ သို့မဟုတ်အလွဲသုံးမှုလည်းဖြစ်နိုင်ပါသည်။

နိုင်ငံခြားအကူအညီများ၏ဗဟိုချက်–ဒီမိုကရေစီအထောက်အပံ့ပြုသည့်အစီစဉ်များ။

နိုင်ငံရေးရာအခြေအနေသတ်မှတ်မှုကို အလှူရှင်အစိုးရများက သတ်မှတ်ရာတွင် နိုင်ငံရေးရာပြုပြင်ပြောင်းလဲမှုများဖေါ်ဆောင်ရန်အတွက် ရည်ရွယ်ခဲ့ကြသည်။ ဒီမိုကရေစီအထောက်အပံ့အစီစဉ်များမှာ ဒီမိုကရေစီဖြစ်ထွန်းမှုကို အထောက်အကူပြုရန်နှင့်အင်အားကောင်းစေရန် သီးသန့် ရည်ရွယ်ခဲ့ကြသည်။ အကန့်အသတ်များ ရှိနေသည့်ကြားမှယင်းအစီစဉ်များသည် လက်ခံသောနိုင်ငံများအား ငြိမ်းချမ်းရေးတည်ဆောက်မှုကို ကျောထောက်နောက်ခံ ပြုပေးခဲ့သည်။ ဉပမာအားဖြင့်ကနေဒါနိုင်ငံသည် ၎င်း၏ အကူအညီ ခွဲဝေမှုများ တွင် လူ့အခွင့်အရေးကိုလေးစားလိုက်နာမှုပြသနိုင်သည့် တိုင်းပြည်များအား ဦးစားပေးရန် ပစ်မှတ်ထားရည်ရွယ်ခဲ့သည်။ တဆက်တည်းလိုပင် တရုတ်ပြည်၊ ဟေတီ၊ အင်ဒိုနီးရှား၊ သီရိလင်္ကာ နှင့် ထိုအချိန်က ဇိုင်ယာနိုင်ငံ ( ယခုအခါ ဒီမိုကရက်တစ်ကွန်ဂိုသမ္မတနိုင်ငံ)တို့အား အကူအညီဆိုင်းငံ့ခြင်း၊ လျှော့ချခြင်း၊ သို့မဟုတ် ရည်ရွယ်ချက်ပြောင်းလဲခြင်းများ ပြုလုပ်ခဲ့သည်။

အကူအညီလက်ခံသော နိုင်ငံအရေးအတွက်ကို ကန့်သတ်ထားပြီး ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုဆီသို့ ခိုင်ခိုင်မာမာဆောင်ရွက်သည့် နိုင်ငံများကိုသာ အကူအညီ သိပ်သိပ်သည်းသည်းပေးခြင်းသည် နှစ်ဦးဘောတူကူညီသောအလှူရှင်များ အကြားတွင် ရေပန်းစားလာလျှက်ရှိသည်။ ဘတ်ဂျက်ဆိုင်ရာကြပ်တည်းမှုသည် အလှူရှင်များ၏ ပင်လယ်ရပ်ခြားဖွံ့ဖြိုးမှုအထောက်အပံ့များဆိုင်ရာ အသုံးစရိတ်များကို လျှော့ချစေသည်။ ယင်းအတွက်ကြောင့် အေဂျင်စီအများစုသည် တာရှည်ခံနိုင်သောစီးပွားရေးရာဖွံ့ဖြိုးမှုနှင့် ဒီမိုကရေစီဖြစ်မြောက်ရေးပေါ်တွင် ခိုင်ခိုင်မာမာရပ်တည်ဆောင်ရွက်နေသော၊ လိုအပ်မှုအများဆုံးဖြစ်နေသော၊ နိုင်ငံများကိုအလေးထား ကူညီလာကြသည်။

၅၊၄၊၅။ နှစ်နိုင်ငံမိတ်ဖက် ဖွံ့ဖြိုးမှုဆိုင်ရာအေဂျင်စီများ **(Bilateral development agencies)**

နှစ်ဦးနှစ်ဖက်သဘောတူညီချက်ဖြင့် ဆောင်ရွက်သော ဖွံ့ဖြိုးမှုဆိုင်ရာ အေဂျင်စီများထဲတွင် စိတ်တူသဘောတူနိုင်ငံများအုပ်စု (နယ်သာလန်၊ နော်ဝေး၊ ဆွီဒင်၊ ဖင်လန်၊ ဒိန်းမတ်နှင့်တခါတရံပါတတ်သောကနေဒါနိုင်ငံ)တို့သည် အလွန်အမင်းပင်ထိထွင်ဆောင်ရွက်သူများ ဖြစ်သည်။ ၎င်းတို့သည် နိုင်ငံတကာဖွံ့ဖြိုးမှုဆိုင်ရာ အခြေတင်ဆွေးနွေးပွဲများတွင် သိသိသာသာ လွှမ်းမိုးနိုင်သူများ ဖြစ်ကြသည်။ ထို့အတူ နှစ်ဦးသဘောတူညီချက်ဖြင့်ဖြစ်စေ၊ အဖွဲ့ပေါင်းစုံပါဝင်သောသဘောတူချက်ဖြစ်စေ အကူအညီအစီစဉ်များထဲတွင် ဒီမိုကရေစီဦးတည်သော ပေါ်လစီများအား ခေတ်ရေစီးကြောင်းတရပ်ဖြစ်လာရန် ဆောင်ရွက်ရာတွင် အရေးပါသူများလည်း ဖြစ်ကြသည်။

၁၉၉၀ခုနှစ်တွင် ဒီမိုကရေစီအတွက် သီးသန့်ရံပုံငွေအဖြစ် နော်ဝေးက ယင်း၏အကူအညီပေးရေးဘတ်ဂျက်ထဲမှ အမေရိကန်ဒေါ်လာ ဆယ်သန်းကို သတ်မှတ်ခဲ့သည်။ ယင်းနှစ်ထဲမှာပင် နောဒစ်နိုင်ငံများ (နော်ဝေး၊ဆွီဒင်၊ ဖင်လန်၊ ဒိန်းမတ် နှင့် အိုက်စလန်

### ၅၊ ၄။ နိုင်ငံတကာဆိုင်ရာ ရှုဒေါင့်များ

နိုင်ငံများ ပါဝင်သည်) ဝန်ကြီးများက မိုဒီထုတ်ပြန်ချက်ကို ထုတ်ပြန်ခဲ့သည်။ ယင်းတွင် စီးပွါးရေးဖွံ့ဖြိုးမှုတာရှည်ခံအောင် ပြုလုပ်ရာ၌ ဒီမိုကရေစီ၏အရေးပါမှုကို အလေးအနက်ဖေါ်ပြပြီး လူ့အခွင့်အရေးနှင့် ဒီမိုကရေစီဖြစ်မြောက်ရေးတို့အတွက် တက်ကြွသော ပံ့ပိုးမှုများပြုရန် ပန်ကြားခဲ့သည်။၁၉၉၄ခုနှစ်ကတည်းက ဒိန်းမတ်နိုင်ငံ အကူအညီပေးရေးပေါ်လစီတွင် ဒီမိုကရေစီဖြစ်မြောက်ရေးနှင့်လူ့အခွင့်ရေးကိစ္စရပ်များကို အဓိကကျသောနေရာ၌ ထားရှိခဲ့သည်။ ဆွီဒင်နိုင်ငံအကူအညီပေးရေးပေါ်လစီတွင် ဒီမိုကရေစီဖွံ့ဖြိုးမှုအား ရှင်းလင်းစွာ ဦးစားပေးထားသည်။ ဆွီဒင်နိုင်ငံနိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီတွင် ( SIDA ) ဒီမိုကရေစီနှင့်လူမှုရေးရာဖွံ့ဖြိုးမှု ဌာနစိတ်တစ်ခု ပါရှိသည်။ ၁၉၉၇ခုနှစ်တွင် ဒီမိုကရေစီစံနစ်ကျစွာစီမံအုပ်ချုပ်မှုအတွက်အထူးဌာနခွဲတခုဖွင့်လှစ်ပြီး ဖွံ့ဖြိုးရေးအေဂျင်စီ၏ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေးနှင့်လူ့အခွင့်ရေးအတွက် အစီစဉ်များစာအုပ်ကို ပထမမူကြမ်းအဖြစ် ထုတ်ဝေ နိုင်ခဲ့သည်။ ဆွီဒင်အေဂျင်စီသည် ဖွံ့ဖြိုးဆဲနိုင်ငံရှိ နိုင်ငံရေးပါတီများအားလည်း ထောက်ပံ့မှုများ ပေးကမ်းလျက်ရှိသည်။

ငြိမ်းချမ်းရေးနှင့်ဒီမိုကရေစီအရေးသည် အမေရိကန်နိုင်ငံအတွက်လည်း အဓိကကျသော ပေါ်လစီဆိုင်ရာဦးစားပေးမှုများ ဖြစ်သည်။ နိုင်ငံတကာဖွံ့ဖြိုးမှုအတွက် အမေရိကန်ပြည်ထောင်စုအေဂျင်စီသည် **USAID** သည် ၁၉၉၀ခုနှစ်ဒီဇင်ဘာလတွင် ဒီမိုကရေစီရေးရာခြေလှမ်းသစ်များအား ထုတ်ပြန်ခဲ့ပြီး၊ ၄င်း၏လုပ်ငန်းများနှင့် လုပ်ပိုင်ခွင့်များကို သမိုင်းဝင်ဝင် ပြန်လည် ဦးတည်ချက ချခဲ့သည်။ ယင်းခြေလှမ်းများတွင် ဒီမိုကရေစီမြှင့်တင်ရေးကို ဗဟိုချက်ကျသောရည်မှန်းချက်တရပ်အဖြစ် အပိုင်းလေးပိုင်းပါသည့် လုပ်ငန်းစဉ် ကို ချမှတ်ခဲ့သည်။ (၁)။ ဒီမိုကရက်တစ်ယန္တရားများအင်အားကောင်းစေရန်၊ (၂)။ အမေရိကန်ပြည်ထောင်စု၏အကူအညီများတွင် ဒီမိုကရေစီအရေးသို့ပေါင်းစပ်ဆောင်ရွက်ရန်၊ (၃)။ တိုင်းပြည်များတွင် ဒီမိုကရေစီဖြစ်မြောက်ရေးတိုးတက်ဆောင်ရွက်မှုများအား ချီးမြောက်ရန်၊ (၄)။ အလျှင်အမြန်တုန့်ပြန်ဆောင်ရွက်နိုင်သောယန္တရားလုပ်ငန်းအဆင့်ဆင့်များ တည်ထောင်ရန်၊ တို့ဖြစ်သည်။ ခန့်မှန်းခြေ တရပ်အရ၊ အမေရိကန်အကူအညီအေဂျင်စီသည် ၁၉၉၆ခုနှစ်တွင်ဒီမိုကရေစီစနစ် ကျသောစီမံအုပ်ချုပ်မှုအစီစဉ်များ အတွက် အမေရိကန်ဒေါ်လာသန်း ၅၀၀ခန့် သုံးစွဲခဲ့သည်ဟုဆိုသည်။ အာဖရိကတိုက်သက်သက်တွင်ပင် ဤအတွက်ပံ့ပိုးသည့်ရံပုံငွေမှာ ၁၉၉၀ခုနှစ်တွင် အမေရိကန်ဒေါ်လန်း ၅.၃သန်းရှိရာမှ ၁၉၉၄ခုနှစ်တွင်အမေရိကန်ဒေါ်လာ ၁၁၉သန်းရှိလာခဲ့သည်။

အခြားအရေးပါသော အဓိကအလှူရှင်များသည်လည်း ဤလမ်းကြောင်းအတိုင်းလိုက်ပါမှုများပြားလာလေ့ရှိသည်။ ကနေဒါနိုင်ငံ၏ဖွံ့ဖြိုးမှုအကူအညီဦးစားပေးမှုများတွင် လူ့အခွင့်အရေးဆိုင်ရာလေးစားလိုက်နာမှုတိုးမြင့်လာခြင်း၊ ဒီမိုကရေစီရေးမြှင့်တင်ခြင်းနှင့် ပိုမိုကောင်းမွန်သောစီမံခန့်ခွဲမှုရှိခြင်း စသည်နှင့်အတူ လူထုအခြေပြု လူ့အဖွဲ့အစည်းများ အင်အားတောင့်တင်းခိုင်မာလာခြင်းတို့ပါဝင်သည်။ ၁၉၉၆ခုနှစ်တွင် ကနေဒါနိုင်ငံနိုင်ငံခြားရေးရာနှင့်နိုင်ငံတကာကုန်သွယ်ရေးဌာနသည် ငြိမ်းချမ်းရေးတည်ဆောက်မှုဆိုင်ရာ စတင်သောခြေလှမ်းများ အစီစဉ်ကိုတည်ထောင်ခဲ့သည်။ ယင်းခြေလှမ်းများတွင်ငြိမ်းချမ်းရေးတည်ဆောက်မှု ရံပုံငွေတရပ်ပါဝင်ပြီး ဒီမိုကရေစီဖြစ်ထွန်းမှုဆီသို့နှင့် လူ့အခွင့်အရေးအတွက် ကနေဒါနိုင်ငံ၏အခိုင်အမာရပ်တည်မှုကို သက်သေခံလျက်ရှိသည်။ ဖွံ့ဖြိုးမှုအကူအညီခွဲဝေသတ်မှတ်မှုအတွက် ဂျာမန်နိုင်ငံ၏ စံသတ်မှတ်ချက်များတွင် လူ့အခွင့်အရေးနှင့် ဥပဒေဆိုင်ရာအခွင့်အရေးများကို လေးစားလိုက်နာခြင်း၊ ပါဝင်ဆောင်ရွက်မှုရှိသောဒီမိုကရေစီရေး၊ တရားဥပဒေစိုးမိုးရေး၊ စီးပွားရေးပေါ်လစီတွင် လွတ်လပ်မှုရှိခြင်းနှင့် ဈေးကွက်စီးပွားရေးစံနစ်များ ချမှတ်ခြင်းစသည်တို့ပါဝင်သည်။ ယင်းတို့နှင့်အတူအများပြည်သူပေါ်လစီများတွင် ဖွံ့ဖြိုးတိုးတက်မှုနှင့်

အသားကျအောင်လုပ်ခြင်း တို့ပါဝင်သည်။ ဂျပန်နိုင်ငံသည်ယခုအခါ ကမ္ဘာပေါ်တွင် နှစ်ဦးနှစ်ဖက်သဘောတူညီချက်ဖြင့် လှူဒါန်းသောအကြီးမားဆုံးသော အလှူရှင်ဖြစ်သည်။ ၄င်းသည် ၁၉၉၁ခုနှစ် အိုဒီအေပဋိညာဉ်တွင် ဒီမိုကရေစီ ဖြစ်မြောက်ရေးကို မြင့်တင်ခြင်း၊ ဈေးကွက် စီးပွါးရေးစံနစ်တရပ် သွတ်သွင်းခြင်းနှင့် လူ့အခွင့်ရေးကို လေးစားလိုက်နာခြင်းအား ပိုမိုအလေးထားပြုမည်ဖြစ်ကြောင်း ထုတ်ဖေါ်ကြေညာခဲ့သည်။ ဤသို့ဖြင့် ယင်း၏အကူအညီများကို နိုင်ငံရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုနှင့် စီးပွားရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုများဆက်နွယ်မှုပြုခြင်းနှင့်စစ်ဖက်ဆိုင်ရာ အလွန်အကျွံသုံးစွဲခြင်းများလျှော့ချခြင်းတို့ကို ဆက်စပ်ခြင်းများထားရှိသည်။ ဒီမိုကရေစီရေးမြှင့်တင်ရေးအတွက် သတ်သတ်မှတ်မှတ်အားဖြင့် အစိုးရဆိုင်ရာအေဂျင်စီများတည်ဆောက်မှုဆီသို့ ဦးတည်သောလမ်းကြောင်းတရပ်လည်း ထွက်ပေါ်လာလျှက်ရှိသည်။ ဥပမာ ကနေဒါနိုင်ငံ၏ လူ့အခွင့်အရေးနှင့်ဒီမိုကရေစီဖွံ့ဖြိုးမှုအတွက် နိုင်ငံတကာဌာန သို့မဟုတ် ဩစတြေးလျှနိုင်ငံ၏ ဒီမိုကရက်တစ်ယန္တရား အဆောက်အအုံများအတွက်ဌာနတို့ဖြစ်ပါသည်။ ဥရောပယူနီယံသည် ယင်း၏အဖွဲ့ဝင်နိုင်ငံများ၏ စုစုပေါင်းနိုင်ငံရပ်ခြားဖွံ့ဖြိုးမှုအထောက်အပံ့၏ ၁၇ရာခိုင်နှုန်းကျော်ကို အဓိကထောက်ပံ့ငွေပုံစံအဖြစ် လူ့အခွင့်အရေးကိုကာကွယ်စောင့်ရှောက်ခြင်း နှင့် ဒီမိုကရေစီရေးမြှင့်တင်ပေးခြင်းပေါ်တွင် အထူးအလေးထား စူးစိုက်မှုထားရှိခဲ့သည်။ ယင်းတွင် ဒီမိုကရေစီနှင့်တရားဥပဒေစိုးမိုးရေးကိုဖွံ့ဖြိုးရန်နှင့် ကျစ်လစ်ခိုင်မာစေရန်နှင့် လူ့အခွင့်အရေးနှင့်အခြေခံကျသောလွတ်လပ်ခွင့်တို့ကို လေးစားလိုက်နာခြင်း တို့အသေးစိပ်ပါဝင်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လူ့အခွင့်အရေးနှင့်ဒီမိုကရေစီရေးတို့အတွက်မက်လုံးအဖြစ် ဘဏ္ဍာငွေထောက်ပံ့ခြင်းနှင့် အပြုသဘောဆောင်ရွက်ချက်များသည် ၁၉၉၂ခုနှစ်မှစ၍ ဥရောပဘုံအဖွဲ့၏ ငွေကြေးယူနစ် ယူရိုငွေ ၅၂၆သန်း စုစုပေါင်းရှိခဲ့သည်။ အာဖရိက၊ ကရေဗီယမ်နှင့်ပစိဖိတ်ဒေသများရှိ ဖွံ့ဖြိုးဆဲနိုင်ငံပေါင်း ၇၁နိုင်ငံ နှင့် ဥရောပယူနီယံ တို့အကြား ကုန်သွယ်ရေးဆိုင်ရာဦးစားပေးမှု သဘောတူညီချက်များ ကို ထိန်းညှိမှုပြုသည့် ရိုမ်း သဘောတူညီချက်ကို ၁၉၉၅ခုနှစ်တွင် ပြန်လည်သုံးသပ်ခဲ့ပြီး ၄င်းတွင် ဒီမိုကရေစီအခြေခံမှုများအား အသိအမှတ်ပြုခြင်းနှင့် ဆောင်ရွက်ခြင်း၊ ဥပဒေစိုးမိုးရေးနှင့် ကောင်းမွန်သောစီမံအုပ်ချုပ်မှုတို့ကို ကျစ်လစ်ခိုင်မာစေခြင်းတို့အပေါ်တွင် ဦးစားပေး ဆက်သွယ်မှုဆိုင်ရာအခြေအနေများ အဖြစ်ပြုလုပ်ခဲ့သည်။ ထပ်ဆင့်ပြီးစာချုပ်ပါမလိုက်မဖြစ်လိုက်နာရမည့်အချက်ကို ချိုးဖေါက်မှုများ၊ ဒီမိုကရေစီအခြေခံမှုများကို ချိုးဖေါက်မှုများ၊ အား ကိုင်တွယ်ဖြေရှင်းရန်အတွက် အရေးယူရုတ်သိမ်းခြင်းဆိုင်ရာအပိုဒ်ငယ်တခုရှင်းလင်းစွာထည့်သွင်းထားခဲ့သည်။ ဥရောပယူနီယံ၏အကူအညီတွင် ဒီမိုကရေစီစီမံအုပ်ချုပ်မှုသည် ရည်မှန်းချက်တရပ်ဖြစ်လာသည်။ ထို့အတူမက်လုံးပေးမှုဖြင့်ခွဲဝေချထားပေးခြင်းဆိုင်ရာရံပုံငွေတရပ်ကို ယန္တရားအဆောက်အအုံတရပ်ဖွံ့ဖြိုးမှု ကောင်းစွာစီမံအုပ်ချုပ်မှု၊ ဒီမိုကရေစီရေးဖြစ်ထွန်းမှုနှင့် လူ့အခွင့်အရေးတို့အားထောက်ပံ့မှုပြုရန်ဖန်တည်းဖွဲ့စည်းခဲ့သည်။

အလားတူပင်ကုလသမဂဖွံ့ဖြိုးရေးအစီစဉ် UNDPသည် ၄င်း၏ပေါ်လစီများထဲတွင် ဒီမိုကရေစီစီမံအုပ်ချုပ်မှုအကြောင်း အရာပို ၍အဓိကထားဆောင်ရွက်ခဲ့သည်။ ယင်းအဓိကထားမှုမှာဒေသဆိုင်ရာအဆင့်တွင် အကောင်အထည်ဖေါ်ရန် တာဝန်ရှိသည့် ဒေသဆိုင်ရာဌာနများအားဖြင့်၄င်း၊ ထို့အတူဗဟိုအဆင့် မဟာဗျူဟာမြောက်ပေါ်လစီရေးဆွဲခြင်းအဆင့်တွင် စီမံခန့်ခွဲမှုဖွံ့ဖြိုးမှုနှင့် စီမံအုပ်ချုပ်ခြင်းဌာနခွဲ တရပ်တည်ထောင်ခြင်းဖြင့်၄င်း၊ ယင်းနှစ်ရပ်စလုံးတွင် အလေးထား ဆောင်ရွက်စေခဲ့သည်။ ၁၉၉၅ခုနှစ်တွင် UNDP ၏ သုံးပုံတစ်ပုံ (အမေရိကန် ဒေါ်လာ ၁.၃ဘီလီယံ) သောအရင်းအမြစ်များကို ဒီမိုကရေစီစီမံအုပ်ချုပ်မှု အား ကြိုးပမ်းအားထုတ်မှုပြုရန်အတွက် ခွဲဝေချထားပေးခဲ့သည်။

## ၅၊ ၄။ နိုင်ငံတကာဆိုင်ရာ ရှုဒေါင့်များ

၅၊၄၊၆။ နိုင်ငံပေါင်းစုံပါဝင်သောဖွံ့ဖြိုးရေးဘဏ်များ။

ကမ္ဘာ့ဘဏ်၏ပုံမှန်အဓိပ္ပါယ်ဖွင့်ဆိုချက်အရ စီမံအုပ်ချုပ်ခြင်း(governance) တွင် အောက်ပါအချက်များအကျုံးဝင်သည်။ (၁)နိုင်ငံအစိုးရ၏စံနစ်၏ပုံစံ၊ (၂) နိုင်ငံစီးပွားရေးနှင့် လူမှုရေးအရင်းအမြစ်များ ဖွံ့ဖြိုးရေးအတွက်စီမံဆောင်ရွက်ခြင်းတွင် အာဏာပိုင်တို့ဆောင်ရွက်သည့်လုပ်ငန်းစဉ်နှင့်၊ (၃) ပေါ်လစီများကိုရေးဆွဲခြင်း၊ ပုံစံဖေါ်ခြင်းနှင့် အကောင်အထည်ဖေါ်ခြင်း တို့ကို ရှေ့ဆောင်မည့် အစိုးရ၏ စွမ်းရည်တို့ဖြစ်သည်။ အမေရိကန်နိုင်ငံများဆိုင်ရာဖွံ့ဖြိုးမှုဘဏ်သည် စီမံအုပ်ချုပ်မှုလုပ်ငန်းဆီသို့ချဉ်းကပ်ရာတွင် ဒီမိုကရေစီရေးကို ထည့်သွင်းစဉ်းစားသော်လည်း အခြားဖွံ့ဖြိုးရေးဘဏ်များမှု စီမံအုပ်ချုပ်ရေးလုပ်ငန်းအား ဖွံ့ဖြိုးမှုကိုကောင်းမွန်စွာစီမံခန့်ခွဲရေးဟု၄င်း၊ ဒီမိုကရေစီရေးအား ကောင်းမွန်သောနိုင်ငံရေးစံနစ်တရပ်ဟု၄င်း ခွဲခြားသတ်မှတ်ထားဆဲ ဖြစ်ကြသည်။ ယင်းတို့သည် အကူအညီလက်ခံရယူသည့်တိုင်းပြည်များ၏ နိုင်ငံရေးပုံစံများအပေါ် တစုံတရာ ဝင်ရောက်စွက်ဖက်ရန်သော်၄င်း၊ ထည့်သွင်းစဉ်းစားရန်သော်၄င်း မလုပ်လိုပေ။ ယင်းတိုင်းပြည်တို့တွင် နိုင်ငံရေးနှင့်စီးပွားရေးကိစ္စရပ်များမှာ ခွဲမရပဲ ဒွန်တွဲနေသော်လည်း ဖွံ့ဖြိုးမှုဘဏ်တခုချင်းစီသည် သက်ဆိုင်ရာအစိုးရများ၏ လိုလားချက်နှင့်အညီ စီးပွားရေးနှင့်နိုင်ငံရေး နယ်ပယ်များခွဲခြားကာ ဘောင်သတ်မှတ် ဆောင်ရွက်ကြသည်။ ဤခွဲခြားမှုသည် အပေါ်ယံမျှသာဖြစ်သည်။ အကယ်၍စီးပွားရေးဖွံ့ဖြိုးမှုကို တာရှည်ခိုင်မြဲလိုပါက နိုင်ငံရေးအရကောင်းမွန်လျှော်ကန်သည့်ဘောင်တစ်ခု ရှိရမည်ဖြစ်သည်။ ဤနေရာတွင် ကောင်းစွာစီမံအုပ်ချုပ်ခြင်း၏ နိုင်ငံရေးဆိုင်ရာဘောင်သတ်မှတ်ချက်များသည် ပေါ်လစီချမှတ်မှုအပေါ် အကျိုးသက်ရောက်မှုရှိရန် ရည်ရွယ်ကြသည်။ ထိရောက်သော၊ စွမ်းအားပြည့်သော စီးပွားရေးဆိုင်ရာ အကောင်အထည်ဖေါ်မှု နှင့် ပေါ်လစီများကို မြှင့်တင်ပေးရန် ရည်ရွယ်ခြင်းလည်းဖြစ်သည်။

ဒီမိုကရေစီစီမံအုပ်ချုပ်ခြင်း၏နောက်ကွယ်မှ စဉ်းစားချက်တခုမှာ နိုင်ငံပေါင်းစုံသို့မဟုတ်နှစ်နိုင်ငံ ဖွံ့ဖြိုးမှုထောက်ပံ့ရေးယန္တရားများ၏ အစီစဉ်များ တာရှည်ခံနိုင်မှုအပေါ် စိုးရိမ်မကင်းဖြစ်လာသည်နှင့်လည်း သက်ဆိုင်နေသည်။ အထူးသဖြင့် နိုင်ငံတကာငွေရေးကြေးရေးဘဏ္ဍာရေးဆိုင်ရာအဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာဖွံ့ဖြိုးမှုဘဏ်များက ယင်းသို့စိုးရိမ်မကင်းဖြစ်ခြင်းဖြစ်သည်။ တာရှည်တည်တန့်မည့်ဖွံ့ဖြိုးမှုသည် ပေါ်လစီဒီဇိုင်းပြုလုပ်ရာတွင် ကြိုတင်ခန့်မှန်းနိုင်မှုနှင့်ပွင့်လင်းမှုဘောင်တရပ် ရှိရန် လိုအပ်သည်။ ထို့အတူနိုင်ငံသားများ၏ ပါဝင်ဆောင်ရွက်လာခြင်းနှင့် ပုဂ္ဂလိကပိုင်းဆိုင်ရာရှေ့ဆောင်ရှေ့ရွက်ပြုမှုအတွက် အထောက်အကူပြုနိုင်မည့် ဝန်းကျင်တရပ်လိုအပ်လျက်ရှိပါသည်။ ဒီမိုကရေစီသည်အများပြည်သူဆိုင်ရာ ပေါ်လစီများကို အကျိုးအများဆုံးနှင့်အထိရောက်ဆုံးဖြစ်ရန်အတွက်၄င်း၊ပါဝင်ဆောင်ရွက်နိုင်သည့်အကျုံးဝင်မှုရှိသောနိုင်ငံရေးရာကိစ္စရပ်များအတွက်၄င်း၊ ယန္တရားအဖွဲ့အစည်းများနှင့် လုပ်ငန်းများကိုပေါင်းစပ်ပေးသည့် ဖြစ်စဉ်တရပ် ပင်ဖြစ်သည်။

နိုင်ငံတကာငွေကြေးရံပုံငွေအဖွဲ့။ (International Monetary Fund)

နိုင်ငံတကာငွေကြေးရံပုံငွေအဖွဲ့(IMF)သည် နိုင်ငံများ၏ ငွေပေးငွေယူရှင်းတမ်းများကို အထောက်အပံ့ပြုရာတွင် စီမံအုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်ကို အလေးထား ဆောင်ရွက်ပေးသည်။ ကောင်းမွန်သောစီမံအုပ်ချုပ်ခြင်းသည် IMFပေါ်လစီများ၏ အရေးပါသောမှုဖြစ်လာသည်၊ ယင်း၏အဖွဲ့ဝင်ဖြစ်မှုပုံစံနှင့်လုပ်ပိုင်ခွင့်များကြောင့် IMFသည် အကူအညီလက်ခံသည့်နိုင်ငံများအပေါ် နိုင်ငံရေးအရဆက်စပ်စဉ်းစားရန်မှု မရေရာလှချေ။ မည်သို့ဖြစ်စေ၊ IMFသည်၊ ဥပမာ ၁၉၉၈ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၌ နိုင်ငံရေးနှင့် ငွေကြေးဂယက်နှင့်ရင်ဆိုင်ခဲ့သောအခါ အုပ်ချုပ်မှုယန္တရားဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်စေလျက် ပြဿနာအားဖြေရှင်းပေးခဲ့သည်။

ယင်းသည် လာဘ်စားမှုကိုဖြေရှင်းရန်အတွက် စည်းကမ်းသတ်မှတ်မှုကို မကြာခဏ အသုံးပြုခဲ့သေးသည်။ ယင်းသတ်မှတ်ချက်မှာ IMF၏ စီမံချက်တခုပြီးဆုံး၍ စိစစ်ဆဲကာလ သို့မဟုတ် စီမံချက်အသစ်တခုကိုအတည်ပြုရန် စဉ်းစားဆဲကာလ၌ အဆိုပါနိုင်ငံတွင် စီမံအုပ်ချုပ်မှုညံ့ဖျင်းခြင်းကိုတွေ့ရှိပါက ဘဏ္ဍာရေးဆိုင်ရာအထောက်အပံ့ကို ရပ်ဆိုင်းခြင်းသော်လည်းကောင်း၊ နှောင့်နှေးခြင်းသော်လည်းကောင်း၊ ပြုလုပ်နိုင်သည်။ ယင်းနိုင်ငံက ချို့ယွင်းအားနည်းချက်များကိုပြင်ဆင်ပြီးမှသာ လိုအပ်သောဘဏ္ဍာငွေအထောက်အပံ့ကို ရနိုင်မည် ဖြစ်သည်။ ၁၉၉၇ခုနှစ်ဇူလိုင်တွင်၊ IMF သည် ကင်ညာနိုင်ငံတွင် ပြည်တွင်းမငြိမ်သက်မှုနှင့် ရွေးကောက်ပွဲပြုပြင်ပြောင်းလဲမှုများကြောင့် အကူအညီများကိုရပ်ဆိုင်းခဲ့ပြီး၊ ရွေးကောက်ပွဲရလဒ်အသစ်ရသည်အထိ ဆိုင်းငံ့ ထားခဲ့သည်။

ကမ္ဘာ့ဘဏ် **(The Would Bank)**

ကမ္ဘာ့ဘဏ်သည် ကောင်းမွန်သော၊ ပွင့်လင်းသော၊ အားလုံးပါဝင်ဆောင်ရွက်မှုရှိသော စီမံအုပ်ချုပ်မှုလိုအပ်ခြင်းကို အလေးပေးခဲ့သည်။ ၁၉၈၉ခုနှစ် စီမံအုပ်ချုပ်ခြင်းအပေါ် ပထမဆုံးအများပြည်သူဆိုင်ရာအထောက်အထားမှတ်တမ်းတွင် ဆာဟာရ၊ အာဖရိကတိုက်နှင့်ပတ်သက်၍ အာဖရိကဖွံ့ဖြိုးမှုဆိုင်ရာပြဿနာများ၏ ရေသောက်မြစ်မှာ ကို စီမံအုပ်ချုပ်ခြင်းပြဿနာဖြစ်ကြောင်း အလေးထားဖေါ်ပြခဲ့သည်။ ယင်းတွင် လာဘ်စားမှု၊ အတင်းအကြပ်နိုင်ထက်စီးနင်းပြုလုပ်မှု အလွန်အကျွံ ဗဟိုချုပ်ကိုင်မှုနှင့် တချက်လွှတ်ထင်ရာစိုင်းအုပ်ချုပ်မှုများသည် စီးပွားရေးဆိုင်ရာဖွံ့ဖြိုးမှုကို ရေရှည်ခံအောင်မပြုလုပ်နိုင်ကြောင်းဖေါ်ပြထားသည်။ ၁၉၉၃ခုနှစ်တွင် စီမံအုပ်ချုပ်မှုနှင့်ပတ်သက်သော လုပ်ငန်းအစီအစဉ်ပရိုဂျက်ပေါင်း ၅၇ခုကို အတည်ပြုခဲ့သည်။ ကမ္ဘာ့ဘဏ်၏ ၁၉၉၇ခု ကမ္ဘာ့ဖွံ့ဖြိုးမှုအစီရင်ခံစာတွင် ဤကိစ္စကိုဖြေရှင်းထားသည်။ ယင်းအစီရင်ခံစာတွင်ပင် ဒီမိုကရေစီစံနစ်အား ကောင်းမွန်ပြေပြစ်သောစီမံအုပ်ချုပ်မှုစံနစ်တရပ်အဖြစ် ရည်ညွှန်းထားသည်။ စီးပွားရေးဆိုင်ရာစီမံအုပ်ချုပ်ခြင်း နှင့် နိုင်ငံရေးဆိုင်ရာစီမံအုပ်ချုပ်ခြင်းတို့အပါအဝင်၊ စီးပွားရေးနှင့်နိုင်ငံရေးတို့ အပြန်အလှန် ဆက်စပ်နေသည်ကို ကမ္ဘာ့ဘဏ်ကလက်ခံခဲ့သည်။ ယင်းကိုအကြောင်းပြုလျှက် ကမ္ဘာ့ဘဏ်သည် အရည်အသွေး တည်ဆောက်ရေးနှင့် အဆောက်အအုံဖွံ့ဖြိုးမှုလုပ်ငန်း **(Institutional Development)** ဆောင်ရွက်ချက်များ ကို ပိုမိုဆောင်ရွက်လာသည်။ ယင်းနှင့်အတူ ခြစားမှုကိုကိုင်တွယ်ဖြေရှင်းခြင်းနှင့် လူထုအခြေပြုအဖွဲ့အစည်းများအား ထောက်ပံ့ခြင်းတို့ကို တိုးမြှင့်ဆောင်ရွက်လျှက်ရှိသည်။ ခြစားမှုကို ကမ္ဘာ့ဘဏ်၏ စီမံအုပ်ချုပ်ခြင်းပေါ်လစီတွင် အဓိကအာရုံစိုက်ချက်အဖြစ်ထားရှိသည်။ ၄င်းသည် အောက်ပါ အကြောင်းအရာများအား ကောင်းမွန်သောစီမံအုပ်ချုပ်ခြင်း၏ မရှိမဖြစ်သောအကဲဖြတ်စံများအဖြစ် သတ်မှတ်ဖေါ်ပြထားသည်။

- ❏ ထိုးဖေါက်မြင်နိုင်မှု (အစိုးရ၏ဥပဒေပြုမှုလက်တံ–လွှတ်တော်ဖြင့် ပွင့်လင်းသော ပေါ်လစီပြုလုပ်ခြင်းများ)၊
- ❏ အကောင်အထည်ပြုနိုင်မှု (အစိုးရအုပ်ချုပ်ရေးအဖွဲ့ဝင်များ၏ လုပ်ဆောင်ချက်များ၏ အကောင်အထည်ပြုနိုင်မှု)၊
- ❏ ပေါ်လစီဆိုင်ရာတွင်ကြိုတင်ခန့်မှန်းနိုင်မှုရှိခြင်း (ဗျူရိုကရေစီယန္တရား၏ ကျွမ်းကျင်မှုဆိုင်ရာ ဂုဏ်သိက္ခာ)၊
- ❏ ပါဝင်ဆောင်ရွက်ခြင်း၊ (အများပြည်သူဆိုင်ရာကိစ္စရပ်များတွင် လူထုအခြေပြုအဖွဲ့အစည်းများ၏ အားကောင်းမှုကဏ္ဍ၊)
- ❏ ဥပဒေစိုးမိုးမှု (အများပြည်သူဆိုင်ရာယန္တရားများအားလုံးတွင် အပြုအမူ

ဆိုင်ရာ ထိန်းချုပ်ခြင်းတို့ ဖြစ်သည်။)

ကမ္ဘာ့ဘဏ်၏သဘောတူညီခြင်းဆိုင်ရာပုဒ်မများတွင် အဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံရေး၌ ဝင်ရောက်စွက်ဖက်ခြင်းကိုတားမြစ်ထားသည်။ သို့သော် ကောင်းမွန်သောစီမံအုပ်ချုပ်ခြင်းနှင့် ခြစားမှုတိုက်ဖျက်မှုအစီစဉ်များအပေါ်မူ ကမ္ဘာ့ဘဏာက်က လိုလိုလားလား ဆောင်ရွက်လာခဲ့သည်။ ယင်းသည် ကမ္ဘာ့ဘဏ်က အဆောက်အအုံဘောင်များ တည်ဆောက်ခြင်း နှင့် နိုင်ငံလုံးဆိုင်ရာစီမံအုပ်ချုပ်ခြင်းဆောင်ရွက်နိုင်မှုများကို ဖြေရှင်းပေးရန် ဆန္ဒရှိလာကြောင်းကို ရည်ညွှန်းလျက်ရှိသည်။ မကြာခင်က ကမ္ဘာဘဏ်သည် တာရှည်ခံနိုင်သောဖွံ့ဖြိုးမှုအတွက် ပွင့်လင်းပြီး အားလုံးပါဝင်ဆောင်ရွက်မှုရှိသော စီမံအုပ်ချုပ်မှုများလိုအပ်ကြောင်း ဖော်ပြခဲ့သည်။ ယင်း၏လုပ်ငန်းရပ်များတွင် နိုင်ငံရေးဆိုင်ရာအမြင်ကို အသားပေးခဲ့သည်။ ၁၉၉၇ဇူလိုင်လတွင် ကမ္ဘာ့ဘဏ်သည် ပဋိပက္ခပြီးဆုံးပြီးပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် ဘဏ်၏ အခြားချဉ်းကပ်ဆောင်ရွက်မှုနှင့် ဆက်စပ်မှုရှိစေရန်အလို့ငှာ ပဋိပက္ခပြီးဆုံးပြီး ဆိုင်ရာယူနစ် **Post Conflict Unit** တခုကို တည်ထောင်ခဲ့သည်။ ယင်းယူနစ်သည် အဆောက်အအုံယန္တရားများ ပြန်လည်တည်ဆောက်ခြင်းအပေါ် အသားပေးခဲ့သည်။ ထို့အတူ ကြားကာလ အပြောင်းအလဲ ဆိုင်ရာ မဟာဗျူဟာများနှင့် စောစီးစွာ ပြန်လည်တည်ဆောက်ရေးလုပ်ငန်း တို့ကို ပုံစံရေးဆွဲခြင်းနှင့် အကောင်အထည်ဖေါ်ခြင်း တို့ကိုလည်း ဆောင်ရွက်ပါသည်။

အမေရိကန်နိုင်ငံများဆိုင်ရာဖွံ့ဖြိုးမှုဘဏ်၊ **Inter-American Development Bank (IDB)**

အမေရိကန်နိုင်ငံများဆိုင်ရာဖွံ့ဖြိုးမှုဘဏ် **IDB** သည်၎င်း၏အဓိကဦးဆောင်သော ပေါ်လစီများထဲတွင် ဒီမိုကရေစီကျသောစီမံအုပ်ချုပ်နိုင်သည့် စွမ်းရည်ဆိုင်ရာ ကျယ်ပြန့်သောခံယူချက်ကိုထားရှိသည်။ ၎င်းသည်လက်တင်အမေရိကတိုက်တွင် ဒီမိုကရေစီဆိုင်ရာကျစ်လစ်ခိုင်မာစေရေးလုပ်ငန်းစဉ်များအား သိသိသာသာထောက်ခံပြီး တိကျစွာ ပံ့ပိုးမှုပြုလုပ်သည်။ နိုင်ငံပေါင်းစုံပါဝင်သောဖွံ့ဖြိုးရေးဘဏ်များအနက် **IDB** သည် နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်မှုအများဆုံးအဖြစ် ရှင်းရှင်းရှိနေခဲ့သည်၊ ယခုအခါ **IDB** ၏ချေးငှားယူသူအဖွဲ့ဝင် ၂၆နိုင်ငံလုံးသည် ဒီမိုကရေစီစံနစ်ကျစွာ ရွေးကောက်ထားသော အစိုးရများဖြစ်ကြသည်။ အမှန်စင်စစ် **IDB** နှင့်**OAS** နှစ်ရပ်စလုံးသည် ကုလသမဂ္ဂ သို့မဟုတ် ကမ္ဘာ့ဘဏ် ဆိုသည်တို့ထက် ပိုမို၍ပြည့်စုံလုံလောက်စွာ ဒေသအတွင်းတွင် ဒီမိုကရေစီကိစ္စရပ်များကို တွန်းအားပေးနေသည်ဟု မြင်သာပါသည်။ ၎င်း၏၁၉၉၆ခုနှစ် မဟာဗျူဟာမြောက် ပေါ်လစီစီမံချက်တွင် **IDB** သည် အလေးထားပြီး ထောက်ပံ့မှုပေးရမည့် အဓိက အစီအစဉ်လေးနေရာကို သတ်မှတ်ပြဌာန်းခဲ့ သည်။ ယင်းတို့မှာ (၁) အမှုဆောင်များလက်တံ၊ (၂) ဥပဒေပြုမှုဆိုင်ရာလက်တံနှင့် ဒီမိုကရေစီယန္တရားအဆောက်အအုံများ၊ (၃) တရားစီရင်ရေးစံနစ်နှင့်၊ (၄) လူထုအခြေပြု လူမှုအဖွဲ့အစည်းများ ဖြစ်ကြသည်။ ၁၉၉၇ခုနှစ်၊ ဧပြီလသို့တိုင် ယင်း အစီအစဉ်များ အတွက် လုပ်ငန်းစီမံချက်ပေါင်း ၂၇ခုကို အတည်ပြုပေးခဲ့သည်။ ယင်းတွက်ဒေါ်လာသန်းပေါင်း ၃၀၀ ခန့်သုံးစွဲခဲ့ရာ၊ နိုင်ကာရာဂွာနိုင်ငံတွင် အငြင်းပွါးမှုအဖြေရှာခြင်းလုပ်ငန်းများ၊ ဥရုဂွေးနိုင်ငံတွင် ခုံအဖွဲ့နှင့်ဆုံးဖြတ်ခြင်းနှင့်သင့်မြတ်ရေးဌာနတရပ်၊ ဘော်လီးဗီးယားနိုင်ငံတွင် ဘော်လီးဗီးယားနိုင်ငံလုံးဆိုင်ရာစီမံအုပ်ချုပ်မှုစွမ်းရည်အစီစဉ်နှင့် ပါရာဂွေးနိုင်ငံတွင် ဒီမိုကရေစီယန္တရားအဆောက်အအုံများ အင်အားခိုင်မာစေခြင်း စသည်တို့ အတွက်အကူအညီထောက်ပံ့ပေးခြင်းပါဝင်သည်။

အခြားသောဒေသဆိုင်ရာဖွံ့ဖြိုးရေးဘဏ်များ၊

အာရှဖွံ့ဖြိုးရေးဘဏ်သည် **(Asia Development Bank)** ကောင်းမွန်သော

စီမံအုပ်ချုပ်ခြင်း အပေါ်တွင် ကမ္ဘာ့ဘဏ်၏သတ်မှတ်ချက်ဘောင်အတိုင်းလိုက်ပါ ဆောင်ရွက်သည်။ ထို့အတူ ဤသို့သောစံထားချက်များအား ၎င်း၏ဖွံ့ဖြိုးမှုဆိုင်ရာ သုံးသပ်ခြင်းများ နှင့် လုပ်ငန်းဆောင်တာများအတွက် မူဘောင်များအဖြစ်ထားရှိပါသည်။ ၎င်း၏ပေါ်လစီသည်အကောင်အထည်ပြုနိုင်မှု၊ ကြိုတင်ခန့်မှန်းနိုင်ခြင်းရှိမှု နှင့် ထိုးဖေါက်မြင်နိုင်စွမ်းရှိမှု တို့ပါဝင်သော ပြေပြစ်ချောမွေ့သည့်ဖွံ့ဖြိုးမှုဆိုင်ရာစီမံခန့်ခွဲမှု ကို လက်ခံထားရှိပါသည်။

ပြန်လည်တည်ဆောက်ရေးနှင့်ဖွံ့ဖြိုးမှုဆိုင်ရာဥရောပဘဏ် **(European Bank for Reconstruction and Development)** မှာမူ ယင်း၏ ချာတာတွင် ဥရောပအရှေ့ပိုင်း နှင့် အလယ်ပိုင်းနေရာများသို့ စီးပွားရေးအထောက်အပံ့ပြုရာတွင် ပါတီစုံဒီမိုကရေစီစနစ်၊ ဗဟုဝါဒ **Pluralism** နှင့် ငြိမ်းချမ်းစွာယှဉ်တွဲနေနိုင်သည်ဟု ခံယူသည့်မှုများကို စည်းကမ်းသတ်မှတ်ချက်များအဖြစ်ထားရှိသည်၊

၅၊၅။ နိဂုံး။

ထိုးဖေါက်မြင်နိုင်စွမ်းရှိခြင်း၊ အကောင်အထည်ပြုနိုင်မှုရှိခြင်းနှင့် အထူးသဖြင့် အားလုံးပါဝင်ဆောင်ရွက်နိုင်ခြင်းနှင့် အကျိုးဝင်ဆောင်ရွက်မှုရှိခြင်း စသောအခြေခံမှုများသည် ဤအခန်းတလျှောက်လုံးတွင် ထပ်တလဲလဲ ပါရှိနေသောအာဘော်များဖြစ်သည်။ ဤအခြေခံမှုများအပေါ်တွင် သင့်တော်ကောင်းမွန်စွာလိုက်နာဆောင်ရွက်မှုရှိလျှင် ယင်းတို့သည် ငြိမ်းချမ်းရေးအဖြေရှာဆောင်ရွက်မှုတရပ်အား လမ်းချော်စေမည့် အန္တရာယ်များနှင့် အတားအဆီးများမှ ကာကွယ်စောင့်ရှောက်နိုင်ပေမည်။ ဒီမိုကရေစီယန္တရားနှင့် ဖွဲ့စည်းတည်ဆောက်မှုများ၏ အရေးပါမှုအပေါ်တွင် နိုင်ငံတကာဆိုင်ရာ အများသဘောဆန္ဒသည် တနေ့တခြားဖွံ့ဖြိုးလာသည်။ နိုင်ငံတကာနှင့်ဒေသဆိုင်ရာ ဆောင်ရွက်သူများကလည်း ဒီမိုကရေစီအရေးအပေါ် ပိုမိုလေးနက်သော စံတရပ်ထားရှိလာကြသည်။

ဒေသဆိုင်ရာအဖွဲ့ဝင်ဖြစ်မှုနှင့် အကူအညီပေါ်လစီများတွင် ဒီမိုကရေစီအခြေအနေ သတ်မှတ်ထားရှိမှုများကို အသုံးပြုခြင်း၊ ထို့အတူအချို့သောဝေဖန်ပြောကြားသူများက ပြောနေသော ဒီမိုကရေစီအစိုးရတရပ် ဖော်ထုတ်ခြင်းအခွင့်အရေး စသည်တို့သည် သတိနှင့်စဉ်းစားဆောင်ရွက်ရန်လိုအပ်ပါသည်။ စေတနာကောင်းဖြင့် ဖြစ်စေကာမူ ဒီမိုကရေစီကို ပြင်ပမှ ပြဋ္ဌာန်း၍မရပါ။ တခါတရံတွင် တင်းကြပ်သောအခြေအနေများသည် အကောင်းအထက် အဆိုးကို ဖြစ်စေသည်။ အလယ်အလတ်သဘောထားရှိသည့် ပြုပြင်ပြောင်းလဲရေးသမားများကို မထင်မှတ်ပဲ အားနည်းစေနိုင်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဤအခန်းတွင် အလေးအနက်အသားပေးထားသည်မှာ ငြိမ်းချမ်းမှုအဖြေရှာမှုရေးနှင့် တာရှည်ခံနိုင်သည့် ဒီမိုကရေစီစနစ် တည်ဆောက်ရေးတွင် အဓိကတာဝန်သည် ပဋိပက္ခတွင်ပါဝင်နေသောအဖွဲ့အစည်းများ၊ ပါတီများအပေါ်တွင် တည်ရှိကြောင်းပင်ဖြစ်သည်။ နိုင်ငံတကာအသိုင်းအဝိုင်း၏အခန်းကဏ္ဍသည် အတင်းအကြပ်ပြဋ္ဌာန်းရန်၊ ဆေးဆရာကဲ့သို့လမ်းညွှန်ရန် ဆိုသည်ထက် လိုအပ်သည်များကို အထောက်အပံ့ပြုရန်သာဖြစ်သည်။ ပြည်တွင်းအဖွဲ့အစည်းများမှ ခိုင်မာသော ကတိခံမှုသည် ပထမဆုံးနှင့်ရှေ့အကျဆုံး လိုအပ်ချက်တရပ်ဖြစ်သည်။

ဒီမိုကရေစီတည်ဆောက်ရေးတွင် နိုင်ငံတကာအသိုင်းအဝိုင်းများအကြား စည်းလုံးပြီး အဆက်အစပ်ရှိသော ဆောင်ရွက်ချဉ်းကပ်မှုတရပ်ဖြစ်ပေါ်လာခြင်းသည် အလေးထားရမည့် အခြားမျက်နှာစာတရပ်ဖြစ်သည်။ နိုင်ငံတကာအဖွဲ့အစည်းများသည် ၎င်းတို့၏ ကျဉ်းမြောင်းသောကိုယ်ကျိုးစီးပွါးတရပ်ကိုဆောင်ရွက်ရန် သို့မဟုတ် ၎င်းတို့၏ ဈေးကွက်ခွဲတမ်းကိုသာရှေ့ရှုဆောင်ရွက်ရန် ဇောင်းပေးသည့် အခြေအနေများလည်း ရှိနေပါသည်။ ထိုအခါမျိုးတွင် အသွင်ပြောင်းလဲရေးဖြစ်စဉ်တခုလုံးပေါ်တွင် မသိကျိုးကျွန်ပြုမှု၊ လစ်လျူရှုမှုများဖြစ်တတ်သည်။ ဤသို့ဖြစ်ခဲ့လျှင် နိုင်ငံတကာအသိုင်းအဝိုင်းနှင့် ဌာနေအဖွဲ့များ

## ၅၊ ၅။ နိဂုံး

အကြား ပိုမိုထိရောက်သော တိုင်ပင်နှီးနှောခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း ပြုရန် လိုအပ်ပါသည်။ ယင်းအတွက် လျော်ကန်သင့်မြတ်သော အထောက်အပံ့များ ပေးပြီး ပြဿနာရပ်များကို ပူးတွဲဖြေရှင်းမှုပြုရန်လည်း လိုအပ်ပါသည်။ အဓိပ္ပာယ်မှာ ပဋိပက္ခ အဖြေရှာမှုကို အကောင်အထည်ဖော်နေသည့် ပါဝင်ပတ်သက်သူအားလုံးတို့သည် ပျက်ဆီးမှုဖြစ်နိုင်သည့်အလားအလာများကို အမြဲသုံးသပ်ကာ လျှင်မြန်ထိရောက်သော တုန့်ပြန်ဆောင်ရွက်မှုကို ဆောင်ရွက်နိုင်မည့် လုပ်ငန်းဖြစ်စဉ်အဆင့်ဆင့်များ ကို ကြိုတင် သတ်မှတ်ပြင်ဆင်ထားရန် ဖြစ်သည်။

မည်သို့ဆိုစေနိုင်ငံတကာအသိုင်းအဝိုင်းအတွင်းတွင် ပဋိပက္ခကာကွယ်တားဆီးရေး၌ ကြိုတင်ကာကွယ်ရေးသံတမန်နည်းလမ်းများ၊ သို့မဟုတ် စောစီးစွာသတိပေးသည့် စနစ်များသက်သက်ဖြင့် မလုံလောက်ဟု ယူဆလာပါသည်။ အငြင်းပွားမှုများ၏ အကြောင်းရင်းကို ဖြေရှင်းခြင်း၊ ပဋိပက္ခ၏တည်ရှိနေဆဲအကြောင်းရင်းများကိုအပြုသဘောနှင့် တိတိကျကျစီမံခန့်ခွဲခြင်း၊တို့ကိုပါ ပြုလုပ်နိုင်သည့်အဖြေရှာမှုများ ပါဝင်ရန် လိုအပ်ကြောင်းကို အသိအမှတ်ပြုလာသည်။ နိုင်ငံတကာအသိုင်းအဝိုင်းအတွက် စိန်ခေါ်ချက်မှာ ဤ ပြန်လည်သစ်ဆန်းလာသောသတိပြုမိမှုနှင့်ခိုင်မာစွာရပ်တည်မှုတို့ကို နိုင်ငံတကာ အဆင့်၊ပြည်တွင်းအဆင့်၊ နှစ်ရပ်စလုံးတွင် ခိုင်လုံသော ပေါ်လစီနှင့်လုပ်ဆောင်မှုများ အဖြစ်သို့ ပြောင်းလဲပစ်နိုင်ရန်ပင် ဖြစ်သည်။ ထိုပေါ်လစီများနှင့် လုပ်ငန်းစဉ်အသစ်များ၏ တိကျသောပုံစံသည် မည်သို့ဖြစ်နိုင်သနည်း ဆိုသည်မှာမူ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးတည်ဆောက်ခြင်းဆီသို့ အလေးအနက်ဦးတည်နေသည့် အဖွဲ့အစည်းများ နှင့် အစိုးရအားလုံးတို့အပေါ်မူတည်နေပါသည်။


REFERENCE AND FURTHER READINGS:

Burnel, Peter, ed. *Democracy Assistance: International Cooperation for Democratization.* London: Frank Cass, 2000.

Carothers, Thomas. 1999. *Aiding Democracy Abroad: The Learning Curve.* Washington, DC: Carnegie Endowment for International Peace.

Carothers, Thomas and María Ottaway. 2000. *Funding Virtue: Civil Society Aid and Democracy Promotion.* Washington, DC: Carnegie Endowment for International Peace.

Diamond, Larry. 1995. *Promoting Democracy in the 1990s; Actors and Instruments, Issues and Imperatives.* New York, NY: Carnegie Corporation of New York.

Farer, Tom, ed.. 1996. *Beyond Sovereignty; Collectively Defending Democracy in the Americas.* Baltimore, MD: Johns Hopkins University Press.

Halperin, Morton H. and Kristen Lomasney. 1993. "Toward a Global 'Guarantee Clause'", *Journal of Democracy*, vol. 4, no. 3. pp. 60–69.

Halperin, Morton H. and Kristen Lomasney. 1998. "Guaranteeing Democracy: A Review of the Record", *Journal of Democracy*, vol. 9, no. 2. pp. 134–147.

Jeldres, Julio A. 1996. "Cambodia's Fading Hopes", *Journal of Democracy*, vol. 7, no. 1. pp. 148–157.

Karl, Terry Lynn. 1995. "The Hybrid Regimes of Central America", *Journal of Democracy*, vol. 6, no. 3, pp. 72–86.

O'Donnell, Guillermo. 1996. "Illusions About Consolidation", *Journal of Democracy*, vol. 7, no. 2. pp. 34–51.

OECD-DAC. 1994. DAC *Orientations on Participatory Development and Good Governance.* Paris: OECD.

OECD-DAC. 1995. *Participatory Development and Good Governance.* Paris: OECD.

OECD-DAC. 1997. *Guidelines on Conflict, Peace and Development Cooperation.* Paris: OECD.

Peck, Connie. 1998. *Sustainable Peace: The Role of the United Nations and Regional Organizations in Preventing Conflict.* Washington, DC: Carnegie Commission on Preventing Deadly Conflict.

Santiso, Carlos. 2000a. 'Towards Democratic Governance: The Contribution of Multilateral Development Banks In Latin America,' en Peter Burnell, ed., *Democracy Assistance: International Cooperation for Democratization.* London: Frank Cass, 2000.

Santiso, Carlos. 2000b. "International Cooperation for Democracy and Good Governance: What Have we Learned?' *Forum for Development Studies*, vol. 27, no. 1, pp. 151–168.

The World Bank. 1997. 1997 World Development Report; *The State in a Changing World.* Washington, DC: The World Bank.

The World Bank. 1998. *Post-Conflict Reconstruction; The Role of the World Bank.* Washington, DC: The World Bank.

United Nations Development Programme. 1997a. *Governance for Sustainable Human Development.* UNDP Policy Document. New York, NY: UNDP.

Whitehead, Laurence. ed. 1996. *The International Dimensions of Democratization; Europe and the Americas.* Oxford, England: Oxford University Press.

# နိဂုံး

ဒီမိုကရေစီစံနစ်ကို ကျစ်လစ်ခိုင်မာအောင်ပြုလုပ်ခြင်းမှာ မည်သည့်အခါကမှ လွယ်ကူသောကိစ္စမဟုတ်ချေ။ ယင်းအတွက် ကျွမ်းကျင်သောဦးဆောင်မှု၊ သက်ဝင်လှုပ်ရှားနေဆဲ လူထုအခြေပြုအဖွဲ့အစည်းတရပ်၊ လည်ပတ်နေသော နိုင်ငံရေးအဆောက်အဦးများနှင့် အချိန်ပေးမှုလိုအပ်ချက် (အလွန်ရေးကြီးဆုံးဖြစ်သည်) တို့လိုအပ်သည်။ ဤသည်တို့မှာ ဒီမိုကရေစီစံနစ်ဆီသို့ အသွင်ကူးပြောင်းရာတွင် အဆင်ပြေဆုံးအခြေအနေ၌ပင်လျှင် ရှားပါးသောစားသုံးကုန်ပစ္စည်းများသဖွယ် ဖြစ်ကြသည်။ မည်သို့ဆိုစေ ပဋိပက္ခလွန် နောက်ဆက်တွဲကာလများတွင် ယင်းစိန်ခေါ်မှုများမှာ ပိုများပြားလာပေသည်။ နက်ရှိုင်းစွာ အမြစ်တွယ်နေခဲ့သော ပဋိပက္ခများသည် နိုင်ငံရေးနှင့် လူမှုရေး ဆက်ဆံရေးနယ်ပယ်တိုင်း၌ အနုတ်လက္ခဏာရိုက်ခတ်မှုရှိသည်။ လူထုအခြေပြုလူမှုအဆောက်အဦးများမှာ အမြဲလိုလိုပင် အားနည်းလျက်ရှိသည်။ သို့မဟုတ် ပါတီစွဲထားမှု (ဘက်ကြည့်မှု) အားကောင်းလျက်ရှိသည်။ သို့မဟုတ် ယင်းနှစ်ရပ်စလုံး ဖြစ်ပေါ်လျက်ရှိနေတတ်သည်။ ခေါင်းဆောင်များနှင့် ဒေသခံတာဝန်ရှိသူများမှာ အများအားဖြင့် ပဋိပက္ခကာလအတွင်း၌ မကြာခင်ကအထိ ပါဝင်ရင်ဆိုင်ခဲ့သူများဖြစ်သည်။ စီးပွားရေးမှာ အလွန်အမင်း ထိခိုက်ပျက်ဆီးမှုများရှိသည်။ ထို့အတူအစိုးရ၏ အခြေခံယန္တရားအဆောက်အအုံများမှာ လုပ်ငန်းရပ်ဆိုင်းနေသည်၊ သို့မဟုတ် ယင်း၏တရားဝင်ဆောင်ရွက်နိုင်မှုအပေါ် အငြင်းပွားနေနိုင်သည်။ ထိုသို့သောအခြေအနေမျိုးတွင် ကြာရှည်တည်တံ့မည့် ဒီမိုကရေစီစနစ်တခုကို ပြန်လည်တည်ဆောက်ရန် ကြိုးပမ်းမှုများမှာ ကြီးမားသော အတားအဆီးများကို ရင်ဆိုင်ကြရလျက်ရှိ သည်။ ထို့ကြောင့်ထိုသို့သောကိစ္စရပ်များတွင် များစွာသောမအောင်မြင်မှုများနှင့် သာကြုံရပြီး ရှင်းရှင်းလင်းလင်းအောင်မြင်သည်ဟု လက်ခံနိုင်သောနိုင်ငံအချို့သာတွေ့ရခြင်းမှာ အံ့သြဖွယ်ကိစ္စရပ်များမဟုတ်ချေ။

ဒီမိုကရေစီစံနစ်တွင် စီမံအုပ်ချုပ်မှုကို ခိုင်မာအောင်ပြုလုပ်ရန်မှာ အဆင်ပြေစွာ ဆောင်ရွက်နိုင်သည့် အဆောက်အဦယန္တရားဆိုင်ရာ မူဘောင်တရပ် ရှိရန်လိုအပ်ပြီး၊ ဒီမိုကရက်တစ် လုပ်ထုံးလုပ်နည်းများကို လေးစားလိုက်နာရန်လည်း လိုအပ်ပေသည်။ ထို့ကြောင့် ပဋိပက္ခသဘောတူညီချက် အကောင်အထည်ဖော်မှုတို့ကို တိုးတက်မှုရှိမရှိ အကဲဖြတ်ရာ၌ ကျယ်ပြန့်သောအမြင်တရပ် (holistic view) ဖြင့် သုံးသပ်ရန် လိုပေသည်။ ဤလက်ဆွဲစာအုပ်တွင် ညှိနှိုင်းမှုအကြိုကာလမှသည် အကောင်အထည်ဖော်ခြင်းသည့်တိုင် အဆင့်ဆင့်တိုင်း၏ ဖြစ်စဉ်ကိစ္စရပ်အပေါ်အစဉ်တစိုက် အလေးထား လေ့လာသုံးသပ်ပြထားပါသည်။ ဤနေရာတွင် ဖြစ်စဉ်တရပ်လုံးကို တဆက်တစပ်တည်း ခြုံငုံလေ့လာရန် လိုအပ်ပေသည်။

ဒီမိုကရေစီတည်ဆောက်သူများအတွက် ဤစာအုပ်ပါ အောင်မြင်မှုများနှင့်ကျရှုံးမှုများသည် မည်သည့်သင်ခန်းစာများပေးပါသနည်း။ ပထမအချက်မှာ ငြိမ်းချမ်းရေးအဖြေရှာမှု၌ ရလဒ်နှင့်ရှေ့အလားအလာများအပေါ် အာရုံစိုက်ခြင်းထက် ဖြစ်စဉ်ပေါ်တွင် ပို၍အလေးထား အာရုံစိုက်ရန်ဖြစ်သည်။ ဖြစ်စဉ်နှင့်ရလဒ်အကြား ရှင်းလင်းသော ကွဲပြားချက်ကို (ဖြစ်စဉ်နှင့် ရလဒ် ကွာခြားမှု) ၁၉၉၀ခုနှစ်များကာလ ငြိမ်းချမ်းရေးတည်ဆောက်မှုများမှ ရခဲ့သည့် အရေးကြီးသော သင်ခန်းစာတခုဖြစ်ပါသည်။ ၁၉၉၈ ခုနှစ်တွင် ကာလရှည်ကြာခဲ့ပြီး ဖြေရှင်းရန်ခက်ခဲလှသည့် ပဋိပက္ခကြီးနှစ်ခုဖြစ်သော မြောက်အိုင်ယာလန်နှင့်ဘိုဂိန်းဗီးလီးတို့တွင် နောက်ဆုံး၌ ငြိမ်းချမ်းရေး သဘောတူညီမှုများရရှိခဲ့သည်။ ဤပဋိပက္ခနှစ်ခုစလုံးတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်အပေါ် ကာလကြာရှည်စွာအငြင်းပွားခဲ့သည်။ နှစ်ခုစလုံး၌ နယ်မြေဆိုင်ရာနှင့် ယဉ်ကျေးမှုဆိုင်ရာ အချုပ်အခြာအပေါ် ရှုတ်ထွေးသောမေးခွန်းများရှိခဲ့သည်။ ထို့အတူ အကြိမ်ပေါင်းများစွာ

ညှိနှိုင်းခဲ့ပြီး လူပေါင်းများစွာ အသက်စတေးခဲ့ရသော်လည်း သဘောတူညီချက်မရခဲ့ပေ။ အဆိုပါ အောက်ခံအကြောင်းရပ်များသည် သက်ဆိုင်ရာငြိမ်းချမ်းရေး သဘောတူညီမှုများ ရခဲ့သည်အထိ မည်သို့မျှ မပြောင်းလဲခဲ့ပါ။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပြဿနာ၌ နှစ်ပေါင်းများစွာ အခြေအသေဆွေးနွေးခဲ့ပြီးဖြစ်သည်။ ၁၉၉၈ခုနှစ် မြောက်အိုင်ယာလန် "နေ့ကောင်းနေမြတ်သောကြာ" **(Good Friday)** သဘောတူညီချက် သည် စောစောပိုင်းကာလ ငြိမ်းချမ်းရေးအဆိုပြုချက်များကိုသာ ပြန်လည်ထည့်သွင်း အတည်ပြုခဲ့ခြင်းဖြစ်သည်။ မည်သို့ဆိုစေ ကိစ္စရပ်နှစ်ခုစလုံးတွင် အမှန်ပြောင်းလဲခဲ့သည့် အရာမှာ ဆွေးနွေးညှိနှိုင်းမှုဖြစ်စဉ်ပေါ်တွင် စူးစိုက်ဆောင်ရွက်ခြင်းပင်ဖြစ်သည်။ ယင်းကြောင့် မြောက်အိုင်ယာလန်တွင် ဘက်နှစ်ဘက်စလုံးမှ အစွန်းရောက်များပါဝင်နိုင်သည့် စစ်မှန်သောဆွေးနွေးမှုများ ဖြစ်ခဲ့သည်။ ထိုသူတို့အားလုံးသည် ဘေးထွက်ပြီး နှောင့်ယှက်နေမည်ထက် တန်းတူရည်တူ ဆွေးနွေးသူများ အဖြစ် ပါဝင်လာနိုင်သည်မှာ ဖြစ်စဉ်၏ အားကောင်းချက်တရပ်ဖြစ်သည်။ နှစ်ဘက်စလုံးမှ လေးစားမှုခံရသည့် ကျွမ်းကျင်ပြီးခိုင်မာစွာရပ်တည်သော အမေရိကန်ဆီနိတ်အမတ်ဟောင်း ဂျော့မစ်ချယ် ကဲ့သို့သဘာပတိမျိုးကလည်း အထောက်အကူဖြစ်သည်။ ထို့ပြင်အဓိကအုပ်စုများ၏ အလယ်အလတ်သဘောထားရှိသည့် နိုင်ငံရေးခေါင်းဆောင်များက သဘောတူညီမှု တရပ်ရပ်ရလိုသော သဘောထားသည်လည်း အလွန်ပင် အရေးပါလှသည်။ ဘော်ဂိန်းဗီလီးတွင် လေးစားခံရပြီးဘက်လိုက်မှုမရှိသော တတိယပါတီတရပ်အဖြစ် နယူးဇီလန်နိုင်ငံမှ ကြားဝင်ဆောင်ရွက်ခဲ့သည်။ အပြန်အလှန်ယုံကြည်မှု နှင့် ခိုင်မာသော သံမိဍာန်ကို တည်ဆောက်ရန် အားပေးသည့် ကြားနေပတ်ဝန်းကျင်တရပ်ကို ဖန်တီးပေးခဲ့သည်။ ထိုနေရာတွင် ငြိမ်းချမ်းရေးအဖြေရှာမှု၏ အဓိကသော့ချက်မှာ သဘောတူညီချက်တွင် ဖေါ် ပြထားသောအရာများအဟုတ်ပဲ အဖွဲ့များက မတောင်းဆိုဘဲ မြိုသိပ်ခဲ့သည့် အချက်များပင် ဖြစ်သည်။ ဥပမာ လွတ်လပ်ရေးနှင့်သက်ဆိုင်သောကိစ္စရပ်နှင့် အနာဂါတ်ဘော်ဂိန်ဗီလီးနိုင်ငံအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် စီစဉ်ဆောင်ရွက်မှုများ စသည့် အဓိကပြဿနာများကို (နောက်ပိုင်းကာလတွင်မှဖြေရှင်းကြရန်) ချန်လပ်ခဲ့ခြင်းပင်ဖြစ်သည်။ မြောက်ပိုင်းအိုင်ယာလန်နှင့်ဘော်ဂိန်းဗီလီးကိစ္စ နှစ်ခုစလုံးတွင် (မှန်ကန်သော) ဆွေးနွေးညှိနှိုင်းမှုဖြစ်စဉ်သည် အောင်မြင်မှုအတွက် အဓိကသော့ချက်ဖြစ်သည်။ ငြိမ်းချမ်းရေးပြောဆိုမှုများကို တွေ့ဆုံဆွေးနွေးမှု၊ ယုံကြည်မှု နှင့် ကတိခံမှု စသည့်မှုများအားကောင်းလာစေရန် မြှင့်တင်ပေးသည့် ဖြစ်စဉ်များကြောင့်ပင်ဖြစ်သည်၊

အလားတူပဋိပက္ခများကို ဖြေရှင်းရန်ကြိုးပမ်းမှုများသည် ဆွေးနွေးညှိနှိုင်းမှု၏ အစောပိုင်းကာလများ၌ ဤအကြောင်းရပ် (ဖြစ်စဉ်အရေးကြီးမှု) အပေါ် အာရုံစိုက်သင့်သည်။ ဖြစ်စဉ်ကို မစဉ်းမစား ဇွတ်အတင်းတွန်းပါက အခြားကျရှုံးသွားသော ဆွေးနွေးပွဲများနည်းတူ ပျက်စီးရမည်သာဖြစ်သည်။ အမှန်တကယ်တွင် များစွာသော သဘောတူညီချက်များမှာ ပြဿနာများကိုအလျင်အမြန်ဖြေရှင်းရန်လိုအပ်သောကြောင့် အလောသုံးဆယ် တွန်းအားပေးခြင်းခံရပါသည်။ ဘောစနီးယား၊ ရဝမ်ဒါ၊ ဘာရွန်ဒီ တို့ကဲ့သို့သော ပဋိပက္ခများတွင်၊ သတ်ဖြတ်မှုများကို အမြန်ဆုံးရပ်ဆိုင်းရန်ဆန္ဒကြောင့် သဘောတူညီမှုများကို အလောသုံးဆယ်ညှိနှိုင်းကြရသည်။ ဤဆောင်ရွက်ချက်တွင် ဒီမိုကရေစီနှစ် မတည်ဆောက်နိုင်ချင် နေပါစေ၊ သို့သော် (သတ်ဖြတ်မှုများရပ်ရန်) အဓိကရည်ရွယ်ချက်ကို ရရှိခဲ့သည်ဆိုပါက ထိုသို့သောအဖြေရှာမှုကို ပုံစံဖေါ်သည့် ပိသုကာများအား အပြစ်ဖို့ဖို့ခက်ပါသည်။ အခြေခံအားဖြင့် ပဋိပက္ခများကို အမြန်ရပ်ဆဲပစ်ရန် ရည်ရွယ်သည့်သဘောတူညီမှုများနှင့် ယင်းအပေါ်တွင် ရှည်သန်သော ဒီမိုကရေစီနိုင်ငံတည်ဆောက်နိုင်ရေးအတွက် တွန်းအားပေးခဲ့မှုသည် အမှန်စင်စစ် အကောင်းဆုံးအဖြေများ မဟုတ်ကြောင်း (ထိုပျက်စီးသွားသော အဖြေရှာမှုများက) သက်သေပြရာရောက်ပေသည်။

**နီဝိုး**

နိုင်ငံတကာ နှင့် ပြည်တွင်း နိုင်ငံရေး ဇာတ်ကောင်များအားလုံးလိုလိုက ဒီမိုကရေစီကို အချိန်ယူကာယုံကြည်မှုတခုဖြင့် တည်ဆောက်ရမည့်ရေရှည်ဖြစ်စဉ် တရပ်အဖြစ် ရှုမြင်ကြသည်။ ဒီမိုကရေစီသည် ပြင်ပမှဖိအားပေးတည်ဆောက်ယူ၍ မရဟုလည်း ခံယူကြသည်။ ၁၉၉၀ခုနှစ်များစောစောပိုင်းကာလများတွင် ရွေးကောက်ပွဲများကို ပဋိပက္ခဖြေရှင်းရေးနည်းလမ်းတသွယ်ဟု နိုင်ငံတကာအသိုင်းအဝိုင်းက မှတ်ထင်ခဲ့သည်မှာ "မြန်မြန်ပြီးပြီးပြင်" (quick-fix solution) စိတ်ဓါတ်မှ ပေါက်ဖွားလာချက် ဖြစ်သည်။ ကမ္ဘာကြီးတွင်၊ အများအားဖြင့် နိုင်ငံတကာအသိုင်းအဝိုင်း၏မေတ္တာရပ်ခံချက်နှင့် ကမကထ ဆောင်ရွက်ပေးရသော၊ ရွေးကောက်ပွဲများ မှိုလိုပေါက်လာသည်။ ယင်းတို့သည် ပဋိပက္ခအကြောင်းရင်းများကို (ဖြေရှင်းရာမရောက်ဘဲ) မီးလောင်ရာလေပင့်ဖြစ်စေခဲ့သည်။ ၁၉၉၃ခုနှစ်တွင် ဘာရွန်ဒီရွေးကောက်ပွဲသည် တိုင်းရင်းသားပဋိပက္ခများကို ဓါတ်ကူပစ္စည်းသဖွယ် ကြီးမားစေခဲ့ပြီး၊ နောင်တွင် တူစီ–ဟူတူအားပြိုင်မှုများ ရတ်တရက်လျော့ကျသွားအောင် အခြားနည်းလမ်းဖြင့် ဆောင်ရွက်ပေးခဲ့ရသည်။ ထို့အတူ ရဝမ်ဒါနိုင်ငံ၌ ပါတီစုံစနစ်နှင့်ဒီမိုကရေစီအတွက် ဖိအားပေးမှုများသည် လူမျိုးစုအကျိုးစီးပွားလုပ်ဆောင်မှုများအဖြစ် ပြောင်းလဲသွားပြီး၊ နိုင်ငံအာဏာကို မည်သည့်လူမျိုးစုများက လွှမ်းမိုးနိုင်သနည်းဟူသည့် လူမျိုးရေးအားပြိုင်မှု တရပ်ဖြစ်သွားခဲ့သည်။ အချို့သောနိုင်ငံများတွင် နိုင်ငံတကာထောက်ပံ့မှုဖြင့်ဆောင်ရွက်သော ရွေးကောက်ပွဲများမှာ နိုင်ငံတကာအသိုင်းအဝိုင်းက၊ ယင်းတို့အဆိုပါပဋိပက္ခတွင် ပါဝင်ပတ်သက်နေမှုမှ ထွက်ပေါက်ယူသည့်နည်းဗျူဟာ (exit strategy) မျိုးဖြစ်သည်။ ရွေးကောက်ပွဲများမှာ ဒီမိုကရေစီဖြစ်စဉ်တရပ်၏ နိဒါန်းသာဖြစ်ပြီး နိဂုံးမဟုတ်ချေ။ ထို့အတူ နက်ရှိုင်းစွာအမြစ်တွယ်နေသည့် ပဋိပက္ခတခု၏ နောက်ပိုင်းကာလ ဒီမိုကရေစီမြင့်မားရေး (မြှင့်တင်ရေးအတွက်) အတွက် ဆောင်ရွက်သည့် စစ်မှန်သော မည့်သည့်မဟာဗျူဟာမဆို ရွေးကောက်ပွဲများအား ရေရှည်ဖြစ်စဉ်တရပ်၏ ပထမဆုံးအဆင့်အဖြစ်မျှသာ ရှုမြင်ရန်လိုအပ်သည်။

ပဋိပက္ခအများစု၏ ပျက်ပြားမှု၊ မအောင်မြင်မှုသည် ရွေးကောက်ပွဲများ သက်သက်ကြောင့် မဟုတ်ချေ။ ယင်းတို့အား မည်သို့ ပုံဖေါ်ဆောင်ရွက်မည်ဟူသော ကြိုတင်စဉ်းစားချက်မရှိခြင်းကြောင့်ဖြစ်သည်။ အယ်လဂျီးရီးယားနိုင်ငံတွင် ၁၉၉၁–၉၂ခုနှစ်၌၊ ဘာရွန်ဒီနိုင်ငံတွင် ၁၉၉၃ခုနှစ်၌ ကျင်းပခဲ့သော ရွေးကောက်ပွဲစနစ်များသည် နိုင်သူအားလုံးယူရလဒ်ကို ပေါ်ထွက်စေခဲ့သဖြင့်၊ ရှုံးနိမ့်သွားသူများကည်း ရလဒ်ကို လက်မခံတော့ဘဲ အင်အားသုံးဖြေရှင်းသည့်ဖက်လှည့်သွားစေရန်အားပေးခဲ့သည်။ အန်ဂိုလာနိုင်ငံတွင် အခြေခံဥပဒေ၌ ဗဟိုချုပ်ကိုင်မှုအာဏာကို တစ်ဦးတစ်ယောက်၏ ရုံးတော်(ဝါ)သမ္မတ၌ ထားရှိခဲ့သည့်အချက်က ရှုံးနိမ့်သူအား (ရွေးကောက်ပွဲရလဒ်ထဲတွင်) ဖြစ်စဉ်ထဲတွင် လက်ခံနေနိုင်မည့် မက်လုံးမျိုး မဖြစ်ခဲ့ချေ။ ဘောစနီးယားနိုင်ငံတွင် ဒေးတွန်သဘောတူညီချက်ကို လက်မှတ်ရေးထိုးပြီးနောက် ကျင်းပသည့် ၁၉၉၆ခုနှစ်ရွေးကောက်ပွဲများသည် လူမျိုးစုတိုင်းရင်းသားများအကြား ပိုမိုသွေးကွဲစေသည့် စိုးကြောက်မှုဝန်းကျင်တရပ် (an environment of fear) ကို ဖြစ်စေခဲ့သည်။ ရွေးကောက်ပွဲစနစ်တရပ်ကို ရွေးချယ်ခြင်းကိုယ်တိုင်က ဥပဒေပြုလွှတ်တော်တွင် တိုင်းရင်းသားအုပ်စုများအကြား နက်ရှိုင်းသောကွဲပြားမှုများဖြစ်စေပြီး မူလပြဿနာကို ပိုမိုဆိုးဝါးစေသည်။ ကမ္ဘောဒီးယားတွင် လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲတရပ်ကို နည်းစနစ်ပိုင်းအရ အမှားကင်းစွာဖြင့် အဓိကပါတီကြီးနှစ်ရပ်ကို ရွေးကောက်ပေးနိုင်ခဲ့သည်။ ယင်းနှစ်ပါတီမှာလည်း သူ့ထက်ငါ တစ်ဦးစီတွင် တိုင်းပြည်အာဏာကို တစ်ဦးတည်းချုပ်ကိုင်နိုင်ရန်မျှော်လင့်ထားကြသူများဖြစ်သည်။ ရွေးကောက်ပွဲနောက်ပိုင်း အချိုးမပြေသော အာဏာခွဲဝေမှုဆိုင်ရာစီစဉ်ဆောင်ရွက်မှုတရပ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေမူတခုမှမပါရှိပဲ အလျှင်စလိုအာဏာယှဉ်အုပ်ချုပ်ရန် ဇွတ်ဖန်တီးပေးခြင်းကြောင့်

နှစ်အနည်းငယ်အတွင်းပြိုပျက်ခဲ့သည်။

နောက်ကြောင်းပြန်အနှလုံပဋိလုံသုံးသပ်ချက်မှ ရသည့် သင်ခန်းစာမှာ၊ ဤပဋိပက္ခများတွင် ရွေးကောက်ပွဲ၏ဦးတည်ချက်ကား အဘယ်နည်း၊ ယင်းမှနိုင်ငံရေးဝန်းကျင်အပေါ် မည်သို့ရိုက်ခတ်လာနိုင်သနည်း၊ အရေးကြီးဆုံးတရပ်အနေဖြင့် ရေရှည်ခံမည့်ရလာဒ်များရရှိရန် မည်သို့ဒီဇိုင်းပုံဖေါ်သင့်သနည်း စသည့် မေးခွန်းများကို ကြိုကြိုတင်တင်စဉ်းစားခဲ့ပြီးမှ ပြုလုပ်ခဲ့သင့်ပေသည်။ ဥပမာအားဖြင့် အန်ဂိုလာနိုင်ငံ ကိစ္စတွင် ပါလီမန်တရပ်သို့ အာဏာကိုပြန့်နှံ့စိမ့်ဝင်စေခြင်း၊ ဘောစနီးယားနိုင်ငံရွေးကောက်ပွဲကို တိုင်းရင်းသားအချင်းချင်းများအကြား ညှိနှိုင်းပြေလည်စေမှုအား အားပေးသည့် ပုံစံဖြစ်စေခြင်း၊ ကမ္ဘောဒီးယားတွင်မူ ဖွဲ့စည်းပုံအခြေခံဥပဒေအရလုပ်ပိုင်ခွင့်ပေးထားသည့် အာဏာခွဲဝေမှုစီစဉ်ဆောင်ရွက်မှုဖြစ်စေခြင်း စသည့်ဖန်တီးမှုများကို အစကတည်းက စဉ်းစားဖန်တီးခဲ့ရန် သင့်ပေသည်။ ထို့အတူ အခြားပဋိပက္ခများ၌ နိုင်ငံတော်အာဏာကို ပြည်နယ်အဆင့်ဆီသို့ခွဲဝေပေးခြင်း၊ သို့မဟုတ် ဒေသအဆင့်များသို့ခွဲဝေပေးခြင်း၊ ဒေသအချို့ကိုကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင်းအပ်ခြင်း၊ အုပ်စုတစ်ခုခု သို့မဟုတ် ဌာနေဆိုင်ရာ အခွင့်အရေးကိုအထူးအသိအမှတ်ပြုခြင်း၊ လျော်ကြေးနှင့်ပြန်လည်သင့်မြတ်ရေးဆိုင်ရာ ကော်မရှင်များ၊ လိင်အဆင့်အတန်းတူညီမှုကော်မရှင်၊ ငြိမ်းချမ်းရေးကော်မတီများနှင့် အခြားသောပြုလုပ်မှုအများအပြားတို့ကို တည်ရှိနေသောပြဿနာများ အရှိန်မြင့်တက်ခြင်းကို ရပ်တန့်စေရန်နှင့် နက်ရှိုင်းစွာအမြစ်တွယ်နေသည့် ပဋိပက္ခများအား စီမံခန့်ခွဲရန် အသုံးပြုနိုင်ပါသည်။

ဤသို့သောစီစဉ်ဆောင်ရွက်မှုများနှင့်အခြားအများအပြားသောပုံစံတို့က ညွှန်ပြနေသည်မှာ ဒီမိုကရေစီတည်ဆောက်ရာတွင် အောင်မြင်မှု နှင့် ရှုံးနိမ့်မှု တို့အကြား ကွာဟမှုမှာ ပါးပါးလေးရှိကြောင်းပင် ဖြစ်သည်။ (ဖြစ်လွယ်သည်၊ ပျက်လွယ်သည်) အခြေခံအကြောင်းရင်းများ ဖြစ်ပျက်မှုကို ဖန်တီးပေးသော မက်လုံးများနှင့် အကန့်အသန့်များကို ကောင်းစွာ ပုံစံဖေါ်ဆောင်ထားသော အဆောက်အဦးယန္တရားများသည် ကောင်းစွာပြီးမြောက်မှုများစွာကို ဖြစ်ပေါ်စေပါသည်။ ထိုသို့ဖြင့် အကျိုးစီးပွားများအားလုံးကို ခြုံငုံဆွေးနွေးမည့် ငြိမ်းချမ်းရေးစကားပြောဆိုမှုများ (သို့မဟုတ်) ဘန်းစကားတခုအရ "အမိုးအကာတခုထဲအောက်သို့" "inside the tent" (ထည့်နိုင်သော) ဆွေးနွေးမှုမျိုးက ပိုမိုအောင်မြင်နိုင်ပါသည်။ အပြန်အလှန်အားဖြင့် ဒီမိုကရေစီမြှင့်တင်ပေးခြင်းတွင်လည်း အနောက်နိုင်ငံများ၌ အလုပ်ဖြစ်သော နည်းစနစ်ယန္တရားများမှာ၊ ကွဲပြားမှုရှိနေသော လူ့အသိုင်းအဝိုင်းများတွင်မူ အလုပ်မဖြစ်ပဲ ပြဿနာများကို ပိုမိုဖြစ်စေသည်။ ဤသို့အားဖြင့်၊ ကွဲပြားခြားနားသောအသိုင်းအဝိုင်းများတွင် ကွဲပြားခြားနားမှုရှိသည့်ဒီမိုကရေစီယန္တရားများမည်သို့မည်ပုံ အကျိုးဖြစ်မည်ဟူသည့် လေ့လာချက်သည့် နောင်လာမည့်ဆယ်စုနှစ်အတွင်း ဒီမိုကရေစီမြှင့်တင်ရေးအတွက် အရေးပါလာမည်ဖြစ်သည်။

ထို့နည်းတူပင် နိုင်ငံတကာတို့၏အသိုင်းအဝိုင်း၏ ဒီမိုကရေစီတည်ဆောက်ခြင်းတွင် ရေတိုပွဲမျိုးထက် ရေရှည်ဖြစ်စဉ်တခုကဲ့သို့ စိတ်ရှည်လက်ရှည် ထောက်ပံ့မှုများ ပြုလုပ်သွားရန်အရေးကြီးပေသည်။ ဒီမိုကရေစီစံနစ်ကျစ်လစ်ခိုင်မာရေးအတွက် အဓိကသော့ချက်မှာအချိန်ပင်ဖြစ်သည်။ ထို့အတူဆက်တိုက်ဖြစ်ပေါ်လာမည့် အချိန်ကာလအလိုက် ကျင်းပပေးသော ပွဲများ၊ ဥပမာရွေးကောက်ပွဲများသည်၊ အဖန်တလဲလဲဆောင်ရွက်ပါက ရေရှည်တွင် ဒီမိုကရေစီကျင့်စဉ်တခုကဲ့သို့ ဖြစ်လာမည်ဖြစ်သည်။ ဒီမိုကရေစီကို အဖန်များစွာမကျင့်ကြံဘဲ ကျစ်လစ်ခိုင်မာအောင်ပြုလုပ်ရန်မှာ မဖြစ်နိုင်သလောက်ပင်ဖြစ်သည်။ မည်သို့ဆိုစေ ဤအကြောင်းအရာကို ပြည်တွင်းဒီမိုကရေစီတည်ဆောက်သူများနှင့် နိုင်ငံတကာအသိုင်းအဝိုင်းများက သတိမမူမိပဲရှိကြသေးသည်။

**နီဝုံး**

သို့သော် ယန္တရားမဏ္ဍိုင်ဆိုင်ရာပိသုကာပုံထုပ်ခြင်း(institutional engineering) နှင့် နိုင်ငံတကာအထောက်အပံ့ကိစ္စများထက် ပို၍အရေးကြီးသည်မှာ ဒေသခံဌာနေပြည်သူများ၏ ဒီမိုကရေစီအပေါ်ထောက်ခံမှုပင်ဖြစ်သည်။ ဒီမိုကရေစီဟူသည် အစိုးရတရပ် ဆိုသောအချက်သည် ပြည်တွင်းအချုပ်အခြာနှင့် ပြည်တွင်းတရားစီရင်ပိုင်ခွင့် ဟူသောအချက်နှင့် အနက်တူသံခွဲကျောင်းကွဲကိစ္စသာဖြစ်သည်။ ယင်းအချက်ကြောင့်ပင် ဒီမိုကရေစီဟူသည် နိုင်ငံတကာ သို့မဟုတ် ဒေသဆိုင်ရာအုပ်စုဖွဲ့မှုမျိုးနှင့် မသက်ဆိုင်သေးပဲ၊ နိုင်ငံများနှင့်ယင်း၏လက်အောက်ခံနယ်ပယ်များအတွင်း၌သာ ကျင့်သုံးသည့် အစိုးရပုံစံတရပ် အဖြစ်သာ တည်နေဆဲဖြစ်သည်။ ဤသည်မှာ ဒီမိုကရေစီလုပ်ငန်းကို သက်ဝင်လှုပ်ရှားလာအောင် ပြုနိုင်စွမ်းသည် ဒေသခံပြည်သူများ၌ တည်နေကြောင်းကို ဖွင့်ဆိုလျှက်ရှိသည်။

ဒေသခံကြိုးပမ်းသူများအကြား မည်သည့်အုပ်စုကမျှ နိုင်ငံရေးခေါင်းဆောင်များထက် ပို၍အရေးမပါပါ။ ဒီမိုကရေစီစနစ်ဆီသို့ ကူးပြောင်းသွားသော အောင်မြင်မှုရှိသည့် ကြားဖြတ်ကာလအားလုံးနီးပါးကို ဤလမ်းညွှန်ထဲတွင် ဆွေးနွေးခဲ့ပြီးဖြစ်ရာ ယင်းအောင်မြင်မှုတိုင်းလိုလိုတွင် အရှည်တွေးခေါ်ရှုမြင်တတ်သော၊ သတ္တိရှိသော၊ တီထွင်ဖန်တီးနိုင်မှုရှိသော နိုင်ငံရေးခေါင်းဆောင်မှုအပေါ်တွင် မှီတည်လျှက်ရှိပါသည်။ စွန့်လွှတ်စွန့်စားနိုင်သူ၊ မိမိနိုင်ငံရေးပြိုင်ဖက်များနှင့် အပေးအယူလုပ်နိုင်သူ၊ ညှိနှိုင်းသဘောတူနိုင်သူ၊ ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ရန် အခြားသူများက ကြောက်ရွံ့နေချိန် သို့မဟုတ် ဆန္ဒမရှိချိန်တွင် ရှေ့သို့တက်လှမ်းနိုင်သူ၊ ခေါင်းဆောင်များသည် တာရှည်တည်တံ့မည့် ဒီမိုကရေစီတရပ်ကိုတည်ဆောက်ရာတွင် မရှိမဖြစ်လိုအပ်ချက် ဖြစ်သည်။ သို့သော် ခေါင်းဆောင်များသက်သက်ဖြင့် အလုပ်များကိုသာ လုပ်နိုင်ပါလိမ့်မည်။ ငြိမ်းချမ်းရေးနှင့်ဒီမိုကရေစီအား အခြေခံကျသောထောက်ခံမှုကို အများပြည်သူတို့အကြား မရရှိခဲ့လျှင် မည်သည့်တောက်ပြောင်သည့် ခေါင်းဆောင်မှုမဆို အောင်မြင်နိုင်မည် မဟုတ်ပါ။ ကံကောင်းစွာပင်၊ ကမ္ဘာတစ်ဝှမ်း နက်ရှိုင်းစွာအမြစ်တွယ်လျှက်ရှိသည့် ပဋိပက္ခများအား စစ်ဆေးကြည့်ရှုရာတွင် ကိစ္စရပ်အများစု၌ သာမန်ပြည်သူအမျိုးသားအမျိုးသမီးတို့သည် ဒီမိုကရေစီစံနစ်အပေါ် ခိုင်မာစွာရပ်တည်မှုရှိခဲ့ကြသည်ကို ညွှန်ပြထားသည်။ ပြည်သူတို့သည် ဒီမိုကရေစီပျက်ပြားသည့်အခါတွင်လည်း အရှုံးဆုံးရှုံးသူများဖြစ်ကြပြန်သည်။ ဤသို့လျှင်၊ ရေရှည်တည်တံ့သည့်ငြိမ်းချမ်းရေးတည်ဆောက်ရန်အလို့ငှာ ဒီမိုကရေစီတန်ဘိုးအခြေခံများအပေါ် အများပြည်သူကိုယ်တိုင်က တိုင်းပြည်ကံကြမ္မာနှင့် နိုင်ငံရေးခေါင်းဆောင်ရွေးချယ်မှုအပေါ် အဆုံးစွန်ဆုံးစီရင်ပိုင်သူများဖြစ်လာစေရန် အခြေခံကျကျကကြိုးတန်ဆာဆင်ပေးရန် လိုအပ်ပေသည်။